# အဘိဓမ္မပိဋက

# ပိဘာဂ်ပါဠိတော်

## မြန်မာပြန်

------

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၆ - ပဋ္ဌိစ္စသမုပ္ပါဒဝိဘင်္ဂ

## (ရုပ်နာမ်တရားတို့ကို ပဋိစ္စသမုပ္ပါဒ်နည်းဖြင့် ဝေဖန်ဟောကြားသော ပဋိစ္စသမုပ္ပါဒ်ဝိဘင်း)

၁ - သုတ္တန္တဘာဇနီယ

(သုတ္တန်နည်းဖြင့် ဝေဖန်ဟောကြားသော သုတ္တန္တဘာဇနီယနည်း)

**ပဋိစ္စသမုပ္ပါဒ် အင်္ဂါ (၁၂) ပါး**

ပဋိစ္စသမုပါဒ် အင်္ဂါ ၁၂-ပါး အကျယ်ပြခြင်း

| | | |
|---|---|---|
| (၁) အဝိဇ္ဇာ | (၇) ဝေဒနာ | (၁၁) ဇာတိ |
| (၂) သင်္ခါရ | (၈) တဏှာ | (၁၂) ဇရာမရဏ |
| (၃) ဝိညာဏ် | (၉) ဥပါဒါန် | ဇရာ |
| (၄) နာမ်ရုပ် | (၁၀) ဘဝ | မရဏ |
| (၅) သဠာယတန | ကမ္မဘဝ | |
| (၆) ဖဿ | ဥပပတ္တိဘဝ | |

ဇာတိအကျိုးဆက်တရား ငါးပါး

| | | |
|---|---|---|
| သောက | ဒုက္ခ | ဥပါယာသ |
| ပရိဒေဝ | ဒေါမနဿ | |

# ၆ - ပဋ္ဌာနသမုပ္ပါဒဝိဘင်္ဂ

၂ - အဘိဓမ္မာဘာဇနီယ

(အဘိဓမ္မာနည်းဖြင့်ဝေဖန်ဟောကြားသော 'အဘိဓမ္မာဘာဇနီယ'နည်း)

၁ - အကုသိုလ်တရားတို့၌ ပဋိစ္စသမုပ္ပါဒ်လှည့်နည်းအကျဉ်း

၁ - အဝိဇ္ဇာကို အဦးထားသော အဝိဇ္ဇာမူလကနယအကျဉ်း

၁ - ပစ္စယသဒ္ဒါနှင့် ဟောသော ဝါရလေးမျိုးအကျဉ်း

(၁) မပြည့်မစုံ အင်္ဂါ ၁၂-ပါးရှိသောဝါရ

(၂) မပြည့်မစုံ အင်္ဂါ ၁၁-ပါးရှိသောဝါရ

(၃) အပြည့်အစုံ အင်္ဂါ ၁၂-ပါးရှိသောဝါရ

(၄) လုံးဝပြည့်စုံ အင်္ဂါ ၁၂-ပါးရှိသောဝါရ

၂ - ဟေတုသဒ္ဒါနှင့် ဟောသော ဝါရလေးမျိုးအကျဉ်း

(၁) မပြည့်မစုံ အင်္ဂါ ၁၂-ပါးရှိသောဝါရ

(၂) မပြည့်မစုံ အင်္ဂါ ၁၁-ပါးရှိသောဝါရ

(၃) အပြည့်အစုံ အင်္ဂါ ၁၂-ပါးရှိသောဝါရ

(၄) လုံးဝပြည့်စုံသည့် အင်္ဂါ ၁၂-ပါးရှိသောဝါရ

၃ - သမ္ပယုတ္တသဒ္ဒါနှင့်ဟောသော ဝါရလေးမျိုးအကျဉ်း

(၁) မပြည့်မစုံ အင်္ဂါ ၁၂-ပါးရှိသောဝါရ

(၂) မပြည့်မစုံ အင်္ဂါ ၁၁-ပါးရှိသောဝါရ

(၃) အပြည့်အစုံ အင်္ဂါ ၁၂-ပါးရှိသောဝါရ

(၄) လုံးဝပြည့်စုံသည့် အင်္ဂါ ၁၂-ပါးရှိသောဝါရ

၄ - အညမည (အချင်းချင်းအပြန်အလှန်ကြောင်းကျိုးဖြစ်ပုံ) ဟောသောဝါရ လေးမျိုးအကျဉ်း

(၁) မပြည့်မစုံ အင်္ဂါ ၁၂-ပါးရှိသောဝါရ

(၂) မပြည့်မစုံ အင်္ဂါ ၁၁-ပါးရှိသောဝါရ

(၃) အပြည့်အစုံ အင်္ဂါ ၁၂-ပါးရှိသောဝါရ

(၄) လုံးဝပြည့်စုံသည့် အင်္ဂါ ၁၂-ပါးရှိသောဝါရ

# ၆ - ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ

၂ - သင်္ခါရကို အဦးထားသော 'သင်္ခါရမူလကနယ' အကျဉ်း
၃ - ဝိညာဏ်ကို အဦးထားသော 'ဝိညာဏမူလကနယ' အကျဉ်း
၄ - နာမ်ကို အဦးထားသော 'နာမမူလကနယ' အကျဉ်း
၅ - ဆဋ္ဌာယတနကို အဦးထားသော 'ဆဋ္ဌာယတနမူလကနယ' အကျဉ်း
၆ - ဖဿကို အဦးထားသော 'ဖဿမူလကနယ' အကျဉ်း
၇ - ဝေဒနာကို အဦးထားသော 'ဝေဒနာမူလကနယ' အကျဉ်း
၈ - တဏှာကို အဦးထားသော 'တဏှာမူလကနယ' အကျဉ်း
၉ - ဥပါဒါန်ကို အဦးထားသော 'ဥပါဒါနမူလကနယ' အကျဉ်း
အကုသိုလ်စိတ္တက္ခဏတစ်ခု၌ ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂-ပါးဖြစ်ပုံ အကျဉ်း
၁ - အဝိဇ္ဇာကိုအဦးထားသော (အဝိဇ္ဇာမူလကနယ) အကျယ်
၅ - ပစ္စယသဒ္ဒါဖြင့်ဟောသော (ဝါရလေးမျိုး) အကျယ်
၂ - အကုသိုလ်တရားတို့၌ ပဋိစ္စသမုပ္ပါဒ်လှည့်နည်းအကျယ်
လောဘမူ သောမနဿ ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ်၌ ပဋိစ္စသမုပ္ပါဒ်လှည့်နည်း
(၁) မပြည့်မစုံ အင်္ဂါ ၁၂-ပါးရှိသောဝါရ
မပြည့်မစုံ အင်္ဂါ ၁၂-ပါးရှိသောဝါရ အကျယ်
(၁) အဝိဇ္ဇာ (၇) ဝေဒနာ
(၂) သင်္ခါရ (၈) တဏှာ
(၃) ဝိညာဏ် (၉) ဥပါဒါန်
(၄) နာမ် (၁၀) ဘဝ
(၅) မနာယတန (၁၁) ဇာတိ
(၆) ဖဿ (၁၂) ဇရာမရဏ
(၂) မပြည့်မစုံ အင်္ဂါ ၁၁-ပါးရှိသောဝါရ
(၂) မပြည့်မစုံ အင်္ဂါ ၁၁-ပါးရှိသောဝါရ အကျယ်
(၁) အဝိဇ္ဇာ
(၂) သင်္ခါရ
(၃) ဝိညာဏ်
(၄) နာမ်
(၅) ဖဿ

## ၆ - ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ

(၃) အပြည့်အစုံ အင်္ဂါ ၁၂-ပါးရှိသောဝါရ

(၃) အပြည့်အစုံ အင်္ဂါ ၁၂-ပါးရှိသောဝါရ အကျယ်

(၁) အဝိဇ္ဇာ

(၂) သင်္ခါရ

(၃) ဝိညာဏ်

(၄) နာမ်ရုပ်

(၅) မနာယတန

(၆) ဖဿ

(၄) လုံးဝပြည့်စုံသည့် အင်္ဂါ ၁၂-ပါးရှိသောဝါရ

(၄) လုံးဝပြည့်စုံသည့် အင်္ဂါ ၁၂-ပါးရှိသောဝါရ အကျယ်

(၁) အဝိဇ္ဇာ

(၂) သင်္ခါရ

(၃) ဝိညာဏ်

(၄) နာမ်ရုပ်

(၅) သဠာယတန

(၆) ဖဿ

၆ - ဟေတုသဒ္ဒါဖြင့် ဟောသော ဝါရလေးမျိုး အကျယ်

(၁) မပြည့်မစုံ အင်္ဂါ ၁၂-ပါးရှိသောဝါရ

(၁) မပြည့်မစုံ အင်္ဂါ ၁၂-ပါးရှိသောဝါရ အကျယ်

(၁) အဝိဇ္ဇာ

(၂) သင်္ခါရ

(၃) ဝိညာဏ်

(၄) နာမ်

(၅) မနာယတန

(၆) ဖဿ

(၇) ဝေဒနာ

(၈) တဏှာ

(၉) ဥပါဒါန်

(၂) မပြည့်မစုံ အင်္ဂါ ၁၁-ပါးရှိသောဝါရ

(၂) မပြည့်မစုံ အင်္ဂါ ၁၁-ပါးရှိသောဝါရ အကျယ်

(၁) အဝိဇ္ဇာ

(၂) သင်္ခါရ

(၃) ဝိညာဏ်

(၄) နာမ်

(၅) ဖဿ

## ၆ - ပဋိစ္စသမုပ္ပါဒဝိဘင်

(၃) အပြည့်အစုံ အင်္ဂါ ၁၂-ပါးရှိသောဝါရ

(၃) အပြည့်အစုံ အင်္ဂါ ၁၂-ပါးရှိသောဝါရ အကျယ်

(၁) အဝိဇ္ဇာ

(၂) သင်္ခါရ

(၃) ဝိညာဏ်

(၄) နာမ်ရုပ်

(၅) မနာယတန

(၆) ဖဿ

(၄) လုံးဝပြည့်စုံသည့် အင်္ဂါ ၁၂-ပါးရှိသောဝါရ

(၄) လုံးဝပြည့်စုံသည့် အင်္ဂါ ၁၂-ပါးရှိသောဝါရ အကျယ်

(၁) အဝိဇ္ဇာ

(၂) သင်္ခါရ

(၃) ဝိညာဏ်

(၄) နာမ်ရုပ်

(၅) သဠာယတန

(၆) ဖဿ

(၇) ဝေဒနာ

(၈) တဏှာ

(၉) ဥပါဒါန်

၇ - သမ္ပယုတ္တသဒ္ဒါဖြင့် ဟောသော ဝါရလေးမျိုး အကျယ်

(၁) မပြည့်မစုံ အင်္ဂါ ၁၂-ပါးရှိသောဝါရ

(၁) မပြည့်မစုံ အင်္ဂါ ၁၂-ပါးရှိသောဝါရ အကျယ်

(၁) အဝိဇ္ဇာ

(၂) သင်္ခါရ

(၃) ဝိညာဏ်

(၄) နာမ်

(၅) မနာယတန

(၆) ဖဿ

(၇) ဝေဒနာ

(၈) တဏှာ

(၉) ဥပါဒါန်

(၂) မပြည့်မစုံ အင်္ဂါ ၁၁-ပါးရှိသောဝါရ

(၂) မပြည့်မစုံ အင်္ဂါ ၁၁-ပါးရှိသောဝါရ အကျယ်

(၁) အဝိဇ္ဇာ

(၂) သင်္ခါရ

(၃) ဝိညာဏ်

(၄) နာမ်

(၅) ဖဿ

# ၆ - ပဋိစ္စသမုပ္ပါဒဝိဘင်

(၃) အပြည့်အစုံ အင်္ဂါ ၁၂-ပါးရှိသောဝါရ

(၃) အပြည့်အစုံ အင်္ဂါ ၁၂-ပါးရှိသောဝါရ အကျယ်

- (၁) အဝိဇ္ဇာ
- (၂) သင်္ခါရ
- (၃) ဝိညာဏ်
- (၄) နာမ်ရုပ်
- (၅) မနာယတန
- (၆) ဖဿ

(၄) လုံးဝအပြည့်အစုံ အင်္ဂါ ၁၂-ပါးရှိသောဝါရ

(၄) လုံးဝအပြည့်အစုံ အင်္ဂါ ၁၂-ပါးရှိသောဝါရ အကျယ်

- (၁) အဝိဇ္ဇာ
- (၂) သင်္ခါရ
- (၃) ဝိညာဏ်
- (၄) နာမ်ရုပ်
- (၅) သဠာယတန
- (၆) ဖဿ

၈ - အညမည (အချင်းချင်းကြောင်းကျိုးဖြစ်ပုံ) ဟောသော ဝါရလေးမျိုး အကျယ်

(၁) မပြည့်မစုံ အင်္ဂါ ၁၂-ပါးရှိသောဝါရ

(၁) မပြည့်မစုံ အင်္ဂါ ၁၂-ပါးရှိသောဝါရ အကျယ်

- (၁) အဝိဇ္ဇာ
- (၂) သင်္ခါရ
- (၃) ဝိညာဏ်
- (၄) နာမ်
- (၅) ဆဠာယတန
- (၆) ဖဿ
- (၇) ဝေဒနာ
- (၈) တဏှာ
- (၉) ဥပါဒါန်
- (၁၀) ဘဝ
- (၁၁) ဇာတိ
- (၁၂) ဇရာမရဏ

(၂) မပြည့်မစုံ အင်္ဂါ ၁၁-ပါးရှိသောဝါရ

(၂) မပြည့်မစုံ အင်္ဂါ ၁၁-ပါးရှိသောဝါရ အကျယ်

- (၁) အဝိဇ္ဇာ
- (၂) သင်္ခါရ
- (၃) ဝိညာဏ်
- (၄) နာမ်
- (၅) ဖဿ

# ၆ - ပဋိစ္စသမုပ္ပါဒဝိဘင်

(၃) အပြည့်အစုံ အင်္ဂါ ၁၂-ပါးရှိသောဝါရ

(၃) အပြည့်အစုံ အင်္ဂါ ၁၂-ပါးရှိသောဝါရ အကျယ်

(၁) အဝိဇ္ဇာ　　　(၄) နာမ်ရုပ်

(၂) သင်္ခါရ　　　(၅) ဆဠာယတန

(၃) ဝိညာဏ်　　　(၆) ဖဿ

(၄) လုံး၀ အပြည့်အစုံ အင်္ဂါ ၁၂-ပါးရှိသောဝါရ

(၄) လုံး၀အပြည့်အစုံ အင်္ဂါ ၁၂-ပါးရှိသောဝါရ အကျယ်

(၁) အဝိဇ္ဇာ　　　(၅) သဠာယတန

(၂) သင်္ခါရ　　　(၆) ဖဿ

(၃) ဝိညာဏ်　　　(၇) ဝေဒနာ

(၄) နာမ်ရုပ်

၉ - အကုသိုလ်စိတ် ပဋိစ္စသမုပ္ပါဒ်လှည့်နည်းအကျယ်

လောဘမူ သောမနဿ ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိကစိတ်၌ ပဋိစ္စသမုပ္ပါဒ်လှည့်နည်းအကျယ်

သောမနဿ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၂-ခု၌ ပဋိစ္စသမုပ္ပါဒ်လှည့်နည်း အကျဉ်း

အင်္ဂါ ၁၂-ပါး အကျယ်

(၁) အဝိဇ္ဇာ　　　(၉) အဓိမောက

(၂) သင်္ခါရ　　　(၁၀) ဘဝ

လောဘမူ ဥပေက္ခာ ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ်၌ ပဋိစ္စသမုပ္ပါဒ်လှည့်နည်း

အင်္ဂါ ၁၂-ပါး အကျယ်

(၁) အဝိဇ္ဇာ

(၇) ဝေဒနာ

လောဘမူ ဥပေက္ခာ ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိကစိတ်၌ ပဋိစ္စသမုပ္ပါဒ်လှည့်နည်း

လောဘမူ ဥပေက္ခာ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၂-ခု၌ ပဋိစ္စသမုပ္ပါဒ်လှည့်နည်း

အင်္ဂါ ၁၂-ပါး အကျယ်

(၁) အဝိဇ္ဇာ

## ၆ - ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ

ဒေါသမူစိတ် ၂-ခု၌ ပဋိစ္စသမုပ္ပါဒ်လှည့်နည်း

အင်္ဂါ ၁၂-ပါး အကျယ်

(၁) အဝိဇ္ဇာ

(၇) ဝေဒနာ

(၈) ဒေါသ

(၉) အဓိမောက္ခ

(၁၀) ဘဝ

မောဟမူစိတ် ၂-ခုတွင် ဝိစိကိစ္ဆာစိတ်၌ ပဋိစ္စသမုပ္ပါဒ်လှည့်နည်း

အင်္ဂါ ၁၁-ပါး အကျယ်

(၁) အဝိဇ္ဇာ (၈) ဝိစိကိစ္ဆာ

(၇) ဝေဒနာ (၉) ဘဝ

ဥဒ္ဓစ္စသမ္ပယုတ်စိတ်၌ ပဋိစ္စသမုပ္ပါဒ်လှည့်နည်း

အင်္ဂါ ၁၂-ပါး အကျယ်

(၁) အဝိဇ္ဇာ

(၇) ဝေဒနာ

(၈) ဥဒ္ဓစ္စ

(၉) အဓိမောက္ခ

(၁၀) ဘဝ

၁၀ - ကုသိုလ်တရားတို့၌ ပဋိစ္စသမုပ္ပါဒ်လှည့်နည်း

ကာမာဝစရကုသိုလ်စိတ်၌ ပဋိစ္စသမုပ္ပါဒ်လှည့်နည်း

# ၆ - ပဋိစ္စသမုပ္ပါဒဝိဘင်

၁ - သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်၌ ပဋိစ္စသမုပ္ပါဒ်လှည့်နည်း

၁ - ပစ္စယစတုက္ကနည်း

အင်္ဂါ ၁၂-ပါး အကျယ်

(၁) ကုသလမူလ

အလောဘ

အဒေါသ

အမောဟ

(၂) သင်္ခါရ

(၃) ဝိညာဏ်

(၄) နာမ်

(၅) မနာယတန

(၆) ဖဿ

(၇) ဝေဒနာ

(၈) သဒ္ဓါ

(၉) အဓိမောက္ခ

(၁၀) ဘဝ

၂ - သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိကစိတ်၌ ပဋိစ္စသမုပ္ပါဒ်လှည့်နည်း

၁ - ပစ္စယစတုက္ကနည်း

သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ်စိတ် ၂-ခု၌ ပဋိစ္စသမုပ္ပါဒ်လှည့်နည်း

၁ - ပစ္စယစတုက္ကနည်း

အင်္ဂါ ၁၂-ပါး အကျယ်

(၁) ကုသိုလ်မူလ

(၂) သင်္ခါရ

(၇) ဝေဒနာ

ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ်စိတ် ၂-ခု၌ ပဋိစ္စသမုပ္ပါဒ်လှည့်နည်း

၁ - ပစ္စယစတုက္ကနည်း

အင်္ဂါ ၁၂-ပါး အကျယ်

(၁) ကုသိုလ်မူလ

(၂) သင်္ခါရ

(၇) ဝေဒနာ

# ၆ - ပဋ္ဌိစ္စသမုပ္ပါဒဝိဘင်္ဂ

ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ်စိတ် ၂-ခု၌ ပဋ္ဌိစ္စသမုပ္ပါဒ်လှည့်နည်း

၁ - ပစ္စယစတုက္ကနည်း

အင်္ဂါ ၁၂-ပါး အကျယ်

(၁) ကုသိုလ်မူလ

(၂) သင်္ခါရ

ရူပါဝစရကုသိုလ်စိတ်၌ ပဋ္ဌိစ္စသမုပ္ပါဒ်လှည့်နည်း

၁ - ပစ္စယစတုက္ကနည်း

အင်္ဂါ ၁၂-ပါး အကျယ်

(၁) ကုသလမူလ

(၂) သင်္ခါရ

အရူပါဝစရကုသိုလ်စိတ်၌ ပဋ္ဌိစ္စသမုပ္ပါဒ်လှည့်နည်း

၁ - ပစ္စယစတုတ္ထနည်း

အင်္ဂါ ၁၂-ပါး အကျယ်

(၁) ကုသလမူလ

(၂) သင်္ခါရ

(၇) ဝေဒနာ

လောကုတ္တရာကုသိုလ်စိတ်၌ ပဋ္ဌိစ္စသမုပ္ပါဒ်လှည့်နည်း

၁ - ပစ္စယစတုက္ကနည်း

အင်္ဂါ ၁၂-ပါး အကျယ်

(၁) ကုသလမူလ

(၂) သင်္ခါရ

(၇) ဝေဒနာ

(၈) သဒ္ဓါ

(၉) အဓိမောက္ခ

(၁၀) ဘဝ

# ၆ - ပဋ္ဌိစ္စသမုပ္ပါဒဝိဘင်္ဂ

၁၁ - အဗျာကတတရားတို့၌ ပဋိစ္စသမုပ္ပါဒ်လှည့်နည်း

အဟိတ်ကာမာဝစရကုသလဝိပါက် စက္ခုဝိညာဏ်စိတ်၌ ပဋိစ္စသမုပ္ပါဒ် လှည့်နည်း

၁ - ပစ္စယစတုက္ကနည်း

အင်္ဂါ ၉-ပါး အကျယ်

(၁) သင်္ခါရ (၅) ဖဿ

(၂) ဝိညာဏ် (၆) ဝေဒနာ

(၃) နာမ် (၇) ဘဝ

(၄) ဆဋ္ဌာယတန

၂ - ဟေတုစတုက္ကနည်း

၃ - သမ္ပယုတ္တစတုက္ကနည်း

၄ - အညမညစတုက္ကနည်း

သောတဝိညာဏ် စသည်တို့၌ ပဋိစ္စသမုပ္ပါဒ်လှည့်နည်း

၁ - ပစ္စယစတုက္ကနည်း

အင်္ဂါ ၉-ပါး အကျယ်

(၁) သင်္ခါရ

(၆) ဝေဒနာ

(၇) ဘဝ

သမ္ပဋိစ္ဆိုန်းခေါ် မနောဓာတ်၌ ပဋိစ္စသမုပ္ပါဒ်လှည့်နည်း

၁ - ပစ္စယစတုက္ကနည်း

အင်္ဂါ ၁၀-ပါး အကျယ်

(၁) သင်္ခါရ

(၂) ဝိညာဏ်

(၆) ဝေဒနာ

(၇) အဓိမောက္ခ

(၈) ဘဝ

## ၆ - ပဋ္ဌိစ္စသမုပ္ပါဒဝိဘင်္ဂ

သောမနဿ သန္တီရဏစိတ်၌ ပဋိစ္စသမုပ္ပါဒ်လှည့်နည်း

၁ - ပစ္စယစတုက္ကနည်း

အင်္ဂါ ၁၀-ပါး အကျယ်

(၁) သင်္ခါရ

(၂) ဝိညာဏ်

(၆) ဝေဒနာ

(၇) အဓိမောက္ခ

(၈) ဘဝ

ဥပေက္ခာသန္တီရဏစိတ်၌ ပဋိစ္စသမုပ္ပါဒ်လှည့်နည်း

၁ - ပစ္စယစတုက္ကနည်း

အင်္ဂါ ၁၀-ပါး အကျယ်

(၁) သင်္ခါရ

(၂) ဝိညာဏ်

(၆) ဝေဒနာ

(၇) အဓိမောက္ခ

(၈) ဘဝ

မဟာဝိပါက်စိတ် ၈-ခုတို့၌ ပဋိစ္စသမုပ္ပါဒ်လှည့်နည်း

၁ - ပစ္စယစတုက္ကနည်း

အင်္ဂါ ၁၁-ပါး အကျယ်

(၁) သင်္ခါရ

(၂) ဝိညာဏ်

(၇) သဒ္ဓါ

(၈) အဓိမောက္ခ

(၉) ဘဝ

ရူပါဝစရဝိပါက်စိတ်၌ ပဋိစ္စသမုပ္ပါဒ်လှည့်နည်း

၁ - ပစ္စယစတုက္ကနည်း

အရူပါဝစရဝိပါက်စိတ်၌ ပဋိစ္စသမုပ္ပါဒ်လှည့်နည်း

၁ - ပစ္စယစတုက္ကနည်း

# ၆ - ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ

လောကုတ္တရာဝိပါက်စိတ်၌ ပဋိစ္စသမုပ္ပါဒ် လှည့်နည်း

၁ - ပစ္စယစတုက္ကနည်း

အကုသလဝိပါက်စိတ်ငါးခု၌ ပဋိစ္စသမုပ္ပါဒ် လှည့်နည်း

၁ - ပစ္စယစတုက္ကနည်း

အင်္ဂါ ၉-ပါး အကျယ်

| | |
|---|---|
| (၁) သင်္ခါရ | (၆) ဝေဒနာ |
| (၂) ဝိညာဏ် | (၇) ဘဝ |

အကုသလဝိပါက် သမ္ပဋိစ္ဆိုန်းစိတ်၌ ပဋိစ္စသမုပ္ပါဒ် လှည့်နည်း

၁ - ပစ္စယစတုက္ကနည်း

အင်္ဂါ ၁၀-ပါး အကျယ်

(၁) သင်္ခါရ

(၂) ဝိညာဏ်

(၆) ဝေဒနာ

(၇) အဓိမောက္ခ

(၈) ဘဝ

အကုသလဝိပါက် သန္တီရဏစိတ်၌ ပဋိစ္စသမုပ္ပါဒ် လှည့်နည်း

၁ - ပစ္စယစတုက္ကနည်း

အင်္ဂါ ၁၀-ပါး အကျယ်

(၁) သင်္ခါရ

(၂) ဝိညာဏ်

အဟိတ်ကြိယာပဉ္စဒွါရာဝဇ္ဇန်းစိတ်၌ ပဋိစ္စသမုပ္ပါဒ် လှည့်နည်း

၁ - ပစ္စယစတုက္ကနည်း

အဟိတ်ကြိယာဟသိတုပ္ပါဒ်စိတ်၌ ပဋိစ္စသမုပ္ပါဒ် လှည့်နည်း

၁ - ပစ္စယစတုက္ကနည်း

အဟိတ်ကြိယာမနောဒွါရာဝဇ္ဇာန်းစိတ်၌ ပဋိစ္စသမုပ္ပါဒ် လှည့်နည်း

၁ - ပစ္စယစတုက္ကနည်း

မဟာကြိယာစိတ် ၈-ခုတို့၌ ပဋိစ္စသမုပ္ပါဒ် လှည့်နည်း

၁ - ပစ္စယစတုက္ကနည်း

# ၆ - ပဋ္ဌိစ္စသမုပ္ပါဒဝိဘင်္ဂ


ရူပါဝစရကြိယာစိတ်ငါးခု၌ ပဋ္ဌိစ္စသမုပ္ပါဒ် လှည့်နည်း

၁ - ပစ္စယစတုက္ကနည်း

အရူပါဝစရစိတ်လေးခု၌ ပဋ္ဌိစ္စသမုပ္ပါဒ် လှည့်နည်း

၁ - ပစ္စယစတုက္ကနည်း

၁၂ - အဝိဇ္ဇာမူလက ကုသလနိဒ္ဒေသ

နည်းတစ်မျိုးဖြင့် ကုသိုလ်တရားတို့၌ ပဋ္ဌိစ္စသမုပ္ပါဒ် လှည့်နည်း

၁ - မဟာကုသိုလ် ပဌမစိတ်၌ ပဋ္ဌိစ္စသမုပ္ပါဒ် လှည့်နည်း

ပဌမပစ္စယဝါရ

အင်္ဂါ ၁၂-ပါး အကျယ်

(၁) သင်္ခါရ

(၆) ဝေဒနာ

(၇) သဒ္ဓါ

(၈) အဓိမောက္ခ

(၉) ဘဝ

ဒုတိယပစ္စယဝါရ

တတိယပစ္စယဝါရ

စတုတ္ထပစ္စယဝါရ

(၂-၈) မဟာကုသိုလ်ဒုတိယစိတ်စသည်တို့၌ ပဋ္ဌိစ္စသမုပ္ပါဒ် လှည့်နည်း

ရူပါဝစရကုသိုလ်စိတ်၌ ပဋ္ဌိစ္စသမုပ္ပါဒ် လှည့်နည်း

အရူပါဝစရကုသိုလ်စိတ်၌ ပဋ္ဌိစ္စသမုပ္ပါဒ် လှည့်နည်း

လောကုတ္တရာကုသိုလ်စိတ်၌ ပဋ္ဌိစ္စသမုပ္ပါဒ် လှည့်နည်း

## ၆ - ပဋ္ဌိစ္စသမုပ္ပါဒဝိဘင်္ဂ

(၁၃) ကုသလမူလကဝိပါကနိဒ္ဒေသ

ကုသလဝိပါက်စိတ်တို့၌ ပဋ္ဌိစ္စသမုပ္ပါဒ် လှည့်နည်း

အဟိတ်ကုသလဝိပါက် စက္ခုဝိညာဏ်စိတ်၌ ပဋ္ဌိစ္စသမုပ္ပါဒ် လှည့်နည်း

အင်္ဂါ ၁၀-ပါး အကျယ်

အဟိတ်ကုသလဝိပါက် သောတဝိညာဏ်စိတ် စသည်တို့၌ ပဋ္ဌိစ္စသမုပ္ပါဒ် လှည့်နည်း

မဟာဝိပါက်စိတ် ၈-ခုတို့၌ ပဋ္ဌိစ္စသမုပ္ပါဒ် လှည့်နည်း

ရူပါဝစရဝိပါက်စိတ်တို့၌ ပဋ္ဌိစ္စသမုပ္ပါဒ် လှည့်နည်း

အရူပါဝစရဝိပါက်စိတ်တို့၌ ပဋ္ဌိစ္စသမုပ္ပါဒ် လှည့်နည်း

လောကုတ္တရာဝိပါက်စိတ်တို့၌ ပဋ္ဌိစ္စသမုပ္ပါဒ် လှည့်နည်း

၁၄ - အကုသလမူလကဝိပါကနိဒ္ဒေသ

အကုသိုလ်ဝိပါက်စိတ်တို့၌ ပဋ္ဌိစ္စသမုပ္ပါဒ် လှည့်နည်း

စက္ခုဝိညာဏ်စိတ်၌ ပဋ္ဌိစ္စသမုပ္ပါဒ် လှည့်နည်း

အင်္ဂါ ၁၀-ပါး အကျယ်

သောတဝိညာဏ်စသည်တို့၌ ပဋ္ဌိစ္စသမုပ္ပါဒ် လှည့်နည်း

ဥပေက္ခာသန္တီရဏစိတ်တို့၌ ပဋ္ဌိစ္စသမုပ္ပါဒ် လှည့်နည်း

အင်္ဂါ ၁၁-ပါး အကျယ်

| | |
|---|---|
| (၁) သင်္ခါရ | (၆) ဝေဒနာ |
| (၂) ဝိညာဏ် | (၇) အဓိမောက္ခ |
| (၃) နာမ် | (၈) ဘဝ |
| (၄) မနာယတန | (၉) ဇာတိ |
| (၅) ဖဿ | (၁၀) ဇရာမရဏ |

**ရုပ်နာမ်တရားတို့ကို ပဋ္ဌိစ္စသမုပ္ပါဒ်နည်းဖြင့် ဝေဖန်ဟောကြားသော**

**ပဋ္ဌိစ္စသမုပ္ပါဒ်ဝိဘင်း မာတိကာ ပြီးပြီ။**

------

# အဘိဓမ္မပိဋက

# ဝိဘင်္ဂပါဠိတော်

## မြန်မာပြန်

------

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၆ - ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ

## (ရုပ်နာမ်တရားတို့ကို ပဋိစ္စသမုပ္ပါဒ်နည်းဖြင့် ဝေဖန်ဟောကြားသော ပဋိစ္စသမုပ္ပါဒ်ဝိဘင်း)

## ၁ - သုတ္တန္တဘာဇနီယ

## (သုတ္တန်နည်းဖြင့် ဝေဖန်ဟောကြားသော သုတ္တန္တဘာဇနီယနည်း)

### ပဋိစ္စသမုပ္ပါဒ်အင်္ဂါ (၁၂) ပါး

၂၂၅။ (၁) သစ္စာလေးပါးတို့ကို မသိခြင်း 'အဝိဇ္ဇာ'ဟူသော အကြောင်းကြောင့် ပြုပြင်စီရင်မှု 'သင်္ခါရ' တို့ ဖြစ်ကုန်၏။

(၂) ပြုပြင်စီရင်မှု 'သင်္ခါရ'ဟူသော အကြောင်းကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်'ဟူသော အကြောင်းကြောင့် 'နာမ်ရုပ်' သည် ဖြစ်၏။

(၄) 'နာမ်ရုပ်'ဟူသော အကြောင်းကြောင့် 'အာယတန' ခြောက်ပါးသည် ဖြစ်၏။

(၅) 'အာယတန' ခြောက်ပါးဟူသော အကြောင်းကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ'ဟူသော အကြောင်းကြောင့် ခံစားမှု 'ဝေဒနာ'သည် ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ'ဟူသော အကြောင်းကြောင့် တပ်မက်မှု 'တဏှာ'သည် ဖြစ်၏။

(၈) တပ်မက်မှု 'တဏှာ'ဟူသော အကြောင်းကြောင့် စွဲလမ်းမှု 'ဥပါဒါန်' သည် ဖြစ်၏။

(၉) စွဲလမ်းမှု 'ဥပါဒါန်'ဟူသော အကြောင်းကြောင့် 'ဘဝ'သည် ဖြစ်၏။

(၁၀) 'ဘဝ'ဟူသော အကြောင်းကြောင့် ပဋိသန္ဓေနေခြင်း 'ဇာတိ' သည် ဖြစ်၏။

(၁၁) ပဋိသန္ဓေနေခြင်း 'ဇာတိ'ဟူသော အကြောင်းကြောင့် အိုခြင်း 'ဇရာ', သေခြင်း 'မရဏ' သည်ဖြစ်၏။

(၁၂) အိုခြင်း 'ဇရာ', သေခြင်း 'မရဏ'ဟူသော အကြောင်းကြောင့် စိုးရိမ်ပူဆွေးခြင်း 'သောက'၊ ငိုကြွေးခြင်း 'ပရိဒေဝ'၊ ကိုယ်ဆင်းရဲခြင်း 'ဒုက္ခ'၊ စိတ်ဆင်းရဲခြင်း 'ဒေါမနဿ'၊ ပြင်းစွာပူလောင်ခြင်း 'ဥပါယာသ' တို့သည် ဖြစ်ကုန်၏။ ဤဆိုခဲ့ပြီးသောနည်းဖြင့်ချမ်းသာနှင့် မရောသော ဤဆင်းရဲမှု အစုအပုံ၏ ထင်ရှားဖြစ်ပေါ်ခြင်းသည် ဖြစ်၏။

------

# ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ

## ပဋိစ္စသမုပါဒ်အင်္ဂါ ၁၂-ပါး အကျယ်ပြခြင်း

### (၁) အဝိဇ္ဇာ

၂၂၆။ ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် သစ္စာလေးပါးကို မသိခြင်း 'အဝိဇ္ဇာ' မည် သနည်း။

(က) ဆင်းရဲမှု အမှန်တရား (ဒုက္ခသစ္စာ)၌ မသိခြင်း၊

(ခ) ဆင်းရဲမှု ဖြစ်ကြောင်း အမှန်တရား (သမုဒယသစ္စာ)၌ မသိခြင်း၊

(ဂ) ဆင်းရဲမှု ချုပ်ရာ အမှန်တရား (နိရောဓသစ္စာ)၌ မသိခြင်း၊

(ဃ) ဆင်းရဲမှု ချုပ်ရာသို့ရောက်ကြောင်း အမှန်တရား (မဂ္ဂသစ္စာ)၌ မသိခြင်း၊

ဤသဘောကို သစ္စာလေးပါးကို မသိခြင်း 'အဝိဇ္ဇာ' ဟု ဆိုအပ်၏။

### (၂) သင်္ခါရ

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် သစ္စာလေးပါးကို မသိခြင်းဟူသော အကြောင်း ကြောင့် ဖြစ်သော ပြုပြင်စီရင်မှု 'သင်္ခါရ' တို့ မည်ကုန်သနည်း။

(က) ကုသိုလ်ကောင်းမှုကို ပြုလုပ်မှု (ပုညာဘိသင်္ခါရ)၊

(ခ) မကောင်းမှု အကုသိုလ်ကို ပြုလုပ်မှု (အပုညာဘိသင်္ခါရ)၊

(ဂ) အရူပစျာန်တရားအားထုတ်မှု (အာနေဉ္ဇာဘိသင်္ခါရ)၊

(ဃ) ကိုယ်ဖြင့် ပြုလုပ်မှု (ကာယသင်္ခါရ)၊

(င) နှုတ်ဖြင့် ပြောဆိုမှု (ဝစီသင်္ခါရ)၊

(စ) စိတ်ဖြင့် ကြံစည်မှု (စိတ္တသင်္ခါရ)၊ ဤပြုလုပ်မှု တို့ကို 'သင်္ခါရ' ဟု ဆိုအပ်ကုန်၏။

(က) ထိုသင်္ခါရတို့တွင် အဘယ်သည် ကုသိုလ်ကောင်းမှုကို ပြုလုပ်မှု (ပုညာဘိသင်္ခါရ) မည်သနည်း။

ကာမတဏှာ၏ ကျင်လည်ရာဖြစ်သော, ရူပတဏှာ၏ ကျင်လည်ရာဖြစ်သော ဒါနပြုသောအခါ သီလဆောက်တည်သောအခါ သမထဝိပဿနာအားထုတ်သောအခါ လောကီကုသိုလ်စေတနာသည် ရှိ၏။ ဤစေတနာကို ကုသိုလ်ကောင်းမှု ပြုလုပ်မှု (ပုညာဘိသင်္ခါရ) ဟု ဆိုအပ်၏။

(ခ) ထိုသင်္ခါရတို့တွင် အဘယ်သည် မကောင်းမှု အကုသိုလ်ကို ပြုလုပ်မှု (အပုညာဘိသင်္ခါရ) မည်သနည်း။

ကာမတဏှာ၏ ကျင်လည်ရာဖြစ်သော အကုသိုလ်စေတနာသည် ရှိ၏၊ ဤစေတနာကို မကောင်းမှု အကုသိုလ်ပြုလုပ်မှု (အပုညာဘိသင်္ခါရ) ဟု ဆိုအပ်၏။

(ဂ) ထိုသင်္ခါရတို့တွင် အဘယ်သည် အရူပစျာန်တရားအားထုတ်မှု (အာနေဉ္ဇာဘိသင်္ခါရ) မည် သနည်း။

အရူပတဏှာ၏ ကျင်လည်ရာ ဖြစ်သော အရူပကုသိုလ် စေတနာသည် ရှိ၏၊ ဤစေတနာကို အရူပစျာန် တရားအားထုတ်မှု (အာနေဉ္ဇာဘိသင်္ခါရ) ဟု ဆိုအပ်၏။

(ဃ၊ င၊ စ) ထိုသင်္ခါရတို့တွင် အဘယ်သည် ကိုယ်ဖြင့် ပြုလုပ်မှု (ကာယသင်္ခါရ) စသည် မည် သနည်း။

ကိုယ်အမူအရာကို ဖြစ်စေတတ်သော စေတနာသည် ကာယသင်္ခါရမည်၏။ နှုတ်အမူအရာကို ဖြစ်စေတတ်သော စေတနာသည် ဝစီသင်္ခါရမည်၏။ စိတ်အမူအရာကို ဖြစ်စေတတ်သော စေတနာသည် စိတ္တသင်္ခါရမည်၏။ ဤစေတနာတို့ကို သစ္စာလေးပါးကို မသိခြင်းဟူသော အကြောင်းကြောင့်ဖြစ်သော ပြုပြင်စီရင်မှု 'သင်္ခါရ' တို့ဟု ဆိုအပ်ကုန်၏။

## (၃) ဝိညာဏ်

၂၂၇။ ထိုအင်္ဂါ၁၂-ပါးတို့တွင် အဘယ်သည် ပြုပြင်စီရင်မှု 'သင်္ခါရ'ဟူသော အကြောင်းကြောင့် ဖြစ်သော သိမှု 'ဝိညာဏ်' မည်သနည်း။

မြင်သိစိတ် 'စက္ခုဝိညာဏ်'၊ ကြားသိစိတ် 'သောတဝိညာဏ်'၊ နံသိစိတ် 'ဃာနဝိညာဏ်'၊ လျက်သိစိတ် 'ဇိဝှါဝိညာဏ်'၊ ထိသိစိတ် 'ကာယဝိညာဏ်'၊ ကြံသိစိတ် 'မနောဝိညာဏ်' သည် ရှိ၏။ ဤသိမှု သဘောကို ပြုပြင်စီရင်မှု 'သင်္ခါရ'ဟူသော အကြောင်းကြောင့်ဖြစ်သော သိမှု 'ဝိညာဏ်'ဟု ဆိုအပ်၏။

## (၄) နာမ်ရုပ်

၂၂၈။ ထိုအင်္ဂါ၁၂-ပါးတို့တွင် အဘယ်သည် သိမှု 'ဝိညာဏ်'ဟူသော အကြောင်းကြောင့်ဖြစ်သော နာမ်ရုပ် မည်သနည်း။

နာမ်သည် ရှိ၏၊ ရုပ်သည် ရှိ၏။ ထိုနာမ်ရုပ်တွင် အဘယ်သည် နာမ် မည်သနည်း။

ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရက္ခန္ဓာ' သည် ရှိ၏၊ ဤသဘောကို နာမ်ဟု ဆိုအပ်၏။

ထိုနာမ်ရုပ်တွင် အဘယ်သည် ရုပ် မည်သနည်း။

မဟာဘုတ်လေးပါးတို့သည်လည်းကောင်း၊ မဟာဘုတ်လေးပါးတို့ကို မှီ၍ဖြစ်သော ရုပ်သည် လည်းကောင်း ရှိ၏၊ ဤသဘောကို ရုပ်ဟု ဆိုအပ်၏။

ဤဆိုခဲ့ပြီးသော နာမ်ကိုလည်းကောင်း၊ ဤဆိုခဲ့ပြီးသော ရုပ်ကိုလည်းကောင်း သိမှု 'ဝိညာဏ်' ဟူသော အကြောင်းကြောင့်ဖြစ်သော နာမ်ရုပ်ဟု ဆိုအပ်၏။

## (၅) သဠာယတန

၂၂၉။ ထိုအင်္ဂါ၁၂-ပါးတို့တွင် အဘယ်သည် နာမ်ရုပ်ဟူသော အကြောင်းကြောင့်ဖြစ်သော အာယတနခြောက်ပါး မည်သနည်း။

မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'၊ ကြားသိစိတ်ဖြစ်ရာ နားအကြည် 'သောတာယတန'၊ နံသိစိတ်ဖြစ်ရာ နှာခေါင်းအကြည် 'ဃာနာယတန'၊ လျက်သိစိတ်ဖြစ်ရာ လျှာအကြည် 'ဇိဝှါ ယတန'၊ ထိသိစိတ်ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန'၊ သိမှု စိတ်ဖြစ်ရာ မနောအကြည် 'မနာ ယတန' သည် ရှိ၏။ ဤသဘောကို နာမ်ရုပ်ဟူသော အကြောင်းကြောင့်ဖြစ်သော အာယတနခြောက်ပါး ဟု ဆိုအပ်၏။

## (၆) ဖဿ

၂၃၀။ ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် အာယတနခြောက်ပါးဟူသော အကြောင်းကြောင့် ဖြစ်သော တွေ့ထိမှု 'ဖဿ' မည်သနည်း။

မြင်သိစိတ်နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ'၊ ကြားသိစိတ်နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ'၊ နံသိစိတ်နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ'၊ လျက်သိစိတ်နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ'၊ ထိသိစိတ်နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ'၊ သိမှု စိတ်နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ' သည် ရှိ၏။ ဤသဘောကို အာယတန ခြောက်ပါး ဟူသော အကြောင်းကြောင့်ဖြစ်သော တွေ့ထိမှု 'ဖဿ' ဟု ဆိုအပ်၏။

## (၇) ဝေဒနာ

၂၃၁။ ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် တွေ့ထိမှု 'ဖဿ'ဟူသော အကြောင်းကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' မည်သနည်း။

မြင်သိစိတ်နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ'၊ ကြားသိစိတ်နှင့် ယှဉ်သောတွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ'၊ နံသိစိတ်နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ'၊ လျက်သိစိတ်နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ'၊ ထိသိစိတ်နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ'၊ သိမှု စိတ်နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ' ကြောင့် ဖြစ်သော ခံစားမှု 'ဝေဒနာ' သည် ရှိ၏၊ ဤသဘောကို တွေ့ထိမှု 'ဖဿ'ဟူသော အကြောင်းကြောင့်ဖြစ်သော ခံစားမှု ဝေဒနာဟု ဆိုအပ်၏။

## (၈) တဏှာ

၂၃၂။ ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် ခံစားမှု ဝေဒနာဟူသော အကြောင်းကြောင့်ဖြစ်သော တပ်နှစ်သက်မှု 'တဏှာ' မည်သနည်း။

အဆင်းရူပါရုံ၌ တပ်နှစ်သက်မှု ၊ အသံသဒ္ဒါရုံ၌ တပ်နှစ်သက်မှု ၊ အနံ့ဂန္ဓာရုံ၌ တပ်နှစ်သက်မှု ၊ အရသာရသာရုံ၌ တပ်နှစ်သက်မှု ၊ အတွေ့ဖေါဋ္ဌဗ္ဗာရုံ၌ တပ်နှစ်သက်မှု ၊ သဘောတရား ဓမ္မာရုံ၌ တပ်နှစ်သက်မှုသည် ရှိ၏၊ ဤသဘောကို ခံစားမှု ဝေဒနာ ဟူသော အကြောင်းကြောင့် ဖြစ်သော တပ်နှစ်သက်မှု 'တဏှာ' ဟု ဆိုအပ်၏။

## (၉) ဥပါဒါန်

၂၃၃။ ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် တပ်နှစ်သက်မှု 'တဏှာ' ဟူသော အကြောင်းကြောင့် ဖြစ်သော စွဲလမ်းမှု 'ဥပါဒါန်' မည်သနည်း။

ကာမဂုဏ်တို့ကို စွဲလမ်းမှု 'ကာမုပါဒါန်'၊ မှားသောအယူဝါဒကို စွဲလမ်းမှု 'ဒိဋ္ဌုပါဒါန်'၊ မှားသော သီလ အကျင့်တို့ကို စွဲလမ်းမှု 'သီလဗ္ဗတုပါဒါန်'၊ အတ္တရှိ၏ဟူသော ဝါဒကို စွဲလမ်းမှု 'အတ္တဝါဒုပါဒါန်' သည် ရှိ၏။ ဤသဘောကို တပ်နှစ်သက်မှု 'တဏှာ'ဟူသော အကြောင်းကြောင့် ဖြစ်သော စွဲလမ်းမှု 'ဥပါဒါန်' ဟု ဆိုအပ်၏။

## (၁၀) ဘဝ

၂၃၄။ ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် စွဲလမ်းမှု 'ဥပါဒါန်' ဟူသော အကြောင်းကြောင့် ဖြစ်သော 'ဘဝ' မည်သနည်း။

နှစ်ပါးအပြားအားဖြင့် ဘဝသည် ဖြစ်၏။

(က) ဘုံဘဝသို့ ရောက်စေတတ်သော ကုသိုလ်, အကုသိုလ်ကံဟူသော ကမ္မဘဝသည် ရှိ၏။

(ခ) သတ္တဝါတို့၏ဖြစ်ရာ ဘုံဘဝဟူသော ဥပပတ္တိဘဝသည် ရှိ၏။

**ကမ္မဘဝ။** ။ ထိုဘဝနှစ်မျိုးတို့တွင် အဘယ်သည် ဘုံဘဝသို့ ရောက်စေတတ်သော ကုသိုလ်, အကုသိုလ်ကံဟူသော ကမ္မဘဝ မည်သနည်း။

လောကီ (ကာမ, ရူပ) ကောင်းမှု ကုသိုလ် ပြုလုပ်မှု 'ပုညာဘိသင်္ခါရ'၊ မကောင်းမှု အကုသိုလ် ပြုလုပ်မှု 'အပုညာဘိသင်္ခါရ'၊ အရူပစျာန် တရားအားထုတ်မှု 'အာနေဉ္ဇာဘိသင်္ခါရ' သည် ရှိ၏။ ဤသဘောကို ကမ္မဘဝ ဟု ဆိုအပ်၏။ ဘုံဘဝသို့ ရောက်စေတတ်သော ကံတရားအားလုံးသည်လည်း ကမ္မဘဝမည်၏။

**ဥပပတ္တိဘဝ။** ။ ထိုဘဝနှစ်မျိုးတို့တွင် အဘယ်သည် သတ္တဝါတို့၏ ဖြစ်ရာဘုံဘဝ ဟူသော ဥပပတ္တိဘဝ မည်သနည်း။

(က) ကာမသတ္တဝါတို့၏ဖြစ်ရာ ကာမ-၁၁-ဘုံဟူသော ကာမဘဝ။

(ခ) ရူပဗြဟ္မာတို့၏ဖြစ်ရာ ရူပ၁၆-ဘုံဟူသော ရူပဘဝ။

(ဂ) အရူပဗြဟ္မာတို့၏ဖြစ်ရာ အရူပ ၄-ဘုံဟူသော အရူပဘဝ။

(ဃ) နာမ်ရှိသော သတ္တဝါတို့၏ဖြစ်ရာ သညီဘဝ။

(င) နာမ်မဲ့သောသတ္တဝါတို့၏ဖြစ်ရာ အသညီဘဝ။

(စ) နာမ်ရှိလည်းမဟုတ် နာမ်မဲ့လည်း မဟုတ် (ထင်ရှားသော နာမ်မရှိ, သိမ်မွေ့သော နာမ်သာရှိ) သော သတ္တဝါတို့၏ ဖြစ်ရာ နေဝသညီနာသညီဘဝ။

(ဆ) ခန္ဓာတစ်ပါးသာရှိသော သတ္တဝါတို့၏ဖြစ်ရာ ဧကဝေါကာရဘဝ။

(ဇ) နာမ်ခန္ဓာလေးပါးရှိသော သတ္တဝါတို့၏ဖြစ်ရာ စတုဝေါကာရဘဝ။

(ဈ) ခန္ဓာငါးပါးရှိသော သတ္တဝါတို့၏ဖြစ်ရာ ပဉ္စဝေါကာရဘဝသည် ရှိ၏။

ဤသဘောကို သတ္တဝါတို့၏ ဖြစ်ရာ ဘုံဘဝ ဟူသော ဥပပတ္တိဘဝဟု ဆိုအပ်၏။

ဤတရားတို့ကို စွဲလမ်းမှုဟူသော အကြောင်းကြောင့်ဖြစ်သော ဘဝဟု ဆိုအပ်ကုန်၏။

## (၁၁) ဇာတိ

၂၃၅။ ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် ဘဝဟူသော အကြောင်းကြောင့်ဖြစ်သောပဋိသန္ဓေ နေခြင်း 'ဇာတိ' မည်သနည်း။

ထိုထိုသတ္တဝါတို့၏ ထိုထိုအမျိုးဇာတ်၌ ပဋိသန္ဓေနေခြင်း 'ဇာတိ'၊ ကောင်းစွာပဋိသန္ဓေနေခြင်း 'သဉ္ဇာတိ'၊ အမိဝမ်းသို့သက်ဝင်ခြင်း 'ဩက္ကန္တိ'၊ ကိုယ်ထင်ရှားဖြစ်ခြင်း 'အဘိနိဗ္ဗတ္တိ'၊ ခန္ဓာတို့၏ ထင်ရှားဖြစ်ခြင်း 'ပါတုဘာဝ'၊ အာယတနတို့ကို အသစ်ရခြင်း 'ပဋိလာဘ' သည် ရှိ၏။ ဤသဘောကို ဘဝ ဟူသော အကြောင်းကြောင့်ဖြစ်သော ပဋိသန္ဓေနေခြင်း 'ဇာတိ' ဟု ဆိုအပ်၏။

**(၁၂) ဇရာမရဏ**

၂၃၆။ ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် ပဋိသန္ဓေနေခြင်း ‘ဇာတိ’ ဟူသော အကြောင်းကြောင့် ဖြစ်သော အိုခြင်း, သေခြင်း ‘ဇရာမရဏ’ မည်သနည်း။

အိုခြင်း ‘ဇရာ’ သည် ရှိ၏၊ သေခြင်း ‘မရဏ’ သည် ရှိ၏။

**ဇရာ။** ။ ထိုနှစ်ပါးတို့တွင် အဘယ်သည် အိုခြင်း ‘ဇရာ’ မည်သနည်း။

ထိုထိုသတ္တဝါတို့၏ ထိုထိုသတ္တဝါအပေါင်း၌ အိုမင်းခြင်း ‘ဇရာ’၊ ရင့်ရော်ခြင်း ‘ဇီရဏတာ’၊ သွားကျိုးခြင်း ‘ခဏ္ဍိစ္စ’၊ ဆံဖြူခြင်း ‘ပါလိစ္စ’၊ အရေတွန့်ခြင်း ‘ဝလိတ္တစတာ’၊ အသက်၏ဆုတ်ယုတ်ခြင်း ‘သံဟာနိ’၊ ဣန္ဒြေတို့၏ ရင့်ကျက်ခြင်း ‘ပရိပါက’ သည် ရှိ၏။ ဤသဘောကို အိုခြင်း ‘ဇရာ’ ဟု ဆိုအပ်၏။

**မရဏ။** ။ ထိုနှစ်မျိုးတို့တွင် အဘယ်သည် သေခြင်း ‘မရဏ’ မည်သနည်း။

ထိုထိုသတ္တဝါတို့၏ ထိုထိုသတ္တဝါအပေါင်းမှ စုတေခြင်း ‘စုတိ’၊ ရွေ့လျော့ခြင်း ‘စဝနတာ’၊ ပျက်စီးခြင်း ‘ဘေဒေါ’၊ ကွယ်ပျောက်ခြင်း ‘အန္တရဓာန’၊ သက်ပြတ်သေဆုံးခြင်း ‘မစ္စုမရဏ’၊ သေဆုံးချိန်ကို ပြုခြင်း ‘ကာလကိရိယာ’၊ ခန္ဓာတို့၏ ပျက်စီးခြင်း ‘ခန္ဓဘေဒ’၊ အလောင်းကောင်ကို စွန့်ပစ်ခြင်း ‘ကဠေဝရနိက္ခေပ’၊ ဇီဝိတိန္ဒြေ၏ ပြတ်ခြင်း ‘ဇီဝိတိန္ဒြိယဉပစ္ဆေဒ’ သည် ရှိ၏။ ဤသဘောကို သေခြင်း ‘မရဏ’ ဟု ဆိုအပ်၏။

ဤသို့ ဤဆိုခဲ့ပြီးသော အိုခြင်း ‘ဇရာ’, ဤဆိုခဲ့ပြီးသော သေခြင်း ‘မရဏ’ ကို ပဋိသန္ဓေနေခြင်း ‘ဇာတိ’ ဟူသော အကြောင်းကြောင့်ဖြစ်သော အိုခြင်း ဇရာ’, သေခြင်း ‘မရဏ’ ဟု ဆိုအပ်၏။

------

# ပဋ္ဌိစ္စသမုပ္ပါဒဝိဘင်္ဂ

## ဇာတိအကျိုးဆက်တရား ငါးပါး

### သောက

၂၃၇။ ထိုငါးပါးတို့တွင် အဘယ်သည် စိုးရိမ်ခြင်း 'သောက' မည်သနည်း။

ဆွေမျိုးပျက်စီးခြင်းနှင့် တွေ့သောသူ၏ လည်းကောင်း၊ စီးပွါးပျက်စီးခြင်းနှင့် တွေ့သောသူ၏ လည်းကောင်း၊ အနာရောဂါနှိပ်စက်ခြင်းနှင့် တွေ့သောသူ၏ လည်းကောင်း၊ သီလပျက်စီးခြင်းနှင့် တွေ့သောသူ၏ လည်းကောင်း၊ အယူပျက်စီးခြင်းနှင့် တွေ့သောသူ၏ လည်းကောင်း၊ ပျက်စီးခြင်းတစ်ခုခုနှင့် တွေ့သောသူ၏ လည်းကောင်း၊ ဆင်းရဲမှု တစ်ခုခုနှင့် တွေ့သောသူ၏ လည်းကောင်း စိုးရိမ်ခြင်း 'သောက'၊ စိုးရိမ်ခြင်း အခြင်းအရာ 'သောစနာ'၊ စိုးရိမ်သူ၏အဖြစ် 'သောစိတတ္တ'၊ အတွင်းဆွေးဆွေးခြင်း 'အန္တောသောက'၊ အတွင်းပူပူခြင်း 'အန္တောပရိသောက'၊ ကြံမှိုင်ခြင်း 'ပရိဈ္ဈာယန'၊ စိတ်ဆင်းရဲခြင်း 'ဒေါမနဿ'၊ သောက ပြောင့်စူးဝင်ခြင်း 'သောကသလ္လ' သည် ရှိ၏။ ဤသဘောကို စိုးရိမ်မှု 'သောက' ဟု ဆိုအပ်၏။

### ပရိဒေဝ

၂၃၈။ ထိုငါးပါးတို့တွင် အဘယ်သည် ငိုကြွေးခြင်း 'ပရိဒေဝ' မည်သနည်း။

ဆွေမျိုးပျက်စီးခြင်းနှင့် တွေ့သောသူ၏ လည်းကောင်း၊ စီးပွါးပျက်စီးခြင်းနှင့် တွေ့သောသူ၏ လည်းကောင်း၊ အနာရောဂါနှိပ်စက်ခြင်းနှင့် တွေ့သောသူ၏ လည်းကောင်း၊ သီလပျက်စီးခြင်းနှင့် တွေ့သောသူ၏ လည်းကောင်း၊ အယူပျက်စီးခြင်းနှင့် တွေ့သောသူ၏ လည်းကောင်း၊ ပျက်စီးခြင်း တစ်ခုခုနှင့် တွေ့သောသူ၏ လည်းကောင်း၊ ဆင်းရဲမှု တစ်ခုခုနှင့် တွေ့သောသူ၏ လည်းကောင်း၊ တစ်စုံတစ်ယောက်ကို ရည်ညွှန်း၍ ငိုကြွေးခြင်း 'အာဒေဝ'၊ ဂုဏ်ကျေးဇူးကို ဖွဲ့နွဲ့၍ ငိုကြွေးခြင်း 'ပရိဒေဝ'၊ တစ်စုံတစ်ယောက်ကို ရည်ညွှန်း၍ ငိုကြွေးသောအခြင်းအရာ 'အာဒေဝနာ'၊ ဂုဏ်ကျေးဇူးကို ဖွဲ့နွဲ့၍ ငိုကြွေးသော အခြင်းအရာ 'ပရိဒေဝနာ'၊ တစ်စုံတစ်ယောက်ကို ရည်ညွှန်း၍ ငိုကြွေးသူ၏ အဖြစ် 'အာဒေဝိတတ္တ'၊ ဂုဏ်ကျေးဇူးကို ဖွဲ့နွဲ့၍ ငိုကြွေးသူ၏ အဖြစ် 'ပရိဒေဝိတတ္တ'၊ ပြော၍ငိုခြင်း 'ဝါစာ'၊ အကျိုးမဲ့ကိုပြော၍ငိုခြင်း 'ပလာပ'၊ ကယောင်ကတမ်း ပြောဆို ငိုကြွေးခြင်း 'ဝိပ္ပလာပ'၊ အထပ်ထပ် ပြောဆိုငိုကြွေးခြင်း 'လာလပ္ပ'၊ အထပ်ထပ်ပြောဆိုငိုကြွေးသော အခြင်း အရာ 'လာလပ္ပနာ'၊ အထပ်ထပ် ပြောဆို ငိုကြွေးသူ၏ အဖြစ် 'လာလပ္ပိတတ္တ'သည် ရှိ၏။ ဤသဘောကို ငိုကြွေးခြင်း 'ပရိဒေဝ' ဟု ဆိုအပ်၏။

### ဒုက္ခ

၂၃၉။ ထိုငါးပါးတို့တွင် အဘယ်သည် ကိုယ်ဆင်းရဲမှု 'ဒုက္ခ' မည်သနည်း။

ကိုယ်၌ ဖြစ်သော မသာယာမှု ၊ ကိုယ်၌ ဖြစ်သော ဆင်းရဲမှု ၊ ကိုယ်အတွေ့၌ ဖြစ်သော မသာယာမှု၊ ဆင်းရဲကိုခံစားမှု ၊ ကိုယ်အတွေ့ကြောင့်ဖြစ်သော မသာယာဖွယ်ဆင်းရဲကို ခံစားသောအခြင်းအရာသည် ရှိ၏။ ဤသဘောကို ကိုယ်ဆင်းရဲမှု 'ဒုက္ခ' ဟု ဆိုအပ်၏။

**ဒေါမနဿ**

၂၄၀။ ထိုငါးပါးတို့တွင် အဘယ်သည် စိတ်ဆင်းရဲမှု 'ဒေါမနဿ' မည်သနည်း။

စိတ်၌ ဖြစ်သော မသာယာမှု ၊ စိတ်၌ ဖြစ်သော ဆင်းရဲမှု ၊ စိတ်အတွေ့ကြောင့်ဖြစ်သော မသာယာမှု ၊ စိတ်ဆင်းရဲမှုကို ခံစားရမှု ၊ စိတ်အတွေ့ကြောင့်ဖြစ်သော မသာယာဖွယ်ဆင်းရဲကို ခံစားသော အခြင်းအရာသည် ရှိ၏။ ဤသဘောကို စိတ်ဆင်းရဲမှု 'ဒေါမနဿ' ဟု ဆိုအပ်၏။

**ဥပါယာသ**

၂၄၁။ ထိုငါးပါးတို့တွင် အဘယ်သည် ပြင်းစွာပူပန်ခြင်း 'ဥပါယာသ' မည်သနည်း။

ဆွေမျိုးပျက်စီးခြင်းနှင့် တွေ့သောသူ၏ လည်းကောင်း၊ စီးပွါးပျက်စီးခြင်းနှင့် တွေ့သောသူ၏ လည်းကောင်း၊ အနာရောဂါ နှိပ်စက်ခြင်းနှင့် တွေ့သောသူ၏ လည်းကောင်း၊ သီလပျက်စီးခြင်းနှင့် တွေ့သောသူ၏ လည်းကောင်း၊ အယူပျက်စီးခြင်းနှင့် တွေ့သောသူ၏ လည်းကောင်း၊ ပျက်စီးခြင်း တစ်ခုခုနှင့် တွေ့သောသူ၏ လည်းကောင်း၊ ဆင်းရဲမှု တစ်ခုခုနှင့် တွေ့သောသူ၏ လည်းကောင်း ပြင်းစွာ ပူလောင်ပင်ပန်းခြင်း (အာယာသ)၊ အလွန်ပြင်းစွာ ပူလောင်ပင်ပန်းခြင်း (ဥပါယာသ)၊ ပြင်းစွာပူလောင် ပင်ပန်းသူ၏ အဖြစ် (အာယာသိတတ္တ)၊ အလွန်ပြင်းစွာ ပူလောင်ပင်ပန်းသူ၏အဖြစ် (ဥပါယာသိတတ္တ) သည် ရှိ၏။ ဤသဘော ကို ပြင်းစွာပူပန်ခြင်း 'ဥပါယာသ' ဟု ဆိုအပ်၏။

၂၄၂။ "ဤဆိုခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှား ဖြစ်ပေါ်ခြင်းသည် ဖြစ်၏"ဟူသော စကား၌ ဆင်းရဲအစု၏ ပေါင်းဆုံခြင်းသည် အညီအညွတ် ရောက်ခြင်းသည် ပေါင်းခြင်းသည် ထင်ရှားဖြစ်ခြင်းသည် ဖြစ်၏ဟု ဆိုလိုသည်။

**သုတ္တန်နည်းဖြင့် ဝေဖန်ဟောကြားသော 'သုတ္တန္တဘာဇနီယနည်း' ပြီး၏။**

------

# ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ

## ၂ - အဘိဓမ္မာဘာဇနီယ

## (အဘိဓမ္မာနည်းဖြင့်ဝေဖန်ဟောကြားသော 'အဘိဓမ္မာဘာဇနီယ'နည်း)

## ၁ - အကုသိုလ်တရားတို့၌ ပဋိစ္စသမုပ္ပါဒ် လှည့်နည်း အကျဉ်း

## ၁ - အဝိဇ္ဇာကို အဦးထားသော အဝိဇ္ဇာမူလကနယ အကျဉ်း

## ၁ - ပစ္စယသဒ္ဒါနှင့် ဟောသော ဝါရလေးမျိုး အကျဉ်း

## (၁) မပြည့်မစုံ အင်္ဂါ ၁၂-ပါးရှိသောဝါရ

၂၄၃။ (၁) မသိမှု 'အဝိဇ္ဇာ'ကြောင့် ပြုစီရင်မှု 'သင်္ခါရ'ဖြစ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ'ကြောင့် သိမှု 'ဝိညာဏ်'ဖြစ်၏။

(၃) 'သိမှု' ဝိညာဏ်ကြောင့် နာမ်ဖြစ်၏။

(၄) နာမ်ကြောင့် ခြောက်ခုမြောက်မနာယတနဖြစ်၏။

(၅) ခြောက်ခုမြောက်မနာယတနကြောင့် တွေ့ထိမှု 'ဖဿ' ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' ဖြစ်၏။

(၇) ခံစားမှု ဝေဒနာကြောင့် တပ်မက်မှု 'တဏှာ' ဖြစ်၏။

(၈) တပ်မက်မှု 'တဏှာ'ကြောင့် စွဲလမ်းမှု 'ဥပါဒါန်' ဖြစ်၏။

(၉) စွဲလမ်းမှု 'ဥပါဒါန်' ကြောင့် ကမ္မဘဝဖြစ်၏။

(၁၀) ကမ္မဘဝကြောင့် ပဋိသန္ဓေနေခြင်း 'ဇာတိ' ဖြစ်၏။

(၁၁) ပဋိသန္ဓေနေခြင်း 'ဇာတိ'ကြောင့်

(၁၂) အိုခြင်း သေခြင်း 'ဇရာမရဏ' ဖြစ်၏။ ဤဆိုခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

**မှတ်ချက်။** ။ ဤဝါရ၌ အင်္ဂါ-၁၂-ပါးဆိုသော်လည်း နာမ်ရုပ်ဟူသော အင်္ဂါ၊ သဠာယတနဟူသော အင်္ဂါ- ၂-ပါး အပြည့်အစုံမပါသဖြင့် အပရိပုဏ္ဏအင်္ဂဒွယယုတ္တဒွါဒသင်္ဂိကဝါရဟု အဋ္ဌကထာ (နှာ-၁၉၀)၌ ဆိုသည်)။

------

# ပဋိစ္စသမုပ္ပါဒ်ဝိဘင်္ဂ

## (၂) မပြည့်မစုံ အင်္ဂါ ၁၁-ပါးရှိသောဝါရ

(၁) ‘မသိမှု’အဝိဇ္ဇာကြောင့် ပြုစီရင်မှု ‘သင်္ခါရ’ဖြစ်၏။

(၂) ပြုစီရင်မှု ‘သင်္ခါရ’ကြောင့် သိမှု ‘ဝိညာဏ်’ ဖြစ်၏။

(၃) သိမှု ‘ဝိညာဏ်’ကြောင့် နာမ်ဖြစ်၏။

(၄) နာမ်ကြောင့် တွေ့ထိမှု ‘ဖဿ’ ဖြစ်၏။

(၅) တွေ့ထိမှု ‘ဖဿ’ ကြောင့် ခံစားမှု ‘ဝေဒနာ’ ဖြစ်၏။

(၆) ခံစားမှု ‘ဝေဒနာ’ ကြောင့် တပ်မက်မှု ‘တဏှာ’ ဖြစ်၏။

(၇) တပ်မက်မှု ‘တဏှာ’ ကြောင့် စွဲလမ်းမှု ‘ဥပါဒါန်’ ဖြစ်၏။

(၈) စွဲလမ်းမှု ‘ဥပါဒါန်’ ကြောင့် ကမ္မဘဝဖြစ်၏။

(၉) ကမ္မဘဝကြောင့် ပဋိသန္ဓေနေခြင်း ‘ဇာတိ’ ဖြစ်၏။

(၁၀) ပဋိသန္ဓေနေခြင်း ‘ဇာတိ’ကြောင့်

(၁၁) အိုခြင်း သေခြင်း ‘ဇရာမရဏ’ ဖြစ်၏။ ဤဆိုခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲမှု အစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

**မှတ်ချက်။** ။ ဤဝါရကို သဠာယတနအင်္ဂါမပါသောကြောင့် အပရိပုဏ္ဏကောဒသင်္ဂိကဝါရဟု အဋ္ဌကထာ (၁၉၀)၌ ဆိုသည်။

------

# ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ

## (၃) အပြည့်အစုံ အင်္ဂါ ၁၂-ပါးရှိသောဝါရ

(၁) မသိမှု အဝိဇ္ဇာကြောင့် ပြုစီရင်မှု သင်္ခါရဖြစ်၏။

(၂) ပြုစီရင်မှု သင်္ခါရကြောင့် သိမှု ဝိညာဏ်ဖြစ်၏။

(၃) သိမှု ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်၏။

(၄) နာမ်ရုပ်ကြောင့် မနာယတနဖြစ်၏။

(၅) မနာယတနကြောင့် တွေ့ထိမှု ‘ဖဿ’ ဖြစ်၏။

(၆) တွေ့ထိမှု ‘ဖဿ’ ကြောင့် ခံစားမှု ‘ဝေဒနာ’ သည် ဖြစ်၏။

(၇) ခံစားမှု ‘ဝေဒနာ’ ကြောင့် တပ်မက်မှု ‘တဏှာ’ ဖြစ်၏။

(၈) တပ်မက်မှု ‘တဏှာ’ ကြောင့် စွဲလမ်းမှု ‘ဥပါဒါန်’ ဖြစ်၏။

(၉) စွဲလမ်းမှု ‘ဥပါဒါန်’ ကြောင့် ‘ကမ္မဘဝ’ သည် ဖြစ်၏။

(၁၀) ကမ္မဘဝကြောင့် ပဋိသန္ဓေနေခြင်း ‘ဇာတိ’ သည် ဖြစ်၏။

(၁၁) ပဋိသန္ဓေနေခြင်း ‘ဇာတိ’ ကြောင့်

(၁၂) အိုခြင်း သေခြင်း ‘ဇရာမရဏ’ သည် ဖြစ်၏။ ဤဆိုခဲ့ပြီးသော နည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲမှု အစုပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

**မှတ်ချက်။** ။ ဤဝါရကို သဠာယတနနေရာ၌ ဆဋ္ဌာယတနဟု ဆိုသောကြောင့် ပရိပုဏ္ဏဒွါဒသင်္ဂိကဝါရဟုအဋ္ဌကထာ (၁၉၀)၌ ဆိုသည်။

------

## ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ

### (၄) လုံးဝပြည့်စုံ အင်္ဂါ ၁၂-ပါးရှိသောဝါရ

(၁) မသိမှု အဝိဇ္ဇာကြောင့် ပြုစီရင်မှု သင်္ခါရဖြစ်၏။

(၂) ပြုစီရင်မှု သင်္ခါရကြောင့် သိမှု ဝိညာဏ်ဖြစ်၏။

(၃) သိမှု ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်၏။

(၄) နာမ်ရုပ်ကြောင့် အာယတနခြောက်ပါး ဖြစ်၏။

(၅) မနာယတနကြောင့် တွေ့ထိမှု 'ဖဿ' ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့် တပ်မက်မှု 'တဏှာ' ဖြစ်၏။

(၈) တပ်မက်မှု 'တဏှာ' ကြောင့် စွဲလမ်းမှု 'ဥပါဒါန်' ဖြစ်၏။

(၉) စွဲလမ်းမှု 'ဥပါဒါန်' ကြောင့် ကမ္မဘဝ ဖြစ်၏။

(၁၀) ကမ္မဘဝကြောင့် ပဋိသန္ဓေနေခြင်း 'ဇာတိ' ဖြစ်၏။

(၁၁) ပဋိသန္ဓေနေခြင်း 'ဇာတိ'ကြောင့်

(၁၂) အိုခြင်း သေခြင်း 'ဇရာမရဏ' ဖြစ်၏။ ဤဆိုခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

**ပစ္စယသဒ္ဒါဖြင့်ဟောသော ဝါရလေးမျိုးအကျဉ်းပြီး၏။**

------

# ပဋ္ဌာန်းစသမုပ္ပါဒဝိဘင်္ဂ

## ၂ - ဟေတုသဒ္ဒါနှင့် ဟောသော ဝါရလေးမျိုး အကျဉ်း

## (၁) မပြည့်မစုံ အင်္ဂါ ၁၂-ပါးရှိသောဝါရ

၂၄၄။ (၁) မသိမှု 'အဝိဇ္ဇာ'ကြောင့်ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ'သည် မသိမှု 'အဝိဇ္ဇာ'ဟူသော ဟိတ်ရှိ၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့်ဖြစ်သော သိမှု 'ဝိညာဏ်' သည် ပြုစီရင်မှု (သင်္ခါရ) ဟူသော ဟိတ်ရှိ၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့်ဖြစ်သော နာမ်သည် သိမှု 'ဝိညာဏ်'ဟူသော ဟိတ်ရှိ၏။

(၄) နာမ်ကြောင့်ဖြစ်သော ခြောက်ခုမြောက်မနာယတနသည် နာမ်ဟူသော ဟိတ်ရှိ၏။

(၅) ခြောက်ခုမြောက်မနာယတနကြောင့်ဖြစ်သော တွေ့ထိမှု 'ဖဿ' သည် ခြောက်ခုမြောက် မနာယတန ဟူသော ဟိတ်ရှိ၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' သည် တွေ့ထိမှု 'ဖဿ'ဟူသော ဟိတ်ရှိ၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့်ဖြစ်သော တပ်မက်မှု 'တဏှာ' သည် ခံစားမှု 'ဝေဒနာ'ဟူသော ဟိတ်ရှိ၏။

(၈) တပ်မက်မှု 'တဏှာ' ကြောင့်ဖြစ်သော စွဲလမ်းမှု 'ဥပါဒါန်' သည် တပ်မက်မှု 'တဏှာ' ဟူသော ဟိတ် ရှိ၏။

(၉) စွဲလမ်းမှု 'ဥပါဒါန်' ကြောင့် 'ကမ္မဘဝ' ဖြစ်၏။

(၁၀) ကမ္မဘဝကြောင့် ပဋိသန္ဓေနေခြင်း 'ဇာတိ' ဖြစ်၏။

(၁၁) ပဋိသန္ဓေနေခြင်း 'ဇာတိ' ကြောင့်

(၁၂) အိုခြင်း သေခြင်း 'ဇရာမရဏ' ဖြစ်၏။ ဤဆိုခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲ အစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

------

# ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ

## (၂) မပြည့်မစုံ အင်္ဂါ ၁၁-ပါးရှိသောဝါရ

(၁) မသိမှု အဝိဇ္ဇာကြောင့်ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ'သည် မသိမှု အဝိဇ္ဇာဟူသော ဟိတ်ရှိ၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့်ဖြစ်သော သိမှု 'ဝိညာဏ်' သည် ပြုစီရင်မှု သင်္ခါရဟူသော ဟိတ်ရှိ၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့်ဖြစ်သော နာမ်သည် သိမှု 'ဝိညာဏ်'ဟူသော ဟိတ်ရှိ၏။

(၄) နာမ်ကြောင့်ဖြစ်သော တွေ့ထိမှု 'ဖဿ' သည် နာမ်ဟူသော ဟိတ်ရှိ၏။

(၅) တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' သည် တွေ့ထိမှု 'ဖဿ'ဟူသော ဟိတ်ရှိ၏။

(၆) ခံစားမှု 'ဝေဒနာ' ကြောင့်ဖြစ်သော တပ်မက်မှု 'တဏှာ' သည် ခံစားမှု 'ဝေဒနာ'ဟူသော ဟိတ်ရှိ၏။

(၇) တပ်မက်မှု 'တဏှာ' ကြောင့်ဖြစ်သော စွဲလမ်းမှု 'ဥပါဒါန်' သည် တပ်မက်မှု 'တဏှာ' ဟူသော ဟိတ် ရှိ၏။

(၈) စွဲလမ်းမှု 'ဥပါဒါန်' ကြောင့် 'ကမ္မဘဝ' ဖြစ်၏။

(၉) ကမ္မဘဝကြောင့် ပဋိသန္ဓေနေခြင်း 'ဇာတိ' ဖြစ်၏။

(၁၀) ပဋိသန္ဓေနေခြင်း 'ဇာတိ' ကြောင့်

(၁၁) အိုခြင်း သေခြင်း 'ဇရာမရဏ' ဖြစ်၏။ ဤဆိုခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲ အစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

------

# ပဋိစ္စသမုပ္ပါဒ်ဝိဘင်္ဂ

## (၃) အပြည့်အစုံ အင်္ဂါ ၁၂-ပါးရှိသောဝါရ

(၁) ‘မသိမှု’အဝိဇ္ဇာကြောင့်ဖြစ်သော ပြုစီရင်မှု ‘သင်္ခါရ’သည် မသိမှု ‘အဝိဇ္ဇာ’ဟူသော ဟိတ်ရှိ၏။

(၂) ပြုစီရင်မှု ‘သင်္ခါရ’ ကြောင့်ဖြစ်သော သိမှု ‘ဝိညာဏ်’ သည် ပြုစီရင်မှု သင်္ခါရ ဟူသော ဟိတ်ရှိ၏။

(၃) သိမှု ‘ဝိညာဏ်’ ကြောင့်ဖြစ်သော နာမ်ရုပ်သည် သိမှု ‘ဝိညာဏ်’ ဟူသော ဟိတ်ရှိ၏။

(၄) နာမ်ရုပ်ကြောင့် ဖြစ်သော ခြောက်ခုမြောက် မနာယတနသည် နာမ်ရုပ် ဟူသော ဟိတ်ရှိ၏။

(၅) ခြောက်ခုမြောက် မနာယတနကြောင့် ဖြစ်သော တွေ့ထိမှု ‘ဖဿ’ သည် ခြောက်ခုမြောက် မနာယတန ဟူသော ဟိတ်ရှိ၏။

(၆) တွေ့ထိမှု ‘ဖဿ’ ကြောင့်ဖြစ်သော ခံစားမှု ‘ဝေဒနာ’ သည် တွေ့ထိမှု ‘ဖဿ’ ဟူသော ဟိတ်ရှိ၏။

(၇) ခံစားမှု ဝေဒနာကြောင့်ဖြစ်သော တပ်မက်မှု ‘တဏှာ’ သည် ခံစားမှု ‘ဝေဒနာ’ ဟူသော ဟိတ်ရှိ၏။

(၈) တပ်မက်မှု ‘တဏှာ’ ကြောင့်ဖြစ်သော စွဲလမ်းမှု ‘ဥပါဒါန်’ သည် တပ်မက်မှု ‘တဏှာ’ ဟူသော ဟိတ် ရှိ၏။

(၉) စွဲလမ်းမှု ‘ဥပါဒါန်’ ကြောင့် ကမ္မဘဝ ဖြစ်၏။

(၁၀) ကမ္မဘဝကြောင့် ပဋိသန္ဓေနေခြင်း ‘ဇာတိ’ ဖြစ်၏။

(၁၁) ပဋိသန္ဓေနေခြင်း ‘ဇာတိ’ ကြောင့်

(၁၂) အိုခြင်း သေခြင်း ‘ဇရာမရဏ’ ဖြစ်၏။ ဤဆိုခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤ ဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

------

# ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ

## (၄) လုံးဝပြည့်စုံသည့် အင်္ဂါ ၁၂-ပါးရှိသောဝါရ

(၁) မသိမှု 'အဝိဇ္ဇာ'ကြောင့်ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ'သည် မသိမှု 'အဝိဇ္ဇာ'ဟူသော ဟိတ်ရှိ၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့်ဖြစ်သော သိမှု 'ဝိညာဏ်' သည် ပြုစီရင်မှု 'သင်္ခါရ'ဟူသော ဟိတ်ရှိ၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့်ဖြစ်သော နာမ်ရုပ်သည် သိမှု 'ဝိညာဏ်' ဟူသော ဟိတ်ရှိ၏။

(၄) နာမ်ရုပ်ကြောင့် ဖြစ်သော အာယတနခြောက်ပါးသည် နာမ်ရုပ် ဟူသော ဟိတ်ရှိ၏။

(၅) ခြောက်ခုမြောက် မနာယတနကြောင့်ဖြစ်သော တွေ့ထိမှု 'ဖဿ' သည် ခြောက်ခုမြောက် မနာယတန ဟူသော ဟိတ်ရှိ၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' သည် တွေ့ထိမှု 'ဖဿ' ဟူသော ဟိတ်ရှိ၏။

(၇) ခံစားမှု ဝေဒနာကြောင့်ဖြစ်သော တပ်မက်မှု 'တဏှာ' သည် ခံစားမှု 'ဝေဒနာ' ဟူသော ဟိတ်ရှိ၏။

(၈) တပ်မက်မှု 'တဏှာ' ကြောင့်ဖြစ်သော စွဲလမ်းမှု 'ဥပါဒါန်' သည် တပ်မက်မှု 'တဏှာ' ဟူသော ဟိတ်ရှိ၏။

(၉) စွဲလမ်းမှု 'ဥပါဒါန်' ကြောင့် ကမ္မဘဝသည် ဖြစ်၏။

(၁၀) ကမ္မဘဝကြောင့် ပဋိသန္ဓေနေခြင်း 'ဇာတိ' သည် ဖြစ်၏။

(၁၁) ပဋိသန္ဓေနေခြင်း 'ဇာတိ' ကြောင့်

(၁၂) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုခဲ့ပြီးသော နည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

**ဟေတုသဒ္ဒါဖြင့်ဟောသော ဝါရလေးမျိုးအကျဉ်း ပြီး၏။**

------

# ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ

## ၃ - သမ္ပယုတ္တသဒ္ဒါနှင့်ဟောသော ဝါရလေးမျိုးအကျဉ်း

### (၁) မပြည့်မစုံ အင်္ဂါ ၁၂-ပါးရှိသောဝါရ

၂၄၅။ (၁) မသိမှု 'အဝိဇ္ဇာ' ကြောင့်ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ'သည် မသိမှု 'အဝိဇ္ဇာ' နှင့် ယှဉ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့်ဖြစ်သော သိမှု 'ဝိညာဏ်' သည် ပြုစီရင်မှု 'သင်္ခါရ' နှင့် ယှဉ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့်ဖြစ်သော နာမ်သည် သိမှု 'ဝိညာဏ်' နှင့် ယှဉ်၏။

(၄) နာမ်ကြောင့်ဖြစ်သော ခြောက်ခုမြောက်မနာယတနသည် နာမ်နှင့် ယှဉ်၏။

(၅) ခြောက်ခုမြောက် မနာယတနကြောင့် ဖြစ်သော တွေ့ထိမှု 'ဖဿ' သည် ခြောက်ခုမြောက် မနာယတနနှင့် ယှဉ်၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' သည် တွေ့ထိမှု 'ဖဿ' နှင့် ယှဉ်၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့်ဖြစ်သော တပ်မက်မှု 'တဏှာ' သည် ခံစားမှု 'ဝေဒနာ' နှင့် ယှဉ်၏။

(၈) တပ်မက်မှု 'တဏှာ' ကြောင့်ဖြစ်သော စွဲလမ်းမှု 'ဥပါဒါန်' သည် တပ်မက်မှု 'တဏှာ' နှင့်ယှဉ်၏။

(၉) စွဲလမ်းမှု 'ဥပါဒါန်' ကြောင့် ကမ္မဘဝ ဖြစ်၏။

(၁၀) ကမ္မဘဝကြောင့် ပဋိသန္ဓေနေခြင်း 'ဇာတိ' ဖြစ်၏။

(၁၁) ပဋိသန္ဓေနေခြင်း 'ဇာတိ' ကြောင့်

(၁၂) အိုခြင်း သေခြင်း 'ဇရာမရဏ'ဖြစ်၏။ ဤဆိုခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲ အစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

------

# ပဋိစ္စသမုပ္ပါဒ၀ိဘင်္ဂ

## (၂) မပြည့်မစုံ အင်္ဂါ ၁၁-ပါးရှိသော၀ါရ

(၁) မသိမှု 'အဝိဇ္ဇာ' ကြောင့်ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ'သည် မသိမှု 'အဝိဇ္ဇာ' နှင့် ယှဉ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့်ဖြစ်သော သိမှု 'ဝိညာဏ်' သည် ပြုစီရင်မှု 'သင်္ခါရ' နှင့် ယှဉ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့်ဖြစ်သော နာမ်သည် သိမှု 'ဝိညာဏ်' နှင့် ယှဉ်၏။

(၄) နာမ်ကြောင့်ဖြစ်သော တွေ့ထိမှု 'ဖဿ' သည် နာမ်နှင့် ယှဉ်၏။

(၅) တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' သည် တွေ့ထိမှု 'ဖဿ' နှင့် ယှဉ်၏။

(၆) ခံစားမှု 'ဝေဒနာ' ကြောင့်ဖြစ်သော တပ်မက်မှု 'တဏှာ' သည် ခံစားမှု 'ဝေဒနာ' နှင့် ယှဉ်၏။

(၇) တပ်မက်မှု 'တဏှာ' ကြောင့်ဖြစ်သော စွဲလမ်းမှု 'ဥပါဒါန်' သည် တပ်မက်မှု 'တဏှာ' နှင့် ယှဉ်၏။

(၈) စွဲလမ်းမှု 'ဥပါဒါန်' ကြောင့် ကမ္မဘ၀ ဖြစ်၏။

(၉) ကမ္မဘ၀ကြောင့် ပဋိသန္ဓေနေခြင်း 'ဇာတိ' ဖြစ်၏။

(၁၀) ပဋိသန္ဓေနေခြင်း 'ဇာတိ' ကြောင့်

(၁၁) အိုခြင်း သေခြင်း 'ဇရာမရဏ' ဖြစ်၏။ ဤဆိုခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

------

# ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ

## (၃) အပြည့်အစုံ အင်္ဂါ ၁၂-ပါးရှိသောဝါရ

(၁) မသိမှု 'အဝိဇ္ဇာ' ကြောင့်ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ'သည် မသိမှု 'အဝိဇ္ဇာ' နှင့် ယှဉ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့်ဖြစ်သော သိမှု 'ဝိညာဏ်' သည် ပြုစီရင်မှု 'သင်္ခါရ' နှင့် ယှဉ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့်ဖြစ်သော နာမ်, ရုပ်တွင် နာမ်သည် သိမှု 'ဝိညာဏ်' နှင့် ယှဉ်၏။

(၄) နာမ်ရုပ်ကြောင့်ဖြစ်သော ခြောက်ခုမြောက် (မနာယတန) သည် နာမ်နှင့် ယှဉ်၏။

(၅) ခြောက်ခုမြောက် (မနာယတန) ကြောင့်ဖြစ်သော တွေ့ထိမှု 'ဖဿ'သည် ခြောက်ခုမြောက် (မနာယတန) နှင့်ယှဉ်၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' သည် တွေ့ထိမှု 'ဖဿ' နှင့် ယှဉ်၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့်ဖြစ်သော တပ်မက်မှု 'တဏှာ' သည် ခံစားမှု 'ဝေဒနာ' နှင့် ယှဉ်၏။

(၈) တပ်မက်မှု 'တဏှာ' ကြောင့်ဖြစ်သော စွဲလမ်းမှု 'ဥပါဒါန်' သည် တပ်မက်မှု 'တဏှာ' နှင့်ယှဉ်၏။

(၉) စွဲလမ်းမှု 'ဥပါဒါန်' ကြောင့် ကမ္မဘဝသည် ဖြစ်၏။

(၁၀) ကမ္မဘဝကြောင့် ပဋိသန္ဓေနေခြင်း ဇာတိသည် ဖြစ်၏။

(၁၁) ပဋိသန္ဓေနေခြင်း 'ဇာတိ' ကြောင့်

(၁၂) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုခဲ့ပြီးသော နည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

------

# ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ

## (၄) လုံးဝပြည့်စုံသည့် အင်္ဂါ ၁၂-ပါးရှိသောဝါရ

(၁) မသိမှု 'အဝိဇ္ဇာ' ကြောင့်ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ'သည် မသိမှု 'အဝိဇ္ဇာ' နှင့် ယှဉ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့်ဖြစ်သော သိမှု 'ဝိညာဏ်' သည် ပြုစီရင်မှု 'သင်္ခါရ' နှင့် ယှဉ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့်ဖြစ်သော နာမ်, ရုပ်တွင် နာမ်သည် သိမှု 'ဝိညာဏ်' နှင့် ယှဉ်၏။

(၄) နာမ်ရုပ်ကြောင့်ဖြစ်သော ခြောက်ခုမြောက် 'မနာယတန' သည် နာမ်နှင့် ယှဉ်၏။

(၅) ခြောက်ခုမြောက် 'မနာယတန'ကြောင့်ဖြစ်သော တွေ့ထိမှု 'ဖဿ'သည် ခြောက်ခုမြောက် 'မနာယတန' နှင့် ယှဉ်၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' သည် တွေ့ထိမှု 'ဖဿ' နှင့် ယှဉ်၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့်ဖြစ်သော တပ်မက်မှု 'တဏှာ' သည် ခံစားမှု 'ဝေဒနာ' နှင့် ယှဉ်၏။

(၈) တပ်မက်မှု 'တဏှာ' ကြောင့်ဖြစ်သော စွဲလမ်းမှု 'ဥပါဒါန်' သည် တပ်မက်မှု 'တဏှာ' နှင့် ယှဉ်၏။

(၉) စွဲလမ်းမှု 'ဥပါဒါန်' ကြောင့် ကမ္မဘဝ ဖြစ်၏။

(၁၀) ကမ္မဘဝကြောင့် ပဋိသန္ဓေနေခြင်း 'ဇာတိ' ဖြစ်၏။

(၁၁) ပဋိသန္ဓေနေခြင်း 'ဇာတိ' ကြောင့်

(၁၂) အိုခြင်း သေခြင်း 'ဇရာမရဏ' ဖြစ်၏။ ဤဆိုခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

**သမ္ပယုတ္တသဒ္ဒါဖြင့်ဟောသော ဝါရလေးမျိုးအကျဉ်း ပြီး၏။**

------

# ပဋ္ဌာနသမုပ္ပါဒဝိဘင်္ဂ

## ၄ - အညမည (အချင်းချင်းအပြန်အလှန်ကြောင်းကျိုးဖြစ်ပုံ) ဟောသော ဝါရလေးမျိုးအကျဉ်း

### (၁) မပြည့်မစုံ အင်္ဂါ ၁၂-ပါးရှိသောဝါရ

၂၄၆။ (၁) မသိမှု 'အဝိဇ္ဇာ' ကြောင့်ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏၊ ပြုစီရင်မှု 'သင်္ခါရ' ကြောင့်လည်းမသိမှု 'အဝိဇ္ဇာ' သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏၊ သိမှု 'ဝိညာဏ်' ကြောင့်လည်း ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏၊ နာမ်ကြောင့်လည်း သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၄) နာမ်ကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏၊ ခြောက်ခုမြောက် 'မနာယတန' ကြောင့်လည်း နာမ်သည် ဖြစ်၏။

(၅) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏၊ တွေ့ထိမှု 'ဖဿ' ကြောင့်လည်း ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ'သည် ဖြစ်၏၊ ခံစားမှု 'ဝေဒနာ' ကြောင့်လည်းတွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့် တပ်မက်မှု 'တဏှာ' သည် ဖြစ်၏၊ တပ်မက်မှု 'တဏှာ' ကြောင့်လည်း ခံစားမှု 'ဝေဒနာ'သည် ဖြစ်၏။

(၈) တပ်မက်မှု 'တဏှာ' ကြောင့် စွဲလမ်းမှု 'ဉပါဒါန်' သည် ဖြစ်၏၊ စွဲလမ်းမှု 'ဉပါဒါန်' ကြောင့်လည်း တပ်မက်မှု 'တဏှာ' သည် ဖြစ်၏။

(၉) စွဲလမ်းမှု 'ဉပါဒါန်' ကြောင့် ကမ္မဘဝသည် ဖြစ်၏။

(၁၀) ကမ္မဘဝကြောင့် ပဋိသန္ဓေနေခြင်း 'ဇာတိ'သည် ဖြစ်၏။

(၁၁) ပဋိသန္ဓေနေခြင်း 'ဇာတိ'ကြောင့်

(၁၂) အိုခြင်း သေခြင်း 'ဇရာမရဏ'သည် ဖြစ်၏။ ဤဆိုခဲ့ပြီးသော နည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

------

# ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ

## (၂) မပြည့်မစုံ အင်္ဂါ ၁၁-ပါးရှိသောဝါရ

(၁) မသိမှု 'အဝိဇ္ဇာ' ကြောင့် ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။ ပြုစီရင်မှု 'သင်္ခါရ' ကြောင့်လည်း မသိမှု 'အဝိဇ္ဇာ' သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏၊ သိမှု 'ဝိညာဏ်' ကြောင့်လည်း ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏၊ နာမ်ကြောင့်လည်း သိမှု 'ဝိညာဏ်' သည်ဖြစ်၏။

(၄) နာမ်ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏၊ တွေ့ထိမှု 'ဖဿ' ကြောင့်လည်း နာမ်သည်ဖြစ်၏။

(၅) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏၊ ခံစားမှု 'ဝေဒနာ' ကြောင့်လည်း တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၆) ခံစားမှု 'ဝေဒနာ'ကြောင့် တပ်မက်မှု 'တဏှာ'သည် ဖြစ်၏၊ တပ်မက်မှု 'တဏှာ' ကြောင့်လည်း ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၇) တပ်မက်မှု 'တဏှာ' ကြောင့် စွဲလမ်းမှု 'ဥပါဒါန်' သည် ဖြစ်၏။ စွဲလမ်းမှု 'ဥပါဒါန်' ကြောင့်လည်း တပ်မက်မှု 'တဏှာ' သည် ဖြစ်၏။

(၈) စွဲလမ်းမှု 'ဥပါဒါန်' ကြောင့် ကမ္မဘဝသည် ဖြစ်၏။

(၉) ကမ္မဘဝကြောင့် ပဋိသန္ဓေနေခြင်း 'ဇာတိ' သည် ဖြစ်၏။

(၁၀) ပဋိသန္ဓေနေခြင်း 'ဇာတိ' ကြောင့်

(၁၁) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုခဲ့ပြီးသော နည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

------

# ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ

## (၃) အပြည့်အစုံ အင်္ဂါ ၁၂-ပါးရှိသောဝါရ

(၁) မသိမှု 'အဝိဇ္ဇာ' ကြောင့် ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။ ပြုစီရင်မှု 'သင်္ခါရ' ကြောင့်လည်း မသိမှု 'အဝိဇ္ဇာ' သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏၊ သိမှု 'ဝိညာဏ်' ကြောင့်လည်း ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့် နာမ်ရုပ်သည် ဖြစ်၏၊ နာမ်ရုပ်ကြောင့်လည်း သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၄) နာမ်ရုပ်ကြောင့် ခြောက်ခုမြောက် မနာယတနသည် ဖြစ်၏၊ ခြောက်ခုမြောက် 'မနာယတန' ကြောင့်လည်း နာမ်ရုပ်သည် ဖြစ်၏။

(၅) ခြောက်ခုမြောက် မနာယတနကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏၊ တွေ့ထိမှု 'ဖဿ' ကြောင့် လည်း ခြောက်ခုမြောက် မနာယတနသည် ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏၊ ခံစားမှု 'ဝေဒနာ' ကြောင့်လည်း တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့် တပ်မက်မှု 'တဏှာ' သည် ဖြစ်၏၊ တပ်မက်မှု 'တဏှာ' ကြောင့် လည်း ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၈) တပ်မက်မှု 'တဏှာ' ကြောင့် စွဲလမ်းမှု 'ဥပါဒါန်' သည် ဖြစ်၏။ စွဲလမ်းမှု 'ဥပါဒါန်' ကြောင့် လည်း တပ်မက်မှု 'တဏှာ' သည် ဖြစ်၏။

(၉) စွဲလမ်းမှု 'ဥပါဒါန်' ကြောင့် ကမ္မဘဝသည် ဖြစ်၏။

(၁၀) ကမ္မဘဝကြောင့် ပဋိသန္ဓေနေခြင်း 'ဇာတိ'သည် ဖြစ်၏။

(၁၁) ပဋိသန္ဓေနေခြင်း 'ဇာတိ' ကြောင့်

(၁၂) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုခဲ့ပြီးသော နည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

------

# ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ

## (၄) လုံးဝပြည့်စုံသည့် အင်္ဂါ ၁၂-ပါးရှိသောဝါရ

(၁) မသိမှု 'အဝိဇ္ဇာ' ကြောင့် ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။ ပြုစီရင်မှု 'သင်္ခါရ' ကြောင့်လည်း မသိမှု 'အဝိဇ္ဇာ' သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏၊ သိမှု 'ဝိညာဏ်' ကြောင့်လည်း ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်'ကြောင့် နာမ်ရုပ်သည် ဖြစ်၏၊ နာမ်ရုပ်ကြောင့်လည်း သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၄) နာမ်ရုပ်ကြောင့် 'အာယတန'ခြောက်ပါး သည် ဖြစ်၏၊ ခြောက်ခုမြောက် 'မနာယတန' ကြောင့် လည်း နာမ်ရုပ်သည် ဖြစ်၏။

(၅) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည်ဖြစ်၏၊ တွေ့ထိမှု 'ဖဿ' ကြောင့်လည်း ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏၊ ခံစားမှု 'ဝေဒနာ' ကြောင့်လည်း တွေ့ထိမှု 'ဖဿ' သည်ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့် တပ်မက်မှု 'တဏှာ' သည်ဖြစ်၏၊ တပ်မက်မှု 'တဏှာ' ကြောင့်လည်း ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၈) တပ်မက်မှု 'တဏှာ' ကြောင့် စွဲလမ်းမှု 'ဥပါဒါန်' သည် ဖြစ်၏။ စွဲလမ်းမှု 'ဥပါဒါန်' ကြောင့် လည်း တပ်မက်မှု 'တဏှာ' သည် ဖြစ်၏။

(၉) စွဲလမ်းမှု 'ဥပါဒါန်' ကြောင့် ကမ္မဘဝသည် ဖြစ်၏။

(၁၀) ကမ္မဘဝကြောင့် ပဋိသန္ဓေနေခြင်း'ဇာတိ' သည် ဖြစ်၏။

(၁၁) ပဋိသန္ဓေနေခြင်း 'ဇာတိ' ကြောင့်

(၁၂) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုခဲ့ပြီးသော နည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

အညမည (အချင်းချင်းအပြန်အလှန်ကြောင်းကျိုးဖြစ်ပုံ) ဟောသော ဝါရလေးမျိုးအကျဉ်းပြီး၏။

**အဝိဇ္ဇာကို အဦးထားသော (အဝိဇ္ဇာမူလကနယ) အကျဉ်းပြီး၏။**

------

# ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ

## ၂ - သင်္ခါရကို အဦးထားသော 'သင်္ခါရမူလကနယ' အကျဉ်း

၂၄၇။ (၁) ပြုစီရင်မှု 'သင်္ခါရ'ကြောင့် မသိမှု 'အဝိဇ္ဇာ'သည် ဖြစ်၏။ပ။

------

## ၃ - ဝိညာဏ်ကို အဦးထားသော 'ဝိညာဏမူလကနယ' အကျဉ်း

(၁) သိမှု 'ဝိညာဏ်'ကြောင့် မသိမှု (အဝိဇ္ဇာ) သည် ဖြစ်၏။ပ။

------

## ၄ - နာမ်ကို အဦးထားသော 'နာမမူလကနယ' အကျဉ်း

(၁) နာမ်ကြောင့် မသိမှု 'အဝိဇ္ဇာ' သည် ဖြစ်၏။ပ။

------

## ၅ - ဆဋ္ဌာယတနကို အဦးထားသော 'ဆဋ္ဌာယတနမူလကနယ' အကျဉ်း

(၁) ခြောက်ခုမြောက် မနာယတနကြောင့် မသိမှု 'အဝိဇ္ဇာ'သည် ဖြစ်၏။ပ။

------

## ၆ - ဖဿကို အဦးထားသော 'ဖဿမူလကနယ' အကျဉ်း

(၁) တွေ့ထိမှု ဖဿကြောင့် မသိမှု 'အဝိဇ္ဇာ' သည် ဖြစ်၏။ပ။

------

## ၇ - ဝေဒနာကို အဦးထားသော 'ဝေဒနာမူလကနယ' အကျဉ်း

(၁) ခံစားမှု 'ဝေဒနာ' ကြောင့် မသိမှု 'အဝိဇ္ဇာ'သည် ဖြစ်၏။ပ။

------

## ၈ - တဏှာကို အဦးထားသော 'တဏှာမူလကနယ' အကျဉ်း

(၁) တပ်မက်မှု 'တဏှာ'ကြောင့် မသိမှု 'အဝိဇ္ဇာ'သည် ဖြစ်၏။ပ။

------

# ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ

## ၉ - ဥပါဒါန်ကို အဦးထားသော ‘ဥပါဒါနမူလကနယ’ အကျဉ်း

(၁)။ စွဲလမ်းမှု ‘ဥပါဒါန်’ ကြောင့် မသိမှု ‘အဝိဇ္ဇာ’ သည် ဖြစ်၏။ပ။

**မှတ်ချက်။** ။ သင်္ခါရမူလကနယမာတိကာစသော ၈-ခုတို့၌ ပေယျာလ၏ အဓိပ္ပါယ်မှာ-ဆိုခဲ့ပြီးသောအဝိဇ္ဇာ မူလကနယမာတိကာကဲ့သို့ နယတစ်ခုစီ၌ ပစ္စယစတုက္က, ဟေတုစတုက္က, သမ္ပယုတ္တစတုက္က, အညမညစတုက္ကဟု လေးခုစီရှိသည်၊ ယင်းစတုက္ကတစ်ခုစီ၌လည်း မပြည့်မစုံအင်္ဂါ ၁၁-ပါး ရှိသော ဝါရစသည်ဖြင့် လေးဝါရ စီရှိပါသည်။ ထို့ကြောင့် ယင်းပေယျာလကို ဖော်ထုတ်ရလျှင် (၈, ၄ = ၃၂, ၄ =၁၂၈) ဝါရပေါင်း၁၂၈- ဝါရကုန်စင်အောင် ဟောရပါမည်။ ပေါင်း (၉, ၄ = ၃၆, ၄ =၁၄၄) နည်း၊ ၉-မျိုး၊ စတုက္က-၃၆၊ ဝါရ-၁၄၄ ဖြစ်သည်။

------

# ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ

## အကုသိုလ်စိတ္တက္ခဏတစ်ခု၌ ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂-ပါးဖြစ်ပုံ အကျဉ်း

(၁) မသိမှု ‘အဝိဇ္ဇာ’ ကြောင့် ပြုစီရင်မှု ‘သင်္ခါရ’ သည် ဖြစ်၏။

(၂) ပြုစီရင်မှု ‘သင်္ခါရ’ ကြောင့် သိမှု ‘ဝိညာဏ်’ သည် ဖြစ်၏။

(၃) သိမှု ‘ဝိညာဏ်’ ကြောင့် နာမ်သည် ဖြစ်၏။

(၄) နာမ်ကြောင့် ခြောက်ခုမြောက် မနာယတနသည် ဖြစ်၏။

(၅) ခြောက်ခုမြောက် ‘မနာယတန’ ကြောင့် တွေ့ထိမှု ‘ဖဿ’ သည် ဖြစ်၏။

(၆) တွေ့ထိမှု ‘ဖဿ’ ကြောင့် ခံစားမှု ‘ဝေဒနာ’ သည် ဖြစ်၏။

(၇) ခံစားမှု ‘ဝေဒနာ’ ကြောင့် တပ်မက်မှု ‘တဏှာ’ သည် ဖြစ်၏။

(၈) တပ်မက်မှု ‘တဏှာ’ ကြောင့် စွဲလမ်းမှု ‘ဥပါဒါန်’ သည် ဖြစ်၏။

(၉) စွဲလမ်းမှု ‘ဥပါဒါန်’ ကြောင့် ကမ္မဘဝသည် ဖြစ်၏။

(၁၀) ကမ္မဘဝကြောင့် နာမ်တရားဖြစ်ပေါ်မှု ‘ဇာတိ’ သည် ဖြစ်၏။

(၁၁) နာမ်တရားဖြစ်ပေါ်မှု ‘ဇာတိ’ ကြောင့်

(၁၂) အိုခြင်း ‘ဇရာ’ သေခြင်း ‘မရဏ’ သည် ဖြစ်၏။ ဤဆိုခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

**အကျဉ်းပြီး၏။**

------

# ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ

## ၁ - အဝိဇ္ဇာကိုအဦးထားသော (အဝိဇ္ဇာမူလကနယ) အကျယ်

## ၅ - ပစ္စယသဒ္ဒါဖြင့်ဟောသော (ဝါရလေးမျိုး) အကျယ်

## ၂ - အကုသိုလ်တရားတို့၌ ပဋိစ္စသမုပ္ပါဒ် လှည့်နည်း အကျယ်

## လောဘမူ သောမနဿ ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ်၌ ပဋိစ္စသမုပ္ပါဒ် လှည့်နည်း

## (၁) မပြည့်မစုံ အင်္ဂါ ၁၂-ပါးရှိသောဝါရ

၂၄၈။ အဘယ်တို့သည် အကုသိုလ်တရားတို့ မည်ကုန်သနည်း။

အကြင်အခါ၌ သောမနဿဝေဒနာနှင့် တကွဖြစ်သော (မိစ္ဆာ) ဒိဋ္ဌိနှင့် ယှဉ်သော ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံတို့တွင် (အမှတ်မရှိ) တစ်ပါးပါးသော အာရုံကို အာရုံပြုသော အကုသိုလ်စိတ်သည် ဖြစ်၏။ ထိုအခါ-

(၁) မသိမှု မောဟဟူသော 'အဝိဇ္ဇာ' ကြောင့် ပြုစီရင်မှု (အကုသိုလ်စေတနာ) သည် ဖြစ်၏။

(၂) ပြုစီရင်မှု (အကုသိုလ်စေတနာ) ကြောင့် သိမှု (လောဘမူပဌမစိတ်ဝိညာဏ်) သည် ဖြစ်၏။

(၃) သိမှု (လောဘမူပဌမစိတ်ဝိညာဏ်) ကြောင့် နာမ် (စေတသိက်ခန္ဓာသုံးပါး) သည် ဖြစ်၏။

(၄) နာမ် (စေတသိက်ခန္ဓာသုံးပါး) ကြောင့် ခြောက်ခုမြောက် (လောဘမူ) မနာယတနသည် ဖြစ်၏။

(၅) ခြောက်ခုမြောက် (လောဘမူ) မနာယတနကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ'ကြောင့် ခံစားမှု (သောမနဿဝေဒနာ) သည် ဖြစ်၏။

(၇) ခံစားမှု 'သောမနဿဝေဒနာ' ကြောင့် တပ်မက်မှု 'တဏှာ' သည် ဖြစ်၏။

(၈) တပ်မက်မှု 'တဏှာ' ကြောင့် စွဲလမ်းမှု 'ဒိဋ္ဌုပါဒါန်'သည် ဖြစ်၏။

(၉) စွဲလမ်းမှု 'ဒိဋ္ဌုပါဒါန်' ကြောင့် နာမ်ခန္ဓာလေးပါးဘဝသည် ဖြစ်၏။

(၁၀) နာမ်ခန္ဓာလေးပါးဘဝကြောင့် နာမ်တရားတို့၏ အသစ်ဖြစ်ပေါ်မှု 'ဇာတိ'သည် ဖြစ်၏။

(၁၁) နာမ်တရားတို့ အသစ်ဖြစ်ပေါ်မှု 'ဇာတိ'ကြောင့်

(၁၂) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏၊ ဤဆိုခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲမှု အစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

------

# ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ

## မပြည့်မစုံ အင်္ဂါ ၁၂-ပါးရှိသောဝါရ အကျယ်

၂၄၉။ **(၁) အဝိဇ္ဇာ။ ။**

ထိုအင်္ဂါ၁၂-ပါးတို့တွင် အဘယ်သည် မသိမှု မောဟဟူသော 'အဝိဇ္ဇာ' မည်သနည်း။

အကြင်မသိခြင်းသဘော 'အညာဏ'၊ မမြင်ခြင်းသဘော 'အဒဿန'။ပ။ တံခါးကျင် (မင်းတုပ်) နှင့်တူသော မသိမှု သဘော 'အဝိဇ္ဇာလင်္ဂီ'၊ အကုသိုလ်မူလဟုဆိုအပ်သော တွေဝေမှု 'မောဟ' သည် ရှိ၏။

ဤသဘောကို မသိမှု 'အဝိဇ္ဇာ'ဟု ဆိုအပ်၏။

**(၂) သင်္ခါရ။ ။**

ထိုအင်္ဂါ၁၂-ပါးတို့တွင် အဘယ်သည် မသိမှု (အဝိဇ္ဇာ) ကြောင့်ဖြစ်သောပြုစီရင်မှု (သင်္ခါရ) မည်သနည်း။

အကြင်စေ့ဆော်မှု သဘော 'စေတနာ'၊ ကောင်းစွာစေ့ဆော်မှု သဘော 'သဉ္စေတနာ'၊ စေ့ဆော်တတ်သည်၏ အဖြစ် 'သဉ္စေတယိတတ္တ' သည် ရှိ၏။ ဤသဘောကို မသိမှု (အဝိဇ္ဇာ) ကြောင့်ဖြစ်သော ပြုစီရင်မှု (သင်္ခါရ) ဟု ဆိုအပ်၏။

**(၃) ဝိညာဏ်။ ။**

ထိုအင်္ဂါ၁၂-ပါးတို့တွင် အဘယ်သည် ပြုစီရင်မှု (သင်္ခါရ) ကြောင့်ဖြစ်သောသိမှု (ဝိညာဏ်) မည်သနည်း။

အကြင်ဆန်းကြယ်သောသဘော 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'၊ စိတ်နှလုံး 'ဟဒယ'၊ ဖြူစင်ခြင်း 'ပဏ္ဍရ'၊ အသိသဘော 'မန'၊ သိမှု ဖြစ်ရာဌာန 'မနာယတန'၊ အစိုးတရသိမှု 'မနိန္ဒြေ'၊ အထူးသိမှု 'ဝိညာဏ'၊ အထူးသိမှု အစု 'ဝိညာဏက္ခန္ဓာ'၊ ထိုစိတ်အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကို ပြုစီရင်မှု 'သင်္ခါရ'ကြောင့်ဖြစ်သောသိမှု 'ဝိညာဏ်' ဟု ဆိုအပ်၏။

**(၄) နာမ်။ ။**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် သိမှု 'ဝိညာဏ်'ကြောင့်ဖြစ်သော နာမ် မည်သနည်း။

ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုစီရင်မှု အစု 'သင်္ခါရက္ခန္ဓာ'၊ ဤသဘော ကိုသိမှု 'ဝိညာဏ်'ကြောင့်ဖြစ်သော နာမ်ဟု ဆိုအပ်၏။

**(၅) မနာယတန။ ။**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် နာမ်ကြောင့်ဖြစ်သော ခြောက်ခုမြောက် မနာယတန မည်သနည်း။

အကြင်ဆန်းကြယ်သောသဘော 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'၊ စိတ်နှလုံး 'ဟဒယ'၊ ဖြူစင်ခြင်း 'ပဏ္ဍရ'၊ အသိသဘော 'မန'၊ သိမှု ဖြစ်ရာဌာန 'မနာယတန'၊ အစိုးတရသိမှု 'မနိန္ဒြေ'၊ အထူးသိမှု 'ဝိညာဏ'၊ အထူးသိမှု အစု 'ဝိညာဏက္ခန္ဓာ'၊ ထိုစိတ်အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်'သည် ရှိ၏။ ဤသဘောကို နာမ်ကြောင့်ဖြစ်သော ခြောက်ခုမြောက် မနာယတနဟု ဆိုအပ်၏။

(၆) ဖဿ။ ။

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် ခြောက်ခုမြောက် မနာယတနကြောင့်ဖြစ်သော တွေ့ထိမှု 'ဖဿ' မည်သနည်း။

အကြင် တွေ့ထိမှု သဘော 'ဖဿ'၊ တွေ့ထိသောအခြင်းအရာ 'ဖုသနာ'၊ ကောင်းစွာတွေ့ထိသော အခြင်းအရာ 'သမ္ဖုသနာ'၊ ကောင်းစွာ တွေ့ထိတတ်သည်၏ အဖြစ် 'သမ္ဖုသိတတ္တ' သည် ရှိ၏။ ဤသဘောကို ခြောက်ခုမြောက် မနာယတနကြောင့်ဖြစ်သော တွေ့ထိမှု 'ဖဿ' ဟု ဆိုအပ်၏။

(၇) ဝေဒနာ။ ။

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် တွေ့ထိမှု (ဖဿ) ကြောင့် ဖြစ်သောခံစားမှု 'ဝေဒနာ' မည်သနည်း။

အကြင်စိတ်၌ ဖြစ်သော သာယာမှု 'စေတသိကသာတ'၊ စိတ်၌ ဖြစ်သောချမ်းသာမှု 'စေတသိကသုခ'၊ စိတ်၌ တွေ့ထိမှု ကြောင့်ဖြစ်သော သာယာဖွယ်ကောင်းသော ချမ်းသာသော ခံစားမှု 'စေတော သမ္ဖဿဇ သာတသုခ ဝေဒယိတ'၊ စိတ်အတွေ့ကြောင့်ဖြစ်သော သာယာဖွယ်ကောင်းသော ချမ်းသာသော ခံစားမှု သဘော 'စေတောသမ္ဖဿဇာ သာတသုခဝေဒနာ' သည် ရှိ၏၊ ဤသဘောကို တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' ဟု ဆိုအပ်၏။

(၈) တဏှာ။ ။

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် ခံစားမှု (ဝေဒနာ) ကြောင့်ဖြစ်သောတပ်မက်မှု (တဏှာ) မည်သနည်း။

အကြင် တပ်မက်ခြင်းသဘော (ရာဂ)၊ ပြင်းစွာတပ်မက်ခြင်းသဘော (သာရာဂ)၊ အဖန်ဖန် ဆွဲဆောင်ခြင်း သဘော (အနုနယ)၊ မဆန့်ကျင်ခြင်းသဘော (အနုရောဓ)၊ နှစ်သက်ခြင်းသဘော (နန္ဒီ)၊ နှစ်သက် တပ်မက်ခြင်းသဘော (နန္ဒိရာဂ)၊ စိတ်၏ ပြင်းစွာတပ်မက်ခြင်းသဘော (စိတ္တဿသာရာဂ) သည် ရှိ၏။ ဤသဘောကို ခံစားမှု 'ဝေဒနာ' ကြောင့်ဖြစ်သော တပ်မက်မှု 'တဏှာ' ဟု ဆိုအပ်၏။

(၉) ဥပါဒါန်။ ။

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် တပ်မက်မှု 'တဏှာ' ကြောင့်ဖြစ်သောစွဲလမ်းမှု (ဥပါဒါန်) မည် သနည်း။

အကြင်အမြင်မှားမှု (ဒိဋ္ဌိ)၊ အမြင်မှားမှု တို့၌ ပါဝင်ခြင်းသဘော (ဒိဋ္ဌိဂတ)၊ အမြင်မှားမှု ဟူသော တောအုပ် (ဒိဋ္ဌိဂဟန)၊ အမြင်မှားမှုဟူသောခရီးခဲ (ဒိဋ္ဌိကန္တာရ)၊ အမြင်မှန်ကို ထွင်းဖောက်ဖျက်ဆီးခြင်း သဘော (ဒိဋ္ဌိဝိသူကာယိက)၊ အမြင်မှားမှုဟူသော ဖေါက်ပြန်တုန်လှုပ်ခြင်းသဘော (ဒိဋ္ဌိဝိပ္ဖန္ဒိတ)။ပ။

ဖောက်ပြန်မှားယွင်းသောအားဖြင့် စွဲယူခြင်းသဘော (ဝိပရိယာသဂ္ဂါဟ) သည် ရှိ၏။ ဤသဘောကို တပ်မက်မှု (တဏှာ) ကြောင့်ဖြစ်သော စွဲလမ်းမှု 'ဥပါဒါန်' ဟု ဆိုအပ်၏။

(၁၀) ဘဝ။ ။

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် စွဲလမ်းမှု 'ဥပါဒါန်'ကြောင့်ဖြစ်သောဘဝ မည်သနည်း။

စွဲလမ်းမှု 'ဥပါဒါန်' ကို ထား၍ ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရက္ခန္ဓာ'၊ သိမှု အစု 'ဝိညာဏက္ခန္ဓာ'သည် ရှိ၏။ ဤသဘောတရားတို့ကို စွဲလမ်းမှု 'ဥပါဒါန်' ကြောင့်ဖြစ်သော ဘဝဟု ဆိုအပ်၏။

**(၁၁) ဇာတိ။ ။**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် ဘဝကြောင့်ဖြစ်သော ဇာတိ မည်သနည်း။

ထိုထိုတရားတို့၏ အကြင်ဖြစ်ခြင်း 'ဇာတိ'၊ ကောင်းစွာဖြစ်ခြင်း 'သဉ္ဇာတိ'၊ ဖြစ်ပေါ်ခြင်း 'နိဗ္ဗတ္တိ'၊ အသစ်ဖြစ်ပေါ်ခြင်း 'အဘိနိဗ္ဗတ္တိ'၊ ထင်ရှားဖြစ်ခြင်း 'ပါတုဘာဝ' သည် ရှိ၏။ ဤသဘောကို ဘဝကြောင့် ဖြစ်သော ဇာတိဟု ဆိုအပ်၏။

**(၁၂) ဇရာ မရဏ။ ။**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် ဇာတိကြောင့်ဖြစ်သော အိုခြင်း 'ဇရာ'သေခြင်း 'မရဏ' မည်သနည်း။

အိုခြင်း 'ဇရာ' သည် ရှိ၏၊ သေခြင်း 'မရဏ' သည် ရှိ၏။ ထိုနှစ်ပါးတို့တွင် အဘယ်သည် အိုခြင်း 'ဇရာ' မည်သနည်း။

ထိုထိုတရားတို့၏ အကြင်အိုခြင်း 'ဇရာ'၊ ရင့်ရော်ခြင်း 'ဇီရဏတာ'၊ အသက်ဆုတ်ယုတ်ခြင်း 'အာယုသံဟာနိ' သည် ရှိ၏။ ဤသဘောကို အိုခြင်း 'ဇရာ' ဟု ဆိုအပ်၏။

ထိုနှစ်ပါးတို့တွင် အဘယ်သည် သေခြင်း 'မရဏ' မည်သနည်း။

ထိုထိုတရားတို့၏ အကြင်ကုန်ခြင်း 'ခယ'၊ ပျက်ခြင်း 'ဝယ'၊ ကွဲပြိုခြင်း 'ဘေဒ'၊ ထက်ဝန်းကျင် ကွဲပြိုခြင်း 'ပရိဘေဒ'၊ မမြဲခြင်း 'အနိစ္စတာ'၊ ကွယ်ပျောက်ခြင်း 'အန္တရဓာန'သည် ရှိ၏။ ဤသဘောကို သေခြင်း (မရဏ) ဟု ဆိုအပ်၏။

ဤသို့ အိုခြင်း 'ဇရာ'သည်လည်းကောင်း သေခြင်း 'မရဏ'သည်လည်းကောင်း ရှိ၏၊ ဤသဘောကို ဇာတိကြောင့်ဖြစ်သော အိုခြင်း 'ဇရာ'၊ သေခြင်း 'မရဏ'ဟု ဆိုအပ်၏။ ဤဆိုခဲ့ပြီးသော နည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏ဟူသော ဤစကား၌ ချမ်းသာနှင့် မရောသော ဆင်းရဲအစု၏ ပေါင်းဆုံခြင်းသည် ဖြစ်၏၊ အညီအညွတ် ရောက်ခြင်းသည် ဖြစ်၏၊ ပေါင်းရုံးခြင်းသည် ဖြစ်၏၊ ထင်ရှားဖြစ်ပေါ်ခြင်းသည် ဖြစ်၏။

------

## ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ

### (၂) မပြည့်မစုံ အင်္ဂါ ၁၁-ပါးရှိသောဝါရ

၂၅၀။ (၁) ထိုအခါ မသိမှု 'အဝိဇ္ဇာ' ကြောင့် ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။

(၂) ပြုစီရင်မှု သင်္ခါရကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏။

(၄) နာမ်ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၅) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၆) ခံစားမှု 'ဝေဒနာ' ကြောင့် တပ်မက်မှု 'တဏှာ' သည် ဖြစ်၏။

(၇) တပ်မက်မှု 'တဏှာ' ကြောင့် စွဲလမ်းမှု 'ဥပါဒါန်' သည် ဖြစ်၏။

(၈) စွဲလမ်းမှု 'ဥပါဒါန်' ကြောင့် ဘဝသည် ဖြစ်၏။

(၉) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၁၀) ဇာတိကြောင့်-

(၁၁) အိုခြင်း 'ဇရာ' သေခြင်း 'မရဏ' သည် ဖြစ်၏။ ဤဆိုခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

------

# ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ

## (၂) မပြည့်မစုံ အင်္ဂါ ၁၁-ပါးရှိသောဝါရ အကျယ်

၂၅၁။ **(၁) အဝိဇ္ဇာ**

ထိုအင်္ဂါ ၁၁-ပါးတို့တွင် အဘယ်သည် မသိမှု မောဟဟူသော (အဝိဇ္ဇာ) မည်သနည်း။

အကြင်မသိခြင်းသဘော 'အညာဏ'၊ မမြင်ခြင်းသဘော 'အဒဿန'။ပ။ တံခါးကျင် (မင်းတုပ်) နှင့်တူသော မသိမှု သဘော 'အဝိဇ္ဇာလင်္ဂီ'၊ အကုသိုလ်မူလဟုဆိုအပ်သော တွေဝေမှု 'မောဟ' သည် ရှိ၏၊ ဤသဘောကို မသိမှု 'အဝိဇ္ဇာ' ဟု ဆိုအပ်၏။

**(၂) သင်္ခါရ**

ထိုအင်္ဂါ ၁၁-ပါးတို့တွင် အဘယ်သည် မသိမှု 'အဝိဇ္ဇာ' ကြောင့်ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ' မည်သနည်း။

အကြင်စေ့ဆော်မှု သဘော 'စေတနာ'၊ ကောင်းစွာစေ့ဆော်မှု သဘော 'သဉ္စေတနာ'၊ စေ့ဆော်တတ်သည်၏ အဖြစ် 'သဉ္စေတယိတတ္တ' သည် ရှိ၏။ ဤသဘောကို မသိမှု 'အဝိဇ္ဇာ' ကြောင့်ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ' ဟု ဆိုအပ်၏။

**(၃) ဝိညာဏ်**

ထိုအင်္ဂါ၁၁-ပါးတို့တွင် အဘယ်သည် ပြုစီရင်မှု 'သင်္ခါရ' ကြောင့်ဖြစ်သောသိမှု 'ဝိညာဏ်' မည်သနည်း။

အကြင်ဆန်းကြယ်သောသဘော 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။

ထိုစိတ်အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကိုပြုစီရင်မှု 'သင်္ခါရ' ကြောင့်ဖြစ်သော သိမှု 'ဝိညာဏ်' ဟု ဆိုအပ်၏။

**(၄) နာမ်**

ထိုအင်္ဂါ၁၁-ပါးတို့တွင် အဘယ်သည် သိမှု 'ဝိညာဏ်' ကြောင့်ဖြစ်သော နာမ် မည်သနည်း။

ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုစီရင်မှု အစု 'သင်္ခါရက္ခန္ဓာ' သည် ရှိ၏။ ဤသဘောကို သိမှု 'ဝိညာဏ်' ကြောင့်ဖြစ်သော နာမ်ဟု ဆိုအပ်၏။

နာမ်ကြောင့် တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏ ဟုဆိုရာ၌ အဘယ်သည် နာမ် မည်သနည်း။

တွေ့ထိမှု 'ဖဿ' ကို ထား၍ ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါ ရက္ခန္ဓာ'၊ သိမှု အစု 'ဝိညာဏက္ခန္ဓာ' သည် ရှိ၏။ ဤသဘောကို နာမ်ဟု ဆိုအပ်၏။

**(၅) ဖဿ**

ထိုအင်္ဂါ၁၁-ပါးတို့တွင် အဘယ်သည် နာမ်ကြောင့် ဖြစ်သော တွေ့ထိမှု 'ဖဿ' မည်သနည်း။

အကြင်တွေ့ထိမှု သဘော 'ဖဿ'၊ တွေ့ထိသောအခြင်းအရာ 'ဖုသနာ'၊ ကောင်းစွာတွေ့ထိသော အခြင်းအရာ 'သမ္ဖုသနာ'၊ ကောင်းစွာတွေ့ထိတတ်သည်၏အဖြစ် 'သမ္ဖုသိတတ္တ' သည် ရှိ၏။ ဤသဘောကို နာမ်ကြောင့် ဖြစ်သော တွေ့ထိမှု (ဖဿ) ဟု ဆိုအပ်၏။ပ။ ထို့ကြောင့် ဤဆိုအပ်ပြီးသော နည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏ဟု ဆိုအပ်၏။

------

# ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ

## (၃) အပြည့်အစုံ အင်္ဂါ ၁၂-ပါးရှိသောဝါရ

၂၅၂။ (၁) ထိုအခါ မသိမှု ‘အဝိဇ္ဇာ’ကြောင့် ပြုစီရင်မှု ‘သင်္ခါရ’သည် ဖြစ်၏။

(၂) ပြုစီရင်မှု ‘သင်္ခါရ’ကြောင့် သိမှု ‘ဝိညာဏ်’သည် ဖြစ်၏။

(၃) သိမှု ‘ဝိညာဏ်’ ကြောင့် နာမ်ရုပ်သည် ဖြစ်၏။

(၄) နာမ်ရုပ်ကြောင့် ခြောက်ခုမြောက် မနာယတနသည် ဖြစ်၏။

(၅) ခြောက်ခုမြောက် ‘မနာယတန’ ကြောင့် တွေ့ထိမှု (ဖဿ) သည် ဖြစ်၏။

(၆) တွေ့ထိမှု ‘ဖဿ’ ကြောင့် ခံစားမှု ‘ဝေဒနာ’သည် ဖြစ်၏။

(၇) ခံစားမှု ‘ဝေဒနာ’ ကြောင့် တပ်မက်မှု ‘တဏှာ’ သည် ဖြစ်၏။

(၈) တပ်မက်မှု ‘တဏှာ’ ကြောင့် စွဲလမ်းမှု ‘ဥပါဒါန်’ သည် ဖြစ်၏။

(၉) စွဲလမ်းမှု ‘ဥပါဒါန်’ ကြောင့် ဘဝသည် ဖြစ်၏။

(၁၀) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၁၁) ဇာတိကြောင့်-

(၁၂) အိုခြင်း သေခြင်း ‘ဇရာမရဏ’သည် ဖြစ်၏။

ဤဆိုခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

------

# ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ

## (၃) အပြည့်အစုံ အင်္ဂါ ၁၂-ပါးရှိသောဝါရ အကျယ်

၂၅၃။ **(၁) အဝိဇ္ဇာ**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် မသိမှု (အဝိဇ္ဇာ) မည်သနည်း။

အကြင်မသိခြင်းသဘော 'အညာဏ'၊ မမြင်ခြင်းသဘော 'အဒဿန'။ပ။ တံခါးကျင် (မင်းတုပ်) နှင့် တူသော မသိမှု သဘော 'အဝိဇ္ဇာလင်္ဂီ'၊ အကုသိုလ်မူလဟုဆိုအပ်သော တွေဝေမှု 'မောဟ' သည် ရှိ၏။ ဤသဘောကို မသိမှု (အဝိဇ္ဇာ) ဟု ဆိုအပ်၏။

**(၂) သင်္ခါရ**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် မသိမှု 'အဝိဇ္ဇာ'ကြောင့်ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ' မည်သနည်း။

အကြင်စေ့ဆော်မှု သဘော 'စေတနာ'၊ ကောင်းစွာစေ့ဆော်မှု သဘော 'သဉ္စေတနာ'၊ စေ့ဆော် တတ်သည်၏ အဖြစ် 'သဉ္စေတယိတတ္တ' သည် ရှိ၏။ ဤသဘောကို မသိမှု 'အဝိဇ္ဇာ' ကြောင့် ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ' ဟု ဆိုအပ်၏။

**(၃) ဝိညာဏ်**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် ပြုစီရင်မှု (သင်္ခါရ) ကြောင့်ဖြစ်သော သိမှု 'ဝိညာဏ်' မည်သနည်း။

အကြင်ဆန်းကြယ်သောသဘော 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'၊ ထိုစိတ် အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကိုပြုစီရင်မှု (သင်္ခါရ) ကြောင့်ဖြစ်သော သိမှု (ဝိညာဏ်) ဟု ဆိုအပ်၏။

**(၄) နာမ်ရုပ်**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် သိမှု (ဝိညာဏ်) ကြောင့်ဖြစ်သော နာမ်ရုပ် မည်သနည်း။

နာမ်သည် ရှိ၏။ ရုပ်သည် ရှိ၏။ ထိုနာမ်ရုပ် ၂-ပါးတို့တွင် အဘယ်သည် နာမ် မည်သနည်း။

ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရက္ခန္ဓာ' သည် ရှိ၏။ ဤသဘောကို နာမ်ဟု ဆိုအပ်၏။

ထို၂-ပါးတို့တွင် အဘယ်သည် ရုပ် မည်သနည်း။

စက္ခာယတန၏ကြီးပွါးမှု ၊ သောတာယတန၏ကြီးပွါးမှု ၊ ဃာနာယတန၏ကြီးပွါးမှု ၊ ဇိဝှါယတန၏ ကြီးပွါးမှု ၊ ကာယာယတန၏ကြီးပွါးမှုသည် ရှိ၏။ ကမ္မဇရုပ်မှ တစ်ပါးသော စိတ်ဟူသော ဟိတ်ရှိသော စိတ် ကြောင့်ဖြစ်သော အကြင်စိတ္တဇရုပ်သည်လည်း ရှိ၏။ ဤကမ္မဇရုပ် စိတ္တဇရုပ် ၂-မျိုးကို ရုပ်ဟု ဆိုအပ်၏။ ဤဆိုခဲ့ပြီးသော နာမ်နှင့်ရုပ်တို့ကို သိမှု (ဝိညာဏ်) ကြောင့်ဖြစ်သော နာမ်ရုပ်ဟု ဆိုအပ် ကုန်၏။ နာမ် ရုပ်အကြောင်းကြောင့်ဖြစ်သော ခြောက်ခုမြောက်မနာယတနသည် ဖြစ်၏ဟု ဆိုရာ၌-

နာမ်သည် ရှိ၏၊ ရုပ်သည် ရှိ၏၊ ထို ၂-ပါးတို့တွင် အဘယ်သည် နာမ် မည်သနည်း။

ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရက္ခန္ဓာ' သည် ရှိ၏။ ဤသဘောကို နာမ်ဟု ဆိုအပ်၏။

ထို ၂-ပါးတို့တွင် အဘယ်သည် ရုပ် မည်သနည်း။

အကြင်ဟဒယဝတ္ထုရုပ်ကို မှီ၍ မနောဝိညာဏဓာတ်သည် ဖြစ်၏၊ ဤသဘောကို ရုပ်ဟု ဆိုအပ်၏။

ဤဆိုခဲ့ပြီးသော နာမ်နှင့် ရုပ်တို့ကို နာမ်ရုပ်ဟု ဆိုအပ်ကုန်၏။

**(၅) မနာယတန**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် နာမ်ရုပ်ကြောင့်ဖြစ်သော ခြောက်ခုမြောက် မနာယတန မည်သနည်း။

အကြင်ဆန်းကြယ်သောသဘော 'စိတ္တ'၊ သိမှု သဘော 'မန'၊ သိခြင်းသဘော 'မာနသ'။ပ။ ထိုစိတ်အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကို နာမ်ရုပ်ကြောင့် ဖြစ်သော ခြောက်ခုမြောက် မနာယတနဟု ဆိုအပ်ကုန်၏။

**(၆) ဖဿ**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် ခြောက်ခုမြောက် မနာယတနကြောင့် ဖြစ်သော တွေ့ထိမှု 'ဖဿ' မည်သနည်း။

အကြင်တွေ့ထိမှု သဘော 'ဖဿ'၊ တွေ့ထိသောအခြင်းအရာ 'ဖုသနာ'၊ ကောင်းစွာ တွေ့ထိသော အခြင်းအရာ 'သမ္ဖုသနာ'၊ ကောင်းစွာ တွေ့ထိတတ်သည်၏ အဖြစ် 'သမ္ဖုသိတတ္တ' သည် ရှိ၏။ ဤသဘောကို ခြောက်ခုမြောက် မနာယတနကြောင့် ဖြစ်သော တွေ့ထိမှု 'ဖဿ'ဟု ဆိုအပ်၏။ပ။ ထို့ကြောင့် ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲ အစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

------

# ပဋ္ဌိစ္စသမုပ္ပါဒဝိဘင်္ဂ

## (၄) လုံးဝပြည့်စုံသည့် အင်္ဂါ ၁၂-ပါးရှိသောဝါရ

၂၅၄။ (၁) ထိုအခါ မသိမှု 'အဝိဇ္ဇာ' ကြောင့် ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု (ဝိညာဏ်) သည် ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့် နာမ်ရုပ်သည် ဖြစ်၏။

(၄) နာမ်ရုပ်ကြောင့် 'အာယတန' ခြောက်ပါးသည် ဖြစ်၏။

(၅) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ 'သည် ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့် တပ်မက်မှု 'တဏှာ' သည် ဖြစ်၏။

(၈) တပ်မက်မှု 'တဏှာ' ကြောင့် စွဲလမ်းမှု 'ဥပါဒါန်' သည် ဖြစ်၏။

(၉) စွဲလမ်းမှု 'ဥပါဒါန်' ကြောင့် ဘဝသည် ဖြစ်၏။

(၁၀) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၁၁) ဇာတိကြောင့်-

(၁၂) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုခဲ့ပြီးသော နည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

------

# ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ

## (၄) လုံးဝပြည့်စုံသည့် အင်္ဂါ ၁၂-ပါးရှိသောဝါရ အကျယ်

၂၅၅။ **(၁) အဝိဇ္ဇာ**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် မသိမှု (အဝိဇ္ဇာ) မည်သနည်း။

အကြင်မသိခြင်းသဘော 'အညာဏ'၊ မမြင်ခြင်းသဘော 'အဒဿန'။ပ။ တံခါးကျင် (မင်းတုပ်) နှင့်တူသော မသိမှု သဘော 'အဝိဇ္ဇာလင်္ဂီ'၊ အကုသိုလ်မူလဟုဆိုအပ်သော တွေဝေမှု 'မောဟ' သည် ရှိ၏။ ဤသဘောကို မသိမှု 'အဝိဇ္ဇာ' ဟု ဆိုအပ်၏။

**(၂) သင်္ခါရ**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် မသိမှု 'အဝိဇ္ဇာ'ကြောင့်ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ' မည်သနည်း။

အကြင် စေ့ဆော်မှု သဘော 'စေတနာ'၊ ကောင်းစွာ စေ့ဆော်မှု သဘော 'သဉ္စေတနာ'၊ စေ့ဆော်တတ်သည်၏ အဖြစ် 'သဉ္စေတယိတတ္တ' သည် ရှိ၏။ ဤသဘောကို မသိမှု 'အဝိဇ္ဇာ'ကြောင့်ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ' ဟု ဆိုအပ်၏။

**(၃) ဝိညာဏ်**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် ပြုစီရင်မှု 'သင်္ခါရ'ကြောင့်ဖြစ်သော သိမှု 'ဝိညာဏ်' မည်သနည်း။

အကြင် ဆန်းကြယ်သောသဘော 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ်အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကိုပြုစီရင်မှု 'သင်္ခါရ' ကြောင့်ဖြစ်သော သိမှု 'ဝိညာဏ်' ဟု ဆိုအပ်၏။

**(၄) နာမ်ရုပ်**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် သိမှု 'ဝိညာဏ်' ကြောင့်ဖြစ်သော နာမ်ရုပ် မည်သနည်း။

နာမ်သည် ရှိ၏။ ရုပ်သည် ရှိ၏။ ထို ၂-ပါးတို့တွင် အဘယ်သည် နာမ် မည်သနည်း။

ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရက္ခန္ဓာ' သည် ရှိ၏။ ဤသဘောကို နာမ်ဟု ဆိုအပ်၏။

ထို ၂-ပါးတို့တွင် အဘယ်သည် ရုပ် မည်သနည်း။

စက္ခာယတန၏ ကြီးပွါးမှု ၊ သောတာယတန၏ကြီးပွါးမှု ၊ ဃာနာယတန၏ကြီးပွါးမှု ၊ ဇိဝှါယတန၏ ကြီးပွါးမှု ၊ ကာယာယတန၏ကြီးပွါးမှုသည် ရှိ၏။ ကမ္မဇရုပ်မှ တစ်ပါးသော စိတ်ဟူသော ဟိတ်ရှိသော စိတ် ကြောင့်ဖြစ်သော အကြင်စိတ္တဇရုပ်သည်လည်း ရှိ၏။ ဤကမ္မဇရုပ်နှင့် စိတ္တဇရုပ်ကို ရုပ်ဟု ဆိုအပ်ကုန်၏။ ဆိုအပ်ခဲ့ပြီးသော နာမ်နှင့် ရုပ်ကို သိမှု (ဝိညာဏ်) ကြောင့်ဖြစ်သော နာမ်ရုပ်ဟု ဆိုအပ်၏။

နာမ် ရုပ်ကြောင့် အာယတနခြောက်ပါးဖြစ်၏ ဟု ဆိုရာ၌-

နာမ်သည် ရှိ၏၊ ရုပ်သည် ရှိ၏။ ထို ၂-ပါးတို့တွင် အဘယ်သည် နာမ် မည်သနည်း။

ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရက္ခန္ဓာ' သည် ရှိ၏။ ဤသဘောကို နာမ်ဟု ဆိုအပ်၏။

ထို ၂-ပါးတို့တွင် အဘယ်သည် ရုပ် မည်သနည်း။

မဟာဘုတ်လေးပါးတို့သည် လည်းကောင်း၊ မနောဝိညာဏဓာတ်၏ မှီရာဖြစ်သော ဟဒယဝတ္ထုရုပ်သည် လည်းကောင်း ရှိ၏၊ ဤမဟာဘုတ်နှင့် ဟဒယဝတ္ထုကို ရုပ်ဟု ဆိုအပ်၏။ ဤဆိုအပ်ခဲ့ပြီးသော နာမ်နှင့် ရုပ်ကို နာမ်ရုပ်ဟု ဆိုအပ်၏။

**(၅) သဠာယတန**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် နာမ် ရုပ်ကြောင့်ဖြစ်သော 'အာယတန' ခြောက်ပါး မည်သနည်း။

မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'၊ ကြားသိစိတ်ဖြစ်ရာ နားအကြည် 'သောတာယတန'၊ နံသိစိတ်ဖြစ်ရာ နှာခေါင်းအကြည် 'ဃာနာယတန'၊ လျက်သိစိတ်ဖြစ်ရာ လျှာအကြည် 'ဇိဝှါယတန'၊ ထိသိစိတ်ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန'၊ ကြံသိစိတ်ဖြစ်ရာ မနောအကြည် 'မနာယတန' သည် ရှိ၏။ ဤသဘောကို နာမ်, ရုပ်ကြောင့်ဖြစ်သော 'အာယတန' ခြောက်ပါးဟု ဆိုအပ်၏။

**(၆) ဖဿ**

ထိုအင်္ဂါ၁၂-ပါးတို့တွင် အဘယ်သည် ခြောက်ခုမြောက် 'မနာယတန' ကြောင့်ဖြစ်သော တွေ့ထိမှု 'ဖဿ' မည်သနည်း။

အကြင်တွေ့ထိမှု သဘော 'ဖဿ'၊ တွေ့ထိသောအခြင်းအရာ 'ဖုသနာ'၊ ကောင်းစွာတွေ့ထိသော အခြင်း အရာ 'သမ္ဖုသနာ'၊ ကောင်းစွာတွေ့ထိတတ်သည်၏အဖြစ် 'သမ္ဖုသိတတ္တ' သည် ရှိ၏။ ဤသဘောကို ခြောက်ခုမြောက် 'မနာယတန' ကြောင့်ဖြစ်သော တွေ့ထိမှု 'ဖဿ'ဟု ဆိုအပ်၏။ပ။ ထို့ကြောင့် ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

**ပစ္စယသဒ္ဒါဖြင့် ဟောသော ဝါရလေးမျိုး အကျယ်ပြီး၏။**

------

# ပဋ္ဌိစ္စသမုပ္ပါဒဝိဘင်္ဂ

## ၆ - ပဟေတုသဒ္ဒါဖြင့် ဟောသော ဝါရလေးမျိုး အကျယ်

## (၁) မပြည့်မစုံ အင်္ဂါ ၁၂-ပါးရှိသောဝါရ

၂၅၆။ (၁) ထိုအခါ၌ မသိမှု 'အဝိဇ္ဇာ' ကြောင့်ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ' သည် မသိမှု 'အဝိဇ္ဇာ' ဟူသောဟိတ် ရှိ၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့်ဖြစ်သော သိမှု 'ဝိညာဏ်' သည် ပြုစီရင်မှု 'သင်္ခါရ' ဟူသောဟိတ် ရှိ၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့်ဖြစ်သော နာမ်သည် သိမှု 'ဝိညာဏ်' ဟူသော ဟိတ်ရှိ၏။

(၄) နာမ်ကြောင့်ဖြစ်သော ခြောက်ခုမြောက် 'မနာယတန' သည် နာမ်ဟူသော ဟိတ်ရှိ၏။

(၅) ခြောက်ခုမြောက် 'မနာယတန' ကြောင့် ဖြစ်သော တွေ့ထိမှု 'ဖဿ'သည် ခြောက်ခုမြောက် 'မနာယတန' ဟူသော ဟိတ်ရှိ၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ'သည် တွေ့ထိမှု 'ဖဿ' ဟူသော ဟိတ်ရှိ၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့်ဖြစ်သော တပ်မက်မှု 'တဏှာ' သည် ခံစားမှု 'ဝေဒနာ' ဟူသော ဟိတ် ရှိ၏။

(၈) တပ်မက်မှု 'တဏှာ' ကြောင့်ဖြစ်သော စွဲလမ်းမှု 'ဥပါဒါန်' သည် တပ်မက်မှု 'တဏှာ' ဟူသော ဟိတ်ရှိ၏။

(၉) စွဲလမ်းမှု 'ဥပါဒါန်' ကြောင့် ဘဝသည် ဖြစ်၏။

(၁၀) ကမ္မဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၁၁) ဇာတိကြောင့်-

(၁၂) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

------

# ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ

## (၁) မပြည့်မစုံ အင်္ဂါ ၁၂-ပါးရှိသောဝါရ အကျယ်

၂၅၇။ **(၁) အဝိဇ္ဇာ**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် မသိမှု 'အဝိဇ္ဇာ' မည်သနည်း။

အကြင်မသိမှု သဘော 'အညာဏ'၊ မမြင်ခြင်းသဘော 'အဒဿန'။ပ။ တံခါးကျင် (မင်းတုပ်) နှင့်တူသော မသိမှု သဘော 'အဝိဇ္ဇာလင်္ဂီ'၊ အကုသိုလ်မူလဟုဆိုအပ်သော တွေဝေမှု 'မောဟ' သည် ရှိ၏။ ဤသဘောကို မသိမှု 'အဝိဇ္ဇာ'ဟု ဆိုအပ်၏။

**(၂) သင်္ခါရ**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် မသိမှု 'အဝိဇ္ဇာ' ကြောင့်ဖြစ်သော မသိမှု 'အဝိဇ္ဇာ'ဟူသော ဟိတ်ရှိသော ပြုစီရင်မှု 'သင်္ခါရ' မည်သနည်း။

အကြင်စေ့ဆော်မှု သဘော 'စေတနာ'၊ ကောင်းစွာစေ့ဆော်သော အခြင်းအရာ 'သဉ္စေတနာ'၊ ကောင်းစွာစေ့ဆော်တတ်သည်၏အဖြစ် 'သဉ္စေတယိတတ္တ' သည် ရှိ၏။ ဤသဘောကို မသိမှု 'အဝိဇ္ဇာ'ကြောင့်ဖြစ်သော မသိမှု 'အဝိဇ္ဇာ'ဟူသော ဟိတ်ရှိသော ပြုစီရင်မှု 'သင်္ခါရ' ဟု ဆိုအပ်၏။

**(၃) ဝိညာဏ်**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် ပြုစီရင်မှု 'သင်္ခါရ' ကြောင့်ဖြစ်သောပြုစီရင်မှု 'သင်္ခါရ' ဟူသော ဟိတ်ရှိသော သိမှု 'ဝိညာဏ်' မည်သနည်း။

အကြင်ဆန်းကြယ်သောသဘော 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ်အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကို ပြုစီရင်မှု 'သင်္ခါရ'ကြောင့် ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ'ဟူသော ဟိတ်ရှိသော သိမှု 'ဝိညာဏ်' ဟု ဆိုအပ်၏။

**(၄) နာမ်**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် သိမှု 'ဝိညာဏ်' ကြောင့်ဖြစ်သော သိမှု 'ဝိညာဏ်' ဟူသော ဟိတ်ရှိသော နာမ် မည်သနည်း။

ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုစီရင်မှု အစု 'သင်္ခါရက္ခန္ဓာ' သည် ရှိ၏။ ဤသဘောကို သိမှု 'ဝိညာဏ်'ကြောင့်ဖြစ်သော သိမှု 'ဝိညာဏ်'ဟူသော ဟိတ်ရှိသော နာမ်ဟု ဆိုအပ်၏။

**(၅) မနာယတန**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် နာမ်ကြောင့်ဖြစ်သော နာမ် ဟူသောဟိတ် ရှိသော ခြောက်ခုမြောက် မနာယတန မည်သနည်း။

အကြင်ဆန်းကြယ်သောသဘော 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ်အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကို နာမ်ကြောင့်ဖြစ်သော နာမ်ဟူသော ဟိတ်ရှိသော ခြောက်ခုမြောက် မနာယတန ဟု ဆိုအပ်၏။

## (၆) ဖဿ

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် ခြောက်ခုမြောက် မနာယတန ကြောင့်ဖြစ်သော ခြောက်ခုမြောက် မနာယတန ဟူသော ဟိတ်ရှိသော တွေ့ထိမှု 'ဖဿ' မည်သနည်း။

အကြင်တွေ့ထိခြင်းသဘော 'ဖဿ'၊ တွေ့ထိသောအခြင်းအရာ 'ဖုသနာ'၊ ကောင်းစွာ တွေ့ထိသော အခြင်းအရာ 'သမ္ဖုသနာ'၊ ကောင်းစွာ တွေ့ထိတတ်သည်၏အဖြစ် 'သမ္ဖုသိတတ္တ' သည် ရှိ၏။ ဤသဘောကို ခြောက်ခုမြောက် မနာယတန ကြောင့်ဖြစ်သော ခြောက်ခုမြောက် မနာယတန ဟူသော ဟိတ်ရှိသော တွေ့ထိမှု ဖဿ ဟု ဆိုအပ်၏။

## (၇) ဝေဒနာ

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် တွေ့ထိမှု 'ဖဿ'ကြောင့်ဖြစ်သောတွေ့ထိမှု 'ဖဿ'ဟူသော ဟိတ်ရှိသော ခံစားမှု 'ဝေဒနာ' မည်သနည်း။

အကြင်စိတ်၌ ဖြစ်သော သာယာမှု ၊ စိတ်၌ ဖြစ်သော ချမ်းသာမှု ၊ စိတ်၌ တွေ့ထိမှု ကြောင့် ဖြစ်သော သာယာဖွယ်ကောင်းသော ချမ်းသာသော ခံစားမှု ၊ စိတ်အတွေ့ကြောင့်ဖြစ်သော သာယာဖွယ် ကောင်းသော ချမ်းသာသော ခံစားမှု သဘောသည် ရှိ၏၊ ဤသဘောကို တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော တွေ့ထိမှု 'ဖဿ'ဟူသော ဟိတ်ရှိသော ခံစားမှု 'ဝေဒနာ'ဟု ဆိုအပ်၏။

## (၈) တဏှာ

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် ခံစားမှု 'ဝေဒနာ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ'ဟူသော ဟိတ်ရှိသော တပ်မက်မှု 'တဏှာ' မည်သနည်း။

အကြင်တပ်မက်ခြင်း 'ရာဂ'၊ ပြင်းစွာတပ်မက်ခြင်း 'သာရာဂ'။ပ။ စိတ်၏ ပြင်းစွာတပ်မက်ခြင်း 'စိတ္တဿာရာဂ' သည် ရှိ၏။ ဤသဘောကို ခံစားမှု 'ဝေဒနာ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' ဟူသောဟိတ်ရှိသော တပ်မက်မှု 'တဏှာ' ဟု ဆိုအပ်၏။

## (၉) ဉပါဒါန်

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် တပ်မက်မှု 'တဏှာ' ကြောင့်ဖြစ်သောတပ်မက်မှု 'တဏှာ' ဟူသော ဟိတ်ရှိသော စွဲလမ်းမှု 'ဉပါဒါန်' မည်သနည်း။

အကြင် အမြင်မှားမှု 'ဒိဋ္ဌိ'၊ အမြင်မှားမှု၌ ပါဝင်သောသဘော 'ဒိဋ္ဌိဂတ'။ပ။ မိစ္ဆာအယူ ဟူသော တည်ရာ 'တိတ္ထာယတန'၊ ဖောက်ပြန်သောအားဖြင့် စွဲယူခြင်းသဘော 'ဝိပရိယာသဂ္ဂါဟ' သည် ရှိ၏။ ဤသဘောကို တပ်မက်မှု 'တဏှာ' ကြောင့်ဖြစ်သော တပ်မက်မှု 'တဏှာ'ဟူသော ဟိတ်ရှိသော စွဲလမ်းမှု 'ဉပါဒါန်' ဟု ဆိုအပ်၏။ပ။

ထို့ကြောင့် ဤဆိုခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှား ဖြစ်ပေါ်မှုသည် ဖြစ်၏ဟု ဆိုအပ်၏။

------

# ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ

## (၂) မပြည့်မစုံ အင်္ဂါ ၁၁-ပါးရှိသောဝါရ

၂၅၈။ (၁) ထိုအခါ၌ မသိမှု 'အဝိဇ္ဇာ' ကြောင့်ဖြစ်သော၊ မသိမှု 'အဝိဇ္ဇာ'ဟူသော ဟိတ်ရှိသော ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့်ဖြစ်သော၊ ပြုစီရင်မှု 'သင်္ခါရ' ဟူသော ဟိတ်ရှိသော သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့်ဖြစ်သော၊ သိမှု 'ဝိညာဏ်' ဟူသော ဟိတ်ရှိသော နာမ်သည် ဖြစ်၏။

(၄) နာမ်ကြောင့်ဖြစ်သော၊ နာမ်ဟူသော ဟိတ်ရှိသော တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၅) တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော၊ တွေ့ထိမှု 'ဖဿ' ဟူသောဟိတ်ရှိသော ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၆) ခံစားမှု 'ဝေဒနာ' ကြောင့်ဖြစ်သော၊ ခံစားမှု 'ဝေဒနာ' ဟူသော ဟိတ်ရှိသော တပ်မက်မှု 'တဏှာ' သည် ဖြစ်၏။

(၇) တပ်မက်မှု 'တဏှာ' ကြောင့်ဖြစ်သော၊ တပ်မက်မှု 'တဏှာ' ဟူသော ဟိတ်ရှိသော စွဲလမ်းမှု 'ဥပါဒါန်' သည် ဖြစ်၏။

(၈) စွဲလမ်းမှု 'ဥပါဒါန်' ကြောင့် ဘဝသည် ဖြစ်၏။

(၉) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၁၀) ဇာတိကြောင့်-

(၁၁) အိုခြင်း, သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

------

# ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ

## (၂) မပြည့်မစုံ အင်္ဂါ ၁၁-ပါးရှိသောဝါရ အကျယ်

၂၅၉။ **(၁) အဝိဇ္ဇာ**

ထိုအင်္ဂါ၁၁-ပါးတို့တွင် အဘယ်သည် မသိမှု ‘အဝိဇ္ဇာ’ မည်သနည်း။

အကြင် မသိခြင်းသဘော ‘အညာဏ’၊ မမြင်ခြင်းသဘော ‘အဒဿန’။ပ။ တံခါးကျင် (မင်းတုပ်) နှင့်တူသော မသိမှု သဘော ‘အဝိဇ္ဇာလင်္ဂီ’၊ အကုသိုလ်မူလဟု ဆိုအပ်သော တွေဝေမှု (မောဟ) သည် ရှိ၏။ ဤသဘောကို မသိမှု ‘အဝိဇ္ဇာ’ ဟု ဆိုအပ်၏။

**(၂) သင်္ခါရ**

ထိုအင်္ဂါ ၁၁-ပါးတို့တွင် အဘယ်သည် မသိမှု (အဝိဇ္ဇာ) ကြောင့်ဖြစ်သော၊ မသိမှု ‘အဝိဇ္ဇာ’ဟူသော ဟိတ်ရှိသော ပြုစီရင်မှု ‘သင်္ခါရ’ မည်သနည်း။

အကြင် စေ့ဆော်ခြင်းသဘော ‘စေတနာ’၊ ကောင်းစွာစေ့ဆော်ခြင်းသဘော ‘သဉ္စေတနာ’၊ ကောင်းစွာ စေ့ဆော်တတ်သည်၏အဖြစ် ‘သဉ္စေတယိတတ္တ’ သည် ရှိ၏။ ဤသဘောကို မသိမှု ‘အဝိဇ္ဇာ’ ကြောင့် ဖြစ်သော မသိမှု ‘အဝိဇ္ဇာ’ဟူသော ဟိတ်ရှိသော ပြုစီရင်မှု ‘သင်္ခါရ’ ဟု ဆိုအပ်၏။

**(၃) ဝိညာဏ်**

ထိုအင်္ဂါ ၁၁-ပါးတို့တွင် အဘယ်သည် ပြုစီရင်မှု ‘သင်္ခါရ’ ကြောင့်ဖြစ်သောပြုစီရင်မှု ‘သင်္ခါရ’ဟူသော ဟိတ်ရှိသော သိမှု ‘ဝိညာဏ်’ မည်သနည်း။

အကြင်ဆန်းကြယ်သောသဘော ‘စိတ္တ’၊ သိခြင်းသဘော ‘မန’၊ သိမှု သဘော ‘မာနသ’။ပ။ ထိုစိတ်အားလျော်သော အထူးသိမှု သဘော ‘တဇ္ဇာမနောဝိညာဏဓာတ်’ သည် ရှိ၏။ ဤသဘောကို ပြုစီရင်မှု ‘သင်္ခါရ’ကြောင့် ဖြစ်သော ပြုစီရင်မှု ‘သင်္ခါရ’ဟူသော ဟိတ်ရှိသော သိမှု ‘ဝိညာဏ်’ ဟု ဆိုအပ်၏။

**(၄) နာမ်**

ထိုအင်္ဂါ ၁၁-ပါးတို့တွင် အဘယ်သည် သိမှု ‘ဝိညာဏ်’ ကြောင့်ဖြစ်သော၊ သိမှု ‘ဝိညာဏ်’ဟူသော ဟိတ်ရှိသော နာမ် မည်သနည်း။

ခံစားမှု အစု ‘ဝေဒနာက္ခန္ဓာ’၊ မှတ်သားမှု အစု ‘သညာက္ခန္ဓာ’၊ ပြုပြင်မှု အစု ‘သင်္ခါရက္ခန္ဓာ’ သည် ရှိ၏။ ဤသဘောကို သိမှု ‘ဝိညာဏ်’ ကြောင့်ဖြစ်သော သိမှု ‘ဝိညာဏ်’ဟူသော ဟိတ်ရှိသော နာမ်ဟု ဆိုအပ်၏။

နာမ်ကြောင့်ဖြစ်သော၊ နာမ်ဟူသော ဟိတ်ရှိသော တွေ့ထိမှု ‘ဖဿ’ သည် ဖြစ်၏ဟုဆိုရာ၌ အဘယ်သည် နာမ် မည်သနည်း။

တွေ့ထိမှု ‘ဖဿ’ ကို ထား၍ ခံစားမှု အစု ‘ဝေဒနာက္ခန္ဓာ’၊ မှတ်သားမှု အစု ‘သညာက္ခန္ဓာ’၊ ပြုပြင်မှု အစု ‘သင်္ခါရက္ခန္ဓာ’၊ သိမှု အစု ‘ဝိညာဏက္ခန္ဓာ’ သည် ရှိ၏။ ဤသဘောကို နာမ်ဟု ဆိုအပ်၏။

(၅) ဖဿ

ထိုအင်္ဂါ ၁၁-ပါးတို့တွင် အဘယ်သည် နာမ်ကြောင့်ဖြစ်သော နာမ်ဟူသော ဟိတ်ရှိသော တွေ့ထိမှု 'ဖဿ' မည်သနည်း။

အကြင် တွေ့ထိခြင်းသဘော 'ဖဿ'၊ တွေ့ထိသောအခြင်းအရာ 'ဖုသနာ'၊ ကောင်းစွာ တွေ့ထိသော အခြင်းအရာ 'သမ္ဖုသနာ'၊ ကောင်းစွာတွေ့ထိတတ်သည်၏အဖြစ် 'သမ္ဖုသိတတ္တ' သည် ရှိ၏။ ဤသဘောကို နာမ်ကြောင့် ဖြစ်သော နာမ်ဟူသော ဟိတ်ရှိသော တွေ့ထိမှု 'ဖဿ'ဟု ဆိုအပ်၏။ပ။

ထို့ကြောင့် ဤဆိုခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

------

# ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ

## (၃) အပြည့်အစုံ အင်္ဂါ ၁၂-ပါးရှိသောဝါရ

၂၆၀။ (၁) ထိုအခါ၌ မသိမှု 'အဝိဇ္ဇာ' ကြောင့်ဖြစ်သော၊ မသိမှု 'အဝိဇ္ဇာ'ဟူသောဟိတ်ရှိသော ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့်ဖြစ်သော၊ ပြုစီရင်မှု 'သင်္ခါရ'ဟူသောဟိတ်ရှိသော သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့်ဖြစ်သော၊ သိမှု 'ဝိညာဏ်'ဟူသော ဟိတ်ရှိသော နာမ်ရုပ်သည်ဖြစ်၏။

(၄) နာမ်ရုပ်ကြောင့်ဖြစ်သော၊ နာမ်ရုပ်ဟူသောဟိတ်ရှိသော ခြောက်ခုမြောက် မနာယတန သည် ဖြစ်၏။

(၅) ခြောက်ခုမြောက် မနာယတနကြောင့် ဖြစ်သော၊ ခြောက်ခုမြောက် မနာယတန ဟူသော ဟိတ်ရှိသော တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော၊ တွေ့ထိမှု 'ဖဿ' ဟူသော ဟိတ်ရှိသော ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့်ဖြစ်သော၊ ခံစားမှု 'ဝေဒနာ' ဟူသော ဟိတ်ရှိသော တပ်မက်မှု 'တဏှာ' သည် ဖြစ်၏။

(၈) တပ်မက်မှု 'တဏှာ' ကြောင့်ဖြစ်သော၊ တပ်မက်မှု 'တဏှာ' ဟူသော ဟိတ်ရှိသော စွဲလမ်းမှု 'ဥပါဒါန်' သည် ဖြစ်၏။

(၉) စွဲလမ်းမှု 'ဥပါဒါန်' ကြောင့် ဘဝသည် ဖြစ်၏။

(၁၀) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၁၁) ဇာတိကြောင့်-

(၁၂) အိုခြင်း, သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုခဲ့ပြီးသော နည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

------

# ပဋ္ဌိစ္စသမုပ္ပါဒဝိဘင်္ဂ

## (၃) အပြည့်အစုံ အင်္ဂါ ၁၂-ပါးရှိသောဝါရ အကျယ်

၂၆၁။ **(၁) အဝိဇ္ဇာ**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် မသိမှု 'အဝိဇ္ဇာ' မည်သနည်း။

အကြင် မသိခြင်းသဘော 'အညာဏ'၊ မမြင်ခြင်းသဘော 'အဒဿန'။ပ။ တံခါးကျင် (မင်းတုပ်) နှင့်တူသော မသိမှု သဘော 'အဝိဇ္ဇာလင်္ဂီ'၊ အကုသိုလ်မူလဟု ဆိုအပ်သော တွေဝေမှု 'မောဟ' သည် ရှိ၏။ ဤသဘောကို မသိမှု 'အဝိဇ္ဇာ' ဟု ဆိုအပ်၏။

**(၂) သင်္ခါရ**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် မသိမှု 'အဝိဇ္ဇာ' ကြောင့်ဖြစ်သော၊ မသိမှု 'အဝိဇ္ဇာ'ဟူသော ဟိတ်ရှိသော ပြုစီရင်မှု 'သင်္ခါရ' မည်သနည်း။

အကြင် စေ့ဆော်ခြင်းသဘော 'စေတနာ'၊ ကောင်းစွာ စေ့ဆော်ခြင်းသဘော 'သဉ္စေတနာ'၊ ကောင်းစွာစေ့ဆော်တတ်သည်၏အဖြစ် 'သဉ္စေတယိတတ္တ' သည် ရှိ၏။ ဤသဘောကိုမသိမှု (အဝိဇ္ဇာ) ကြောင့်ဖြစ်သော၊ မသိမှု 'အဝိဇ္ဇာ'ဟူသော ဟိတ်ရှိသော ပြုစီရင်မှု 'သင်္ခါရ'ဟု ဆိုအပ်၏။

**(၃) ဝိညာဏ်**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် ပြုစီရင်မှု 'သင်္ခါရ' ကြောင့်ဖြစ်သော၊ ပြုစီရင်မှု 'သင်္ခါရ'ဟူသော ဟိတ်ရှိသော သိမှု 'ဝိညာဏ်' မည်သနည်း။

အကြင် ဆန်းကြယ်သောသဘော 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ်အားလျော်သော သိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကို ပြုစီရင်မှု 'သင်္ခါရ'ကြောင့် ဖြစ်သော၊ ပြုစီရင်မှု 'သင်္ခါရ'ဟူသော ဟိတ်ရှိသော သိမှု 'ဝိညာဏ်' ဟု ဆိုအပ်၏။

**(၄) နာမ်ရုပ်**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် သိမှု 'ဝိညာဏ်' ကြောင့်ဖြစ်သော သိမှု 'ဝိညာဏ်'ဟူသော ဟိတ်ရှိသော နာမ်ရုပ် မည်သနည်း။

နာမ်သည် ရှိ၏။ ရုပ်သည် ရှိ၏။ ထိုနှစ်ပါးတို့တွင် အဘယ်သည် နာမ် မည်သနည်း။

ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရက္ခန္ဓာ' သည် ရှိ၏။ ဤသဘောကို နာမ်ဟု ဆိုအပ်၏။

ထိုနှစ်ပါးတို့တွင် အဘယ်သည် ရုပ် မည်သနည်း။

စက္ခာယတန၏ကြီးပွါးမှု ၊ သောတာယတန၏ကြီးပွါးမှု ၊ ဃာနာယတန၏ကြီးပွါးမှု ၊ ဇိဝှါယတန၏ ကြီးပွါးမှု ၊ ကာယာယတန၏ကြီးပွါးမှုသည် ရှိ၏။ ကမ္မဇရုပ်မှ တစ်ပါးသော စိတ်ကြောင့် ဖြစ်သောစိတ်ဟူသော ဟိတ်ရှိသော အကြင်စိတ္တဇရုပ်သည်လည်း ရှိ၏။ ဤကမ္မဇရုပ် စိတ္တဇရုပ်ကို ရုပ်ဟု ဆိုအပ်၏။

ဤဆိုအပ်ခဲ့ပြီးသော နာမ်နှင့် ရုပ်ကို သိမှု 'ဝိညာဏ်' ကြောင့်ဖြစ်သော၊ သိမှု 'ဝိညာဏ်' ဟူသော ဟိတ် ရှိသော နာမ်ရုပ်ဟု ဆိုအပ်၏။

နာမ် ရုပ်ကြောင့်ဖြစ်သော၊ နာမ်ရုပ်ဟူသော ဟိတ်ရှိသော ခြောက်ခုမြောက် မနာယတနသည် ဖြစ်၏ ဟုဆိုရာ၌ နာမ်သည် ရှိ၏၊ ရုပ်သည် ရှိ၏။ ထို ၂-ပါးတို့တွင် အဘယ်သည် နာမ် မည်သနည်း။

ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရက္ခန္ဓာ' သည် ရှိ၏။ ဤသဘောကို နာမ်ဟု ဆိုအပ်၏။

ထို ၂-ပါးတို့တွင် အဘယ်သည် ရုပ် မည်သနည်း။

အကြင် ဟဒယဝတ္ထုရုပ်ကိုမှီ၍ မနောဝိညာဏဓာတ်သည် ဖြစ်၏။ ဤဟဒယဝတ္ထုကို ရုပ်ဟု ဆိုအပ်၏။

ဤဆိုခဲ့ပြီးသော နာမ်နှင့်ဝတ္ထုရုပ်ကို နာမ်ရုပ်ဟု ဆိုအပ်၏။

**(၅) မနာယတန**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် နာမ်ရုပ်ကြောင့်ဖြစ်သော၊ နာမ်ရုပ်ဟူသော ဟိတ်ရှိသော ခြောက်ခုမြောက် မနာယတန မည်သနည်း။

အကြင်ဆန်းကြယ်သောသဘော 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ် အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကို နာမ်ရုပ်ကြောင့် ဖြစ်သော နာမ်ရုပ်ဟူသော ဟိတ်ရှိသော ခြောက်ခုမြောက် မနာယတနဟု ဆိုအပ်၏။

**(၆) ဖဿ**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် ခြောက်ခုမြောက် မနာယတနကြောင့် ဖြစ်သော ခြောက်ခုမြောက် မနာယတန ဟူသော ဟိတ်ရှိသော တွေ့ထိမှု 'ဖဿ' မည်သနည်း။

အကြင်တွေ့ထိမှု သဘော 'ဖဿ'၊ တွေ့ထိသောအခြင်းအရာ 'ဖုသနာ'၊ ကောင်းစွာ တွေ့ထိသော အခြင်းအရာ 'သမ္ဖုသနာ'၊ ကောင်းစွာတွေ့ထိတတ်သည်၏အဖြစ် 'သမ္ဖုသိတတ္တ' သည် ရှိ၏။ ဤသဘောကို ခြောက်ခုမြောက် မနာယတန ကြောင့်ဖြစ်သော၊ ခြောက်ခုမြောက် 'မနာယတန' ဟူသော ဟိတ် ရှိသော တွေ့ထိမှု 'ဖဿ'ဟု ဆိုအပ်၏။ပ။

ထို့ကြောင့် ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှား ဖြစ်ပေါ်မှုသည် ဖြစ်၏ဟု ဆိုအပ်၏။

------

# ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ

## (၄) လုံးဝပြည့်စုံသည့် အင်္ဂါ ၁၂-ပါးရှိသောဝါရ

၂၆၂။ (၁) ထိုအခါ၌ မသိမှု 'အဝိဇ္ဇာ' ကြောင့်ဖြစ်သော၊ မသိမှု 'အဝိဇ္ဇာ'ဟူသောဟိတ်ရှိသော ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့်ဖြစ်သော၊ ပြုစီရင်မှု 'သင်္ခါရ'ဟူသော ဟိတ်ရှိသော သိမှု 'ဝိညာဏ်'သည် ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့်ဖြစ်သော၊ သိမှု 'ဝိညာဏ်'ဟူသော ဟိတ်ရှိသော နာမ်ရုပ်သည်ဖြစ်၏။

(၄) နာမ်ရုပ်ကြောင့်ဖြစ်သော၊ နာမ်ရုပ်ဟူသော ဟိတ်ရှိသော အာယတနခြောက်ပါးသည် ဖြစ်၏။

(၅) ခြောက်ခုမြောက် မနာယတန ကြောင့်ဖြစ်သော၊ ခြောက်ခုမြောက် မနာယတနဟူသော ဟိတ်ရှိသော တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော၊ တွေ့ထိမှု 'ဖဿ'ဟူသော ဟိတ်ရှိသော ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့်ဖြစ်သော၊ ခံစားမှု 'ဝေဒနာ'ဟူသော ဟိတ်ရှိသော တပ်မက်မှု 'တဏှာ' သည် ဖြစ်၏။

(၈) တပ်မက်မှု (တဏှာ) ကြောင့်ဖြစ်သော၊ တပ်မက်မှု (တဏှာ)ဟူသောဟိတ်ရှိသော စွဲလမ်းမှု (ဥပါဒါန်) သည် ဖြစ်၏။

(၉) စွဲလမ်းမှု (ဥပါဒါန်) ကြောင့် ဘဝသည် ဖြစ်၏။

(၁၀) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၁၁) ဇာတိကြောင့်-

(၁၂) အိုခြင်း, သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုခဲ့ပြီးသော နည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

------

# ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ

## (၄) လုံးဝပြည့်စုံသည့် အင်္ဂါ ၁၂-ပါးရှိသောဝါရ အကျယ်

၂၆၃။ **(၁) အဝိဇ္ဇာ**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် မသိမှု 'အဝိဇ္ဇာ' မည်သနည်း။

အကြင် မသိခြင်းသဘော 'အညာဏ'၊ မမြင်ခြင်းသဘော 'အဒဿန'။ပ။ တံခါးကျင် (မင်းတုပ်) နှင့်တူသော မသိမှု သဘော 'အဝိဇ္ဇာလင်္ဂီ'၊ အကုသိုလ်မူလဟုဆိုအပ်သော တွေဝေမှု 'မောဟ' သည် ရှိ၏။ ဤသဘောကို မသိမှု 'အဝိဇ္ဇာ' ဟု ဆိုအပ်၏။

**(၂) သင်္ခါရ**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် မသိမှု (အဝိဇ္ဇာ) ကြောင့်ဖြစ်သော၊ မသိမှု 'အဝိဇ္ဇာ'ဟူသော ဟိတ်ရှိသော ပြုစီရင်မှု (သင်္ခါရ) မည်သနည်း။

အကြင် စေ့ဆော်ခြင်းသဘော 'စေတနာ'၊ ကောင်းစွာ စေ့ဆော်ခြင်းသဘော 'သဉ္စေတနာ'၊ ကောင်းစွာ စေ့ဆော်တတ်သည်၏အဖြစ် 'သဉ္စေတယိတတ္တ' သည် ရှိ၏။ ဤသဘောကိုမသိမှု 'အဝိဇ္ဇာ' ကြောင့်ဖြစ်သော၊ မသိမှု 'အဝိဇ္ဇာ'ဟူသော ဟိတ်ရှိသော ပြုစီရင်မှု 'သင်္ခါရ' ဟု ဆိုအပ်၏။

**(၃) ဝိညာဏ်**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် ပြုစီရင်မှု 'သင်္ခါရ' ကြောင့်ဖြစ်သော၊ ပြုစီရင်မှု 'သင်္ခါရ' ဟူသော ဟိတ်ရှိသော သိမှု 'ဝိညာဏ်' မည်သနည်း။

အကြင်ဆန်းကြယ်သောသဘော 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ်အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကို ပြုစီရင်မှု 'သင်္ခါရ' ကြောင့် ဖြစ်သော၊ ပြုစီရင်မှု 'သင်္ခါရ'ဟူသော ဟိတ်ရှိသော သိမှု 'ဝိညာဏ်' ဟု ဆိုအပ်၏။

**(၄) နာမ်ရုပ်**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် သိမှု 'ဝိညာဏ်' ကြောင့်ဖြစ်သော၊ သိမှု 'ဝိညာဏ်'ဟူသော ဟိတ်ရှိသော နာမ်ရုပ် မည်သနည်း။

နာမ်သည် ရှိ၏။ ရုပ်သည် ရှိ၏။ ထို ၂-ပါးတို့တွင် အဘယ်သည် နာမ် မည်သနည်း။

ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရက္ခန္ဓာ' သည် ရှိ၏။ ဤသဘောကို နာမ်ဟု ဆိုအပ်၏။

ထို ၂-ပါးတို့တွင် အဘယ်သည် ရုပ် မည်သနည်း။

စက္ခာယတန၏ကြီးပွါးမှု ၊ သောတာယတန၏ကြီးပွါးမှု ၊ ဃာနာယတန၏ကြီးပွါးမှု ၊ ဇိဝှါယတန၏ ကြီးပွါးမှု ၊ ကာယာယတန၏ကြီးပွါးမှုသည် ရှိ၏။ ကမ္မဇရုပ်မှ တစ်ပါးသော စိတ်ဟူသော ဟိတ်ရှိသော စိတ် ကြောင့်ဖြစ်သော အကြင်စိတ္တဇရုပ်သည်လည်း ရှိ၏။ ဤကမ္မဇရုပ်နှင့် စိတ္တဇရုပ်ကို ရုပ်ဟု ဆိုအပ်ကုန်၏။ ဤဆိုခဲ့ပြီးသော နာမ်နှင့် ရုပ်ကို သိမှု 'ဝိညာဏ်' ကြောင့်ဖြစ်သော၊ သိမှု 'ဝိညာဏ်' ဟူသော ဟိတ်ရှိသော နာမ်ရုပ်ဟု ဆိုအပ်၏။

နာမ်ရုပ်ကြောင့်ဖြစ်သော၊ နာမ်ရုပ်ဟူသော ဟိတ်ရှိသော အာယတနခြောက်ပါးသည် ဖြစ်၏ဟု ဆိုရာ၌ နာမ်သည် ရှိ၏၊ ရုပ်သည် ရှိ၏။ ထို ၂-ပါးတို့တွင် အဘယ်သည် နာမ် မည်သနည်း။

ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရက္ခန္ဓာ' သည် ရှိ၏။

ဤသဘောကို နာမ်ဟု ဆိုအပ်၏။

ထို ၂-ပါးတို့တွင် အဘယ်သည် ရုပ် မည်သနည်း။

မဟာဘုတ်လေးပါးတို့သည် လည်းကောင်း၊ မနောဝိညာဏဓာတ်၏ မှီရာဖြစ်သော ဟဒယဝတ္ထုရုပ်သည် လည်းကောင်း ရှိ၏။ ဤမဟာဘုတ်နှင့် ဟဒယဝတ္ထုရုပ်ကို ရုပ်ဟု ဆိုအပ်၏။

ဤဆိုခဲ့ပြီးသော နာမ်နှင့်ရုပ်ကို နာမ်ရုပ်ဟု ဆိုအပ်၏။

## (၅) သဠာယတန

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် နာမ်ရုပ်ကြောင့်ဖြစ်သော နာမ်ရုပ်ဟူသော ဟိတ်ရှိသော အာယတနခြောက်ပါး မည်သနည်း။

မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'၊ ကြားသိစိတ်ဖြစ်ရာ နားအကြည် 'သောတာယတန'၊ နံသိစိတ်ဖြစ်ရာ နှာခေါင်းအကြည် 'ဃာနာယတန'၊ လျက်သိစိတ်ဖြစ်ရာ လျှာအကြည် 'ဇိဝှါယတန'၊ ထိသိစိတ်ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန'၊ ကြံသိစိတ်ဖြစ်ရာ မနောအကြည် 'မနာယတန' သည် ရှိ၏။ ဤသဘောကို နာမ်ရုပ်ကြောင့်ဖြစ်သော၊ နာမ်ရုပ် ဟူသော ဟိတ်ရှိသော အာယတန ခြောက်ပါးဟု ဆိုအပ်၏။

## (၆) ဖဿ

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် ခြောက်ခုမြောက် မနာယတနကြောင့် ဖြစ်သော၊ ခြောက်ခုမြောက် မနာယတန ဟူသော ဟိတ်ရှိသော တွေ့ထိမှု 'ဖဿ' မည်သနည်း။

အကြင်တွေ့ထိမှု သဘော 'ဖဿ'၊ တွေ့ထိသောအခြင်းအရာ 'ဖုသနာ'၊ ကောင်းစွာ တွေ့ထိသော အခြင်းအရာ 'သမ္ဖုသနာ' ကောင်းစွာ တွေ့ထိတတ်သည်၏အဖြစ် 'သမ္ဖုသိတတ္တ' သည် ရှိ၏။ ဤသဘောကို ခြောက်ခုမြောက် မနာယတနကြောင့် ဖြစ်သော၊ ခြောက်ခုမြောက် မနာယတန ဟူသော ဟိတ်ရှိသော တွေ့ထိမှု 'ဖဿ' ဟု ဆိုအပ်၏။

## (၇) ဝေဒနာ

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော၊ တွေ့ထိမှု 'ဖဿ'ဟူသော ဟိတ်ရှိသော ခံစားမှု 'ဝေဒနာ' မည်သနည်း။

အကြင်စိတ်၌ ဖြစ်သော သာယာမှု ၊ စိတ်၌ ဖြစ်သော ချမ်းသာမှု ၊ စိတ်အတွေ့ကြောင့်ဖြစ်သော သာယာဖွယ်ကောင်းသော ချမ်းသာသော ခံစားမှု ၊ စိတ်အတွေ့အကြောင့်ဖြစ်သော သာယာဖွယ်ကောင်း သောချမ်းသာသော ခံစားခြင်းသဘောသည် ရှိ၏။ ဤသဘောကို တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော၊ တွေ့ထိမှု 'ဖဿ'ဟူသော ဟိတ်ရှိသော ခံစားမှု 'ဝေဒနာ'ဟု ဆိုအပ်၏။

## (၈) တဏှာ

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် ခံစားမှု 'ဝေဒနာ' ကြောင့်ဖြစ်သော၊ ခံစားမှု 'ဝေဒနာ' ဟူသော ဟိတ်ရှိသော တပ်မက်မှု 'တဏှာ' မည်သနည်း။

အကြင်တပ်မက်ခြင်းသဘော 'ရာဂ'၊ ပြင်းစွာတပ်မက်ခြင်းသဘော 'သာရာဂ'။ပ။ စိတ်၏ ပြင်းစွာ တပ်မက်ခြင်း 'စိတ္တဿသာရာဂ'သည် ရှိ၏။ ဤသဘောကို ခံစားမှု 'ဝေဒနာ'ကြောင့် ဖြစ်သော၊ ခံစားမှု 'ဝေဒနာ' ဟူသော ဟိတ် ရှိသော တပ်မက်မှု 'တဏှာ' ဟု ဆိုအပ်၏။

(၉) ဥပါဒါန်

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် တပ်မက်မှု 'တဏှာ' ကြောင့်ဖြစ်သော၊ တပ်မက်မှု 'တဏှာ' ဟူသော ဟိတ်ရှိသော စွဲလမ်းမှု 'ဥပါဒါန်' မည်သနည်း။

အကြင် အမြင်မှားမှု 'ဒိဋ္ဌိ'၊ အမြင်မှားမှု၌ ပါဝင်ခြင်းသဘော 'ဒိဋ္ဌိဂတ'။ပ။ မိစ္ဆာအယူဟူသော တည်ရာ 'တိတ္ထာယတန'၊ ဖောက်ပြန်သောအားဖြင့် စွဲယူခြင်းသဘော 'ဝိပရိယာသဂ္ဂါဟ' သည် ရှိ၏။ ဤသဘောကို တပ်မက်မှု 'တဏှာ'ကြောင့်ဖြစ်သော၊ တပ်မက်မှု 'တဏှာ'ဟူသော ဟိတ်ရှိသော စွဲလမ်းမှု 'ဥပါဒါန်' ဟု ဆိုအပ်၏။ပ။

ထို့ကြောင့် ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏ဟု ဆိုအပ်၏။

**ဟေတုသဒ္ဒါဖြင့် ဟောသော ဝါရလေးမျိုးအကျယ် ပြီး၏**

------

# ပဋ္ဌာန်းစွဲ သမုပ္ပါဒ် ပိဋကတ်

## ၇ - သမ္မာယုတ္တသဒ္ဓါဖြင့် ဟောသော ဝါရလေးမျိုး အကျယ်

## (၁) မပြည့်မစုံ အင်္ဂါ ၁၂-ပါးရှိသောဝါရ

၂၆၄။ (၁) ထိုအခါ၌ မသိမှု 'အဝိဇ္ဇာ' ကြောင့်ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ'သည်၊ မသိမှု 'အဝိဇ္ဇာ' နှင့်ယှဉ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့်ဖြစ်သော သိမှု 'ဝိညာဏ်' သည် ပြုစီရင်မှု 'သင်္ခါရ'နှင့်ယှဉ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့်ဖြစ်သော နာမ်သည် သိမှု ဝိညာဏ် နှင့်ယှဉ်၏။

(၄) နာမ်ကြောင့်ဖြစ်သော ခြောက်ခုမြောက် မနာယတနသည် နာမ်နှင့်ယှဉ်၏။

(၅) ခြောက်ခုမြောက် မနာယတနကြောင့် ဖြစ်သော တွေ့ထိမှု ဖဿသည် ခြောက်ခုမြောက် မနာယတနနှင့် ယှဉ်၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ'သည် တွေ့ထိမှု 'ဖဿ' နှင့်ယှဉ်၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့်ဖြစ်သော တပ်မက်မှု 'တဏှာ' သည် ခံစားမှု 'ဝေဒနာ'နှင့်ယှဉ်၏။

(၈) တပ်မက်မှု 'တဏှာ' ကြောင့်ဖြစ်သော စွဲလမ်းမှု 'ဥပါဒါန်' သည် တပ်မက်မှု 'တဏှာ' နှင့်ယှဉ်၏။

(၉) စွဲလမ်းမှု 'ဥပါဒါန်' ကြောင့် ဘဝသည် ဖြစ်၏။

(၁၀) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၁၁) ဇာတိ ကြောင့်-

(၁၂) အိုခြင်း, သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

------

# ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ

## (၁) မပြည့်မစုံ အင်္ဂါ ၁၂-ပါးရှိသောဝါရ အကျယ်

၂၆၅။ **(၁) အဝိဇ္ဇာ**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် မသိမှု 'အဝိဇ္ဇာ' မည်သနည်း။

အကြင် မသိခြင်းသဘော 'အညာဏ'၊ မမြင်ခြင်းသဘော 'အဒဿန'။ပ။ တံခါးကျင် (မင်းတုပ်) နှင့်တူသော မသိမှု သဘော 'အဝိဇ္ဇာလင်္ဂီ'၊ အကုသိုလ်မူလဟုဆိုအပ်သော တွေဝေမှု 'မောဟ'သည် ရှိ၏။ ဤသဘောကို မသိမှု 'အဝိဇ္ဇာ' ဟု ဆိုအပ်၏။

**(၂) သင်္ခါရ**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် မသိမှု 'အဝိဇ္ဇာ' ကြောင့်ဖြစ်သော၊ မသိမှု 'အဝိဇ္ဇာ' နှင့်ယှဉ်သော ပြုစီရင်မှု 'သင်္ခါရ' မည်သနည်း။

အကြင် စေ့ဆော်ခြင်း သဘော 'စေတနာ'၊ ကောင်းစွာ စေ့ဆော်ခြင်း သဘော 'သဉ္စေတနာ'၊ ကောင်းစွာ စေ့ဆော်တတ်သည်၏အဖြစ် 'သဉ္စေတယိတတ္တ' သည် ရှိ၏။ ဤသဘောကို မသိမှု 'အဝိဇ္ဇာ' ကြောင့်ဖြစ်သော၊ မသိမှု 'အဝိဇ္ဇာ' နှင့် ယှဉ်သော ပြုစီရင်မှု 'သင်္ခါရ' ဟု ဆိုအပ်၏။

**(၃) ဝိညာဏ်**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် ပြုစီရင်မှု 'သင်္ခါရ' ကြောင့်ဖြစ်သော၊ ပြုစီရင်မှု 'သင်္ခါရ' နှင့် ယှဉ်သော သိမှု 'ဝိညာဏ်' မည်သနည်း။

အကြင်ဆန်းကြယ်သောသဘော 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ်အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကို ပြုစီရင်မှု 'သင်္ခါရ' ကြောင့် ဖြစ်သော၊ ပြုစီရင်မှု 'သင်္ခါရ' နှင့် ယှဉ်သော သိမှု 'ဝိညာဏ်' ဟု ဆိုအပ်၏။

**(၄) နာမ်**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် သိမှု 'ဝိညာဏ်'ကြောင့်ဖြစ်သော၊ သိမှု 'ဝိညာဏ်' နှင့် ယှဉ်သော နာမ် မည်သနည်း။

ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုစီရင်မှု အစု 'သင်္ခါရက္ခန္ဓာ' သည် ရှိ၏။

ဤသဘောကို သိမှု 'ဝိညာဏ်' ကြောင့်ဖြစ်သော၊ သိမှု 'ဝိညာဏ်' နှင့် ယှဉ်သော နာမ်ဟု ဆိုအပ်၏။

**(၅) မနာယတန**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် နာမ်ကြောင့်ဖြစ်သော၊ နာမ်နှင့်ယှဉ်သော ခြောက်ခုမြောက် 'မနာယတန' မည်သနည်း။

အကြင်ဆန်းကြယ်သောသဘော 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ်အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကို နာမ်ကြောင့် ဖြစ်သော၊ နာမ်နှင့် ယှဉ်သော ခြောက်ခုမြောက် မနာယတန ဟု ဆိုအပ်၏။

(၆) ဖဿ

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် ခြောက်ခုမြောက် မနာယတနကြောင့်ဖြစ်သော၊ ခြောက်ခုမြောက် မနာယတနနှင့် ယှဉ်သော တွေ့ထိမှု ဖဿ မည်သနည်း။

အကြင် တွေ့ထိမှု သဘော 'ဖဿ'၊ တွေ့ထိသော အခြင်းအရာ 'ဖုသနာ'၊ ကောင်းစွာ တွေ့ထိသော အခြင်းအရာ 'သမ္ဖုသနာ'၊ ကောင်းစွာ တွေ့ထိတတ်သည်၏အဖြစ် 'သမ္ဖုသိတတ္တ' သည် ရှိ၏။ ဤသဘောကို ခြောက်ခုမြောက် 'မနာယတန'ကြောင့်ဖြစ်သော၊ ခြောက်ခုမြောက် 'မနာယန' နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ' ဟု ဆိုအပ်၏။

(၇) ဝေဒနာ

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် တွေ့ထိမှု (ဖဿ) ကြောင့်ဖြစ်သော၊ တွေ့ထိမှု (ဖဿ) နှင့် ယှဉ်သော ခံစားမှု (ဝေဒနာ) မည်သနည်း။

အကြင်စိတ်၌ ဖြစ်သော သာယာမှု ၊ စိတ်၌ ဖြစ်သောချမ်းသာမှု ၊ စိတ်အတွေ့ကြောင့်ဖြစ်သော သာယာဖွယ်ကောင်းသော ချမ်းသာသော ခံစားမှု ၊ စိတ်အတွေ့ကြောင့်ဖြစ်သော သာယာဖွယ်ကောင်းသောချမ်းသာသော ခံစားခြင်းသဘောသည် ရှိ၏။ ဤသဘောကို တွေ့ထိမှု 'ဖဿ' ကြောင့် ဖြစ်သော၊ တွေ့ထိမှု 'ဖဿ' နှင့် ယှဉ်သော ခံစားမှု 'ဝေဒနာ'ဟု ဆိုအပ်၏။

(၈) တဏှာ

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် ခံစားမှု 'ဝေဒနာ'ကြောင့် ဖြစ်သော၊ ခံစားမှု 'ဝေဒနာ' နှင့် ယှဉ်သော တပ်မက်မှု 'တဏှာ' မည်သနည်း။

အကြင်တပ်မက်ခြင်း 'ရာဂ'၊ ပြင်းစွာတပ်မက်ခြင်း 'သာရာဂ'။ပ။ စိတ်၏ပြင်းစွာ တပ်မက်ခြင်း 'စိတ္တဿ သာရာဂ'သည် ရှိ၏။ ဤသဘောကို ခံစားမှု 'ဝေဒနာ' ကြောင့်ဖြစ်သော၊ ခံစားမှု 'ဝေဒနာ' နှင့်ယှဉ်သော တပ်မက်မှု 'တဏှာ'ဟု ဆိုအပ်၏။

(၉) ဉပါဒါန်

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် တပ်မက်မှု 'တဏှာ' ကြောင့်ဖြစ်သော၊ တပ်မက်မှု 'တဏှာ' နှင့် ယှဉ်သော စွဲလမ်းမှု 'ဉပါဒါန်' မည်သနည်း။

အကြင် အမြင်မှားမှု 'ဒိဋ္ဌိ'၊ အမြင်မှားမှု တို့၌ ပါဝင်ခြင်းသဘော 'ဒိဋ္ဌိဂတ'။ပ။ မိစ္ဆာအယူ တည်းဟူသော ရေဆိပ် 'တိတ္ထာယတန'၊ ဖောက်ပြန်သောအားဖြင့် စွဲယူခြင်းသဘော 'ဝိပရိယာသဂ္ဂါဟ' သည် ရှိ၏။ ဤသဘောကို တပ်မက်မှု 'တဏှာ' ကြောင့်ဖြစ်သော၊ တပ်မက်မှု 'တဏှာ' နှင့် ယှဉ်သော စွဲလမ်းမှု 'ဉပါဒါန်' ဟု ဆိုအပ်၏။ပ။

ထို့ကြောင့် ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှား ဖြစ်ပေါ်မှုသည် ဖြစ်၏ဟု ဆိုအပ်၏။

------

# ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ

## (၂) မပြည့်မစုံ အင်္ဂါ ၁၁-ပါးရှိသောဝါရ

၂၆၆။ (၁) ထိုအခါ၌ မသိမှု 'အဝိဇ္ဇာ' ကြောင့်ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ'သည် မသိမှု 'အဝိဇ္ဇာ' နှင့်ယှဉ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့်ဖြစ်သော သိမှု 'ဝိညာဏ်' သည် ပြုစီရင်မှု 'သင်္ခါရ'နှင့် ယှဉ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့်ဖြစ်သော နာမ်သည် သိမှု 'ဝိညာဏ်' နှင့် ယှဉ်၏။

(၄) နာမ်ကြောင့်ဖြစ်သော တွေ့ထိမှု 'ဖဿ' သည် နာမ်နှင့် ယှဉ်၏။

(၅) တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ'သည် တွေ့ထိမှု 'ဖဿ' နှင့် ယှဉ်၏။

(၆) ခံစားမှု 'ဝေဒနာ'ကြောင့်ဖြစ်သော တပ်မက်မှု 'တဏှာ'သည် ခံစားမှု 'ဝေဒနာ' နှင့် ယှဉ်၏။

(၇) တပ်မက်မှု 'တဏှာ' ကြောင့်ဖြစ်သော စွဲလမ်းမှု 'ဥပါဒါန်'သည် တပ်မက်မှု 'တဏှာ'နှင့်ယှဉ်၏။

(၈) စွဲလမ်းမှု 'ဥပါဒါန်' ကြောင့် ဘဝသည် ဖြစ်၏။

(၉) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၁၀) ဇာတိ ကြောင့်-

(၁၁) အိုခြင်း, သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

------

# ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ

## (၂) မပြည့်မစုံ အင်္ဂါ ၁၁-ပါးရှိသောဝါရ အကျယ်

၂၆၇။ **(၁) အဝိဇ္ဇာ**

ထိုအင်္ဂါ ၁၁-ပါးတို့တွင် အဘယ်သည် မသိမှုဟူသော 'အဝိဇ္ဇာ' မည်သနည်း။

အကြင် မသိခြင်းသဘော 'အညာဏ'၊ မမြင်ခြင်းသဘော 'အဒဿန'။ပ။ တံခါးကျင် (မင်းတုပ်) နှင့်တူသော မသိမှု သဘော 'အဝိဇ္ဇာလင်္ဂီ'၊ အကုသိုလ်မူလဟု ဆိုအပ်သော တွေဝေမှု 'မောဟ'သည် ရှိ၏၊ ဤသဘောကို မသိမှု 'အဝိဇ္ဇာ' ဟု ဆိုအပ်၏။

**(၂) သင်္ခါရ**

ထိုအင်္ဂါ ၁၁-ပါးတို့တွင် အဘယ်သည် မသိမှု 'အဝိဇ္ဇာ' ကြောင့်ဖြစ်သော၊ မသိမှု 'အဝိဇ္ဇာ' နှင့် ယှဉ်သော ပြုစီရင်မှု 'သင်္ခါရ' မည်သနည်း။

အကြင်စေ့ဆော်မှု သဘော 'စေတနာ'၊ ကောင်းစွာ စေ့ဆော်မှု သဘော 'သဉ္စေတနာ'၊ ကောင်းစွာ စေ့ဆော် တတ်သည်၏ အဖြစ် 'သဉ္စေတယိတတ္တ' သည် ရှိ၏။ ဤသဘောကို မသိမှု 'အဝိဇ္ဇာ' ကြောင့်ဖြစ်သော၊ မသိမှု 'အဝိဇ္ဇာ'နှင့် ယှဉ်သော ပြုစီရင်မှု 'သင်္ခါရ' ဟု ဆိုအပ်၏။

**(၃) ဝိညာဏ်**

ထိုအင်္ဂါ ၁၁-ပါးတို့တွင်အဘယ်သည် ပြုစီရင်မှု 'သင်္ခါရ' ကြောင့်ဖြစ်သော၊ ပြုစီရင်မှု 'သင်္ခါရ' နှင့် ယှဉ်သော သိမှု 'ဝိညာဏ်' မည်သနည်း။

အကြင်ဆန်းကြယ်ခြင်းသဘော 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ် အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကို ပြုစီရင်မှု 'သင်္ခါရ' ကြောင့် ဖြစ်သော၊ ပြုစီရင်မှု 'သင်္ခါရ' နှင့်ယှဉ်သော သိမှု 'ဝိညာဏ်'ဟု ဆိုအပ်၏။

**(၄) နာမ်**

ထိုအင်္ဂါ ၁၁-ပါးတို့တွင် အဘယ်သည် သိမှု 'ဝိညာဏ်'ကြောင့်ဖြစ်သော၊ သိမှု 'ဝိညာဏ်'နှင့် ယှဉ်သော နာမ် မည်သနည်း။

ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုစီရင်မှု အစု 'သင်္ခါရက္ခန္ဓာ' သည် ရှိ၏။ ဤသဘောကို သိမှု 'ဝိညာဏ်' ကြောင့်ဖြစ်သော၊ သိမှု 'ဝိညာဏ်' နှင့်ယှဉ်သော နာမ်ဟု ဆိုအပ်၏။

နာမ်ကြောင့်ဖြစ်သော၊ နာမ်နှင့်ယှဉ်သော တွေ့ထိမှု (ဖဿ) သည် ဖြစ်၏ဟု ဆိုရာ၌ အဘယ်သည် နာမ် မည်သနည်း။

တွေ့ထိမှု 'ဖဿ' ကို ထား၍ ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရက္ခန္ဓာ'၊ သိမှု အစု 'ဝိညာဏက္ခန္ဓာ' သည် ရှိ၏။ ဤသဘောကို နာမ်ဟု ဆိုအပ်၏။

(၅) ဖဿ

ထိုအင်္ဂါ ၁၁-ပါးတို့တွင် အဘယ်သည် နာမ်ကြောင့်ဖြစ်သော၊ နာမ်နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ' မည်သနည်း။

အကြင်တွေ့ထိခြင်းသဘော 'ဖဿ'၊ တွေ့ထိသောအခြင်းအရာ 'ဖုသနာ'၊ ကောင်းစွာ တွေ့ထိသော အခြင်းအရာ 'သမ္ဖုသနာ'၊ ကောင်းစွာတွေ့ထိတတ်သည်၏အဖြစ် 'သံဖုသိတတ္တ' သည် ရှိ၏။ ဤ သဘောကို နာမ်ကြောင့် ဖြစ်သော၊ နာမ်နှင့်ယှဉ်သော တွေ့ထိမှု (ဖဿ) ဟု ဆိုအပ်၏။ပ။

ထို့ကြောင့် ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှား ဖြစ်ပေါ်မှုသည် ဖြစ်၏ဟု ဆိုအပ်၏။

------

# ပဋ္ဌိစ္စသမုပ္ပါဒဝိဘင်္ဂ

## (၃) အပြည့်အစုံ အင်္ဂါ ၁၂-ပါးရှိသောဝါရ

၂၆၈။ (၁) ထိုအခါ၌ မသိမှု 'အဝိဇ္ဇာ' ကြောင့်ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ'သည် မသိမှု 'အဝိဇ္ဇာ' နှင့် ယှဉ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့်ဖြစ်သော သိမှု 'ဝိညာဏ်' သည် ပြုစီရင်မှု 'သင်္ခါရ' နှင့် ယှဉ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့်ဖြစ်သော နာမ်, ရုပ်တွင် နာမ်သည် သိမှု 'ဝိညာဏ်' နှင့် ယှဉ်၏။

(၄) နာမ်ရုပ်ကြောင့်ဖြစ်သော ခြောက်ခုမြောက် မနာယတန သည် နာမ်နှင့် ယှဉ်၏။

(၅) ခြောက်ခုမြောက် မနာယတနကြောင့် ဖြစ်သော တွေ့ထိမှု ဖဿသည် ခြောက်ခုမြောက် မနာယတနနှင့် ယှဉ်၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ'သည် တွေ့ထိမှု 'ဖဿ' နှင့် ယှဉ်၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့်ဖြစ်သော တပ်မက်မှု 'တဏှာ' သည် ခံစားမှု 'ဝေဒနာ' နှင့် ယှဉ်၏။

(၈) တပ်မက်မှု 'တဏှာ' ကြောင့်ဖြစ်သော စွဲလမ်းမှု 'ဥပါဒါန်' သည် တပ်မက်မှု 'တဏှာ'နှင့် ယှဉ်၏။

(၉) စွဲလမ်းမှု 'ဥပါဒါန်' ကြောင့် ဘဝသည် ဖြစ်၏။

(၁၀) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၁၁) ဇာတိ ကြောင့်-

(၁၂) အိုခြင်း၊ သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

------

# ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ

## (၃) အပြည့်အစုံ အင်္ဂါ ၁၂-ပါးရှိသောဝါရ အကျယ်

၂၆၉။ **(၁) အဝိဇ္ဇာ**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် မသိမှု 'အဝိဇ္ဇာ' မည်သနည်း။

အကြင်မသိခြင်းသဘော 'အညာဏ'၊ မမြင်ခြင်းသဘော 'အဒဿန'။ပ။ တံခါးကျင် (မင်းတုပ်) နှင့်တူသော မသိမှု သဘော 'အဝိဇ္ဇာလင်္ဂီ'၊ အကုသိုလ်မူလဟုဆိုအပ်သော တွေဝေမှု 'မောဟ'သည် ရှိ၏။ ဤသဘောကို မသိမှု 'အဝိဇ္ဇာ' ဟု ဆိုအပ်၏။

**(၂) သင်္ခါရ**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် မသိမှု 'အဝိဇ္ဇာ' ကြောင့်ဖြစ်သော၊ မသိမှု 'အဝိဇ္ဇာ' နှင့်ယှဉ်သော ပြုစီရင်မှု 'သင်္ခါရ' မည်သနည်း။

အကြင် စေ့ဆော်မှု 'စေတနာ'၊ ကောင်းစွာ စေ့ဆော်သောအခြင်းအရာ 'သဉ္စေတနာ'၊ ကောင်းစွာ စေ့ဆော်တတ်သည်၏ အဖြစ် 'သဉ္စေတယိတတ္တ' သည် ရှိ၏။ ဤသဘောကို မသိမှု 'အဝိဇ္ဇာ' ကြောင့်ဖြစ်သော၊ မသိမှု 'အဝိဇ္ဇာ' နှင့် ယှဉ်သော ပြုစီရင်မှု 'သင်္ခါရ'ဟု ဆိုအပ်၏။

**(၃) ဝိညာဏ်**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် ပြုစီရင်မှု 'သင်္ခါရ' ကြောင့်ဖြစ်သော၊ ပြုစီရင်မှု 'သင်္ခါရ' နှင့်ယှဉ်သော သိမှု 'ဝိညာဏ်' မည်သနည်း။

အကြင် ဆန်းကြယ်သောသဘော 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ်အား လျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကို ပြုစီရင်မှု 'သင်္ခါရ' ကြောင့် ဖြစ်သော၊ ပြုစီရင်မှု 'သင်္ခါရ' နှင့်ယှဉ်သော သိမှု 'ဝိညာဏ်' ဟု ဆိုအပ်၏။

**(၄) နာမ်ရုပ်**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် သိမှု 'ဝိညာဏ်' ကြောင့်ဖြစ်သော နာမ်ရုပ်တွင်နာမ်သည် သိမှု 'ဝိညာဏ်' နှင့် ယှဉ်၏ ဟူသော စကား၌ အဘယ်သည် နာမ်ရုပ် မည်သနည်း။

နာမ်သည် ရှိ၏။ ရုပ်သည် ရှိ၏။ ထို ၂-ပါးတို့တွင် အဘယ်သည် နာမ် မည်သနည်း။

ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရက္ခန္ဓာ' သည် ရှိ၏။ ဤသဘောကို နာမ်ဟု ဆိုအပ်၏။

ထို ၂-ပါးတို့တွင် အဘယ်သည် ရုပ် မည်သနည်း။

စက္ခာယတန၏ကြီးပွါးမှု ၊ သောတာယတန၏ကြီးပွါးမှု ၊ ဃာနာယတန၏ကြီးပွါးမှု ၊ ဇိဝှါယတန၏ ကြီးပွါးမှု ၊ ကာယာယတန၏ကြီးပွါးမှုသည် ရှိ၏။ ဤကမ္မဇရုပ်မှ တစ်ပါးသော စိတ်လျှင် အကြောင်း ရှိသော စိတ်ကြောင့်ဖြစ်သော အကြင် စိတ္တဇရုပ်သည်လည်း ရှိ၏။ ဤသဘောကို ရုပ်ဟု ဆိုအပ်၏။

ဤဆိုခဲ့ပြီးသော နာမ်နှင့် ကမ္မဇရုပ် စိတ္တဇရုပ်ကို သိမှု 'ဝိညာဏ်' ကြောင့်ဖြစ်သော နာမ်ရုပ်တွင် နာမ်သည်သိမှု 'ဝိညာဏ်' နှင့်ယှဉ်၏ဟူသော စကား၌ နာမ်ရုပ်ဟု ဆိုအပ်၏။

နာမ် ရုပ်ကြောင့်ဖြစ်သော နာမ်နှင့်ယှဉ်သော ခြောက်ခုမြောက် မနာယတနသည် ဖြစ်၏ဟုဆိုရာ၌ နာမ်သည် ရှိ၏၊ ရုပ်သည် ရှိ၏။ ထို ၂-ပါးတို့တွင် အဘယ်သည် နာမ် မည်သနည်း။

ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရက္ခန္ဓာ' သည် ရှိ၏။ ဤသဘောကို နာမ်ဟု ဆိုအပ်၏။

ထို ၂-ပါးတို့တွင် အဘယ်သည် ရုပ် မည်သနည်း။

မနောဝိညာဏဓာတ်၏ မှီရာဖြစ်သော အကြင်ဟဒယဝတ္ထုရုပ်သည် ရှိ၏။ ဤသဘောကို ရုပ်ဟု ဆိုအပ်၏။ ဤစေတသိက်ခန္ဓာသုံးပါးနှင့် ဟဒယဝတ္ထုရုပ်ကို နာမ်ရုပ်ဟု ဆိုအပ်၏။

**(၅) မနာယတန**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် နာမ်ရုပ်ကြောင့် ဖြစ်သော၊ နာမ်နှင့်ယှဉ်သော ခြောက်ခုမြောက် မနာယတန မည်သနည်း။

အကြင်ဆန်းကြယ်သောသဘော 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ်အား လျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကို နာမ်ရုပ်ကြောင့်ဖြစ်သော၊ နာမ်နှင့်ယှဉ်သော ခြောက်ခုမြောက် မနာယတန ဟု ဆိုအပ်၏။

**(၆) ဖဿ**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် ခြောက်ခုမြောက် မနာယတနကြောင့်ဖြစ်သော၊ ခြောက်ခုမြောက် မနာယတန နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ' မည်သနည်း။

အကြင် တွေ့ထိမှု သဘော 'ဖဿ'၊ တွေ့ထိသော အခြင်းအရာ 'ဖုသနာ'၊ ကောင်းစွာ တွေ့ထိသော အခြင်းအရာ 'သမ္ဖုသနာ'၊ ကောင်းစွာ တွေ့ထိတတ်သည်၏ အဖြစ် 'သမ္ဖုသိတတ္တ' သည် ရှိ၏။ ဤသဘောကို ခြောက်ခုမြောက် မနာယတနကြောင့် ဖြစ်သော၊ ခြောက်ခုမြောက် မနာယတနနှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ'ဟု ဆိုအပ်၏။ပ။ ထို့ကြောင့် ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည်ဖြစ်၏ဟု ဆိုအပ်၏။

------

# ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ

## (၄) လုံးဝအပြည့်အစုံ အင်္ဂါ ၁၂-ပါးရှိသောဝါရ

၂၇၀။ (၁) ထိုအခါ၌ မသိမှု 'အဝိဇ္ဇာ' ကြောင့်ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ'သည် မသိမှု 'အဝိဇ္ဇာ'နှင့် ယှဉ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့်ဖြစ်သော သိမှု 'ဝိညာဏ်' သည် ပြုစီရင်မှု 'သင်္ခါရ' နှင့် ယှဉ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့်ဖြစ်သော နာမ်ရုပ်တွင် နာမ်သည် သိမှု ဝိညာဏ်နှင့် ယှဉ်၏။

(၄) နာမ်ရုပ်ကြောင့်ဖြစ်သော အာယတန ခြောက်ပါးတွင် ခြောက်ခုမြောက် မနာယတန သည် နာမ်နှင့်ယှဉ်၏။

(၅) ခြောက်ခုမြောက် မနာယတနကြောင့်ဖြစ်သော တွေ့ထိမှု 'ဖဿ' သည် ခြောက်ခုမြောက် 'မနာယတန' နှင့် ယှဉ်၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' သည် တွေ့ထိမှု 'ဖဿ' နှင့် ယှဉ်၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့်ဖြစ်သော တပ်မက်မှု 'တဏှာ' သည် ခံစားမှု 'ဝေဒနာ' နှင့် ယှဉ်၏။

(၈) တပ်မက်မှု 'တဏှာ' ကြောင့်ဖြစ်သောစွဲလမ်းမှု 'ဉပါဒါန်' သည်တပ်မက်မှု 'တဏှာ' နှင့် ယှဉ်၏။

(၉) စွဲလမ်းမှု 'ဉပါဒါန်' ကြောင့် ဘဝသည် ဖြစ်၏။

(၁၀) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၁၁) ဇာတိကြောင့်-

(၁၂) အိုခြင်း, သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

------

# ပဋ္ဌိစ္စသမုပ္ပါဒ၀ိဘင်္ဂ

## (၄) လုံး၀အပြည့်အစုံ အင်္ဂါ ၁၂-ပါးရှိသော၀ါရ အကျယ်

၂၇၁။ **(၁) အ၀ိဇ္ဇာ**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် မသိမှု 'အ၀ိဇ္ဇာ' မည်သနည်း။

အကြင်မသိခြင်းသဘော 'အညာဏ'၊ မမြင်ခြင်းသဘော 'အဒဿန'။ပ။ တံခါးကျင် (မင်းတုပ်) နှင့်တူသော မသိမှု သဘော 'အ၀ိဇ္ဇာလင်္ဂီ'၊ အကုသိုလ်မူလဟုဆိုအပ်သော တွေဝေမှု 'မောဟ' သည် ရှိ၏။ ဤသဘောကို မသိမှု 'အ၀ိဇ္ဇာ' ဟု ဆိုအပ်၏။

**(၂) သင်္ခါရ**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် မသိမှု 'အ၀ိဇ္ဇာ'ကြောင့်ဖြစ်သော၊ မသိမှု 'အ၀ိဇ္ဇာ' နှင့်ယှဉ်သော ပြုစီရင်မှု 'သင်္ခါရ' မည်သနည်း။

အကြင် စေ့ဆော်ခြင်းသဘော 'စေတနာ'၊ ကောင်းစွာ စေ့ဆော်ခြင်းသဘော 'သဉ္စေတနာ'၊ ကောင်းစွာ စေ့ဆော်တတ်သည်၏ အဖြစ် 'သဉ္စေတယိတတ္တ' သည် ရှိ၏။ ဤသဘောကို မသိမှု 'အ၀ိဇ္ဇာ' ကြောင့်ဖြစ်သော၊ မသိမှု 'အ၀ိဇ္ဇာ'နှင့် ယှဉ်သော ပြုစီရင်မှု 'သင်္ခါရ' ဟု ဆိုအပ်၏။

**(၃) ၀ိညာဏ်**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် ပြုစီရင်မှု 'သင်္ခါရ' ကြောင့်ဖြစ်သော၊ ပြုစီရင်မှု 'သင်္ခါရ' နှင့် ယှဉ်သော သိမှု '၀ိညာဏ်' မည်သနည်း။

အကြင်ဆန်းကြယ်သောသဘော 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ်အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနော၀ိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကို ပြုစီရင်မှု (သင်္ခါရ) ကြောင့် ဖြစ်သော၊ ပြုစီရင်မှု (သင်္ခါရ) နှင့်ယှဉ်သော သိမှု (၀ိညာဏ်) ဟု ဆိုအပ်၏။

**(၄) နာမ်ရုပ်**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် သိမှု '၀ိညာဏ်'ကြောင့်ဖြစ်သော၊ နာမ်ရုပ်တွင် နာမ်သည် သိမှု '၀ိညာဏ်' နှင့် ယှဉ်၏ ဟူသော စကား၌ အဘယ်သည် နာမ်ရုပ် မည်သနည်း။

နာမ်သည် ရှိ၏။ ရုပ်သည် ရှိ၏။ ထို ၂-ပါးတို့တွင် အဘယ်သည် နာမ် မည်သနည်း။

ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရက္ခန္ဓာ' သည် ရှိ၏။ ဤသဘောကို နာမ်ဟု ဆိုအပ်၏။

ထို ၂-ပါးတို့တွင် အဘယ်သည် ရုပ် မည်သနည်း။

စက္ခာယတန၏ကြီးပွါးမှု ၊ သောတာယတန၏ကြီးပွါးမှု ၊ ဃာနာယတန၏ကြီးပွါးမှု ၊ ဇိဝှါယတန၏ ကြီးပွါးမှု ၊ ကာယာယတန၏ကြီးပွါးမှုသည် ရှိ၏။ ဤကမ္မဇရုပ်မှ တစ်ပါးသော စိတ်လျှင် အကြောင်း ရှိသော စိတ်ကြောင့် ဖြစ်သော အကြင်စိတ္တဇရုပ်သည်လည်း ရှိ၏။ ဤသဘောကို ရုပ်ဟု ဆိုအပ်၏။

ဤဆိုခဲ့ပြီးသော နာမ်နှင့်ရုပ်ကို သိမှု '၀ိညာဏ်' ကြောင့်ဖြစ်သော နာမ်ရုပ်တွင် နာမ်သည်သိမှု '၀ိညာဏ်' နှင့် ယှဉ်၏ဟူသော စကား၌ နာမ်ရုပ်ဟု ဆိုအပ်၏။

နာမ် ရုပ်ကြောင့်ဖြစ်သော အာယတန ခြောက်ပါးတွင် ခြောက်ခုမြောက် မနာယတနသည် နာမ်နှင့် ယှဉ်၏ ဟူသော စကား၌ နာမ်သည် ရှိ၏၊ ရုပ်သည် ရှိ၏။

ထို ၂-ပါးတို့တွင် အဘယ်သည် နာမ် မည်သနည်း။

ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရက္ခန္ဓာ' သည် ရှိ၏။ ဤသဘောကို နာမ်ဟု ဆိုအပ်၏။

ထို ၂-ပါးတို့တွင် အဘယ်သည် ရုပ် မည်သနည်း။

မဟာဘုတ်လေးပါးတို့သည် လည်းကောင်း၊ မနောဝိညာဏဓာတ်၏ မှီရာဖြစ်သော အကြင် ဟဒယဝတ္ထုရုပ်သည် လည်းကောင်း ရှိ၏။ ဤသဘောကို ရုပ်ဟု ဆိုအပ်၏။ ဤဆိုအပ်ခဲ့ပြီးသော နာမ်နှင့် ရုပ်ကို 'နာမ်ရုပ်' ဟု ဆိုအပ်၏။

**(၅) သဠာယတန**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် နာမ် ရုပ်ကြောင့်ဖြစ်သော 'အာယတန' ခြောက်ပါးတွင် ခြောက်ခုမြောက် 'မနာယတန' သည် နာမ်နှင့်ယှဉ်၏ ဟူသော စကား၌ အဘယ်သည်အာယတန ခြောက်ပါး မည်သနည်း။

မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'၊ ကြားသိစိတ်ဖြစ်ရာ နားအကြည် 'သောတာယတန'၊ နံသိစိတ်ဖြစ်ရာ နှာခေါင်းအကြည် 'ဃာနာယတန'၊ လျက်သိစိတ်ဖြစ်ရာ လျှာအကြည် 'ဇိဝှါယတန'၊ ထိသိစိတ်ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန'၊ တွေးသိစိတ်ဖြစ်ရာ မနောအကြည် 'မနာယတန' သည် ရှိ၏။ ဤသဘောကို နာမ်ရုပ်ကြောင့်ဖြစ်သော 'အာယတန' ခြောက်ပါးတွင် ခြောက်ခုမြောက် 'မနာယတန'သည် နာမ်နှင့် ယှဉ်၏ ဟူသော စကား၌ 'အာယတန' ခြောက်ပါးဟု ဆိုအပ်၏။

**(၆) ဖဿ**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် ခြောက်ခုမြောက် 'မနာယတန' ကြောင့် ဖြစ်သော၊ ခြောက်ခုမြောက် 'မနာယတန'နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ' မည်သနည်း။

အကြင်တွေ့ထိမှု သဘော 'ဖဿ'၊ တွေ့ထိသော အခြင်းအရာ 'ဖုသနာ'၊ ကောင်းစွာတွေ့ထိသော အခြင်းအရာ 'သံဖုသနာ'၊ ကောင်းစွာ တွေ့ထိတတ်သည်၏ အဖြစ် 'သံဖုသိတတ္တ' သည် ရှိ၏။ ဤသဘောကို ခြောက်ခုမြောက် 'မနာယတန' ကြောင့်ဖြစ်သော၊ ခြောက်ခုမြောက် 'မနာယတန' နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ'ဟု ဆိုအပ်၏။ပ။ ထို့ကြောင့် ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏ဟု ဆိုအပ်၏။

**သမ္ပယုတ္တသဒ္ဒါဖြင့် ဟောသော ဝါရလေးမျိုးအကျယ်ပြီး၏**

------

# ပဋ္ဌိစ္စသမုပ္ပါဒဝိဘင်္ဂ

## ၈ - အညမည (အချင်းချင်းကြောင်းကျိုးဖြစ်ပုံ) ဟောသော ဝါရလေးမျိုး အကျယ်

## (၁) မပြည့်မစုံ အင်္ဂါ ၁၂-ပါးရှိသောဝါရ

၂၇၂။ (၁) ထိုအခါ၌ မသိမှု 'အဝိဇ္ဇာ' ကြောင့် ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။ ပြုစီရင်မှု 'သင်္ခါရ' ကြောင့်လည်း မသိမှု 'အဝိဇ္ဇာ' သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်'သည် ဖြစ်၏။ သိမှု 'ဝိညာဏ်' ကြောင့်လည်း ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏။ နာမ်ကြောင့်လည်း သိမှု 'ဝိညာဏ်'သည်ဖြစ်၏။

(၄) နာမ်ကြောင့် ခြောက်ခုမြောက် မနာယတနသည် ဖြစ်၏၊ ခြောက်ခုမြောက် မနာယတန ကြောင့်လည်း နာမ်သည် ဖြစ်၏။

(၅) ခြောက်ခုမြောက် မနာယတနကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏၊ တွေ့ထိမှု 'ဖဿ' ကြောင့်လည်း ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏၊ ခံစားမှု 'ဝေဒနာ' ကြောင့်လည်း တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့် တပ်မက်မှု 'တဏှာ' သည် ဖြစ်၏။ တပ်မက်မှု 'တဏှာ' ကြောင့်လည်း ခံစားမှု 'ဝေဒနာ'သည် ဖြစ်၏။

(၈) တပ်မက်မှု 'တဏှာ' ကြောင့် စွဲလမ်းမှု 'ဥပါဒါန်'သည် ဖြစ်၏။ စွဲလမ်းမှု 'ဥပါဒါန်' ကြောင့်လည်း တပ်မက်မှု 'တဏှာ' သည် ဖြစ်၏။

(၉) စွဲလမ်းမှု 'ဥပါဒါန်' ကြောင့် ဘဝသည် ဖြစ်၏။

(၁၀) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၁၁) ဇာတိကြောင့်-

(၁၂) အိုခြင်း, သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

------

# ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ

## (၁) မပြည့်မစုံ အင်္ဂါ ၁၂-ပါးရှိသောဝါရ အကျယ်

၂၇၃။ **(၁) အဝိဇ္ဇာ**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် မသိမှု 'အဝိဇ္ဇာ' မည်သနည်း။

အကြင် မသိခြင်းသဘော 'အညာဏ'၊ မမြင်ခြင်းသဘော 'အဒဿန'။ပ။ တံခါးကျင် (မင်းတုပ်) နှင့်တူသော မသိမှု သဘော 'အဝိဇ္ဇာလင်္ဂီ'၊ အကုသိုလ်မူလဟု ဆိုအပ်သော တွေဝေမှု 'မောဟ' သည် ရှိ၏။ ဤသဘောကို မသိမှု 'အဝိဇ္ဇာ'ဟု ဆိုအပ်၏။

**(၂) သင်္ခါရ**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် မသိမှု 'အဝိဇ္ဇာ' ကြောင့်ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ' မည်သနည်း။

အကြင်စေ့ဆော်မှု သဘော 'စေတနာ'၊ ကောင်းစွာစေ့ဆော်မှု သဘော 'သဉ္စေတနာ'၊ ကောင်းစွာ စေ့ဆော်တတ်သည်၏အဖြစ် 'သဉ္စေတယိတတ္တ' သည် ရှိ၏။ ဤသဘောကို မသိမှု 'အဝိဇ္ဇာ' ကြောင့်ဖြစ်သောပြုစီရင်မှု 'သင်္ခါရ' ဟု ဆိုအပ်၏။

ထိုအင်္ဂါ၁၂-ပါးတို့တွင် အဘယ်သည် ပြုစီရင်မှု 'သင်္ခါရ' ကြောင့် ဖြစ်သော မသိမှု 'အဝိဇ္ဇာ' မည်သနည်း။ အကြင်မသိခြင်းသဘော 'အညာဏ'၊ မမြင်ခြင်းသဘော 'အဒဿန'။ပ။ တံခါးကျင် (မင်းတုပ်) နှင့်တူသော မသိမှု သဘော 'အဝိဇ္ဇာလင်္ဂီ'၊ အကုသိုလ်မူလဟုဆိုအပ်သော တွေဝေမှု 'မောဟ' သည် ရှိ၏။ ဤသဘောကို ပြုစီရင်မှု 'သင်္ခါရ' ကြောင့်ဖြစ်သော မသိမှု 'အဝိဇ္ဇာ' ဟု ဆိုအပ်၏။

**(၃) ဝိညာဏ်**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် ပြုစီရင်မှု 'သင်္ခါရ'ကြောင့်ဖြစ်သော သိမှု 'ဝိညာဏ်' မည်သနည်း။

အကြင်ဆန်းကြယ်သောသဘော 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ်အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကို ပြုစီရင်မှု 'သင်္ခါရ'ကြောင့် ဖြစ်သော သိမှု 'ဝိညာဏ်' ဟု ဆိုအပ်၏။

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် သိမှု 'ဝိညာဏ်'ကြောင့်ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ' မည်သနည်း။

အကြင်စေ့ဆော်ခြင်း 'စေတနာ'၊ ကောင်းစွာစေ့ဆော်ခြင်း 'သဉ္စေတနာ'၊ ကောင်းစွာ စေ့ဆော်တတ်သည်၏ အဖြစ် 'သဉ္စေတယိတတ္တ' သည် ရှိ၏။ ဤသဘောကို သိမှု 'ဝိညာဏ်' ကြောင့်ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ' ဟု ဆိုအပ်၏။

## (၄) နာမ်

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် သိမှု 'ဝိညာဏ်' ကြောင့်ဖြစ်သော နာမ် မည်သနည်း။

ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရက္ခန္ဓာ' သည် ရှိ၏။

ဤသဘောကို သိမှု 'ဝိညာဏ်' ကြောင့်ဖြစ်သော နာမ်ဟု ဆိုအပ်၏။

ထိုအင်္ဂါ၁၂-ပါးတို့တွင် အဘယ်သည် နာမ်ကြောင့်ဖြစ်သော သိမှု 'ဝိညာဏ်' မည်သနည်း။

အကြင်ဆန်းကြယ်သောသဘော 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ်အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကို နာမ်ကြောင့်ဖြစ်သော သိမှု 'ဝိညာဏ်' ဟု ဆိုအပ်၏။

## (၅) ဆဋ္ဌာယတန

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် နာမ်ကြောင့် ဖြစ်သော ခြောက်ခုမြောက် မနာယတန မည်သနည်း။

အကြင်ဆန်းကြယ်သောသဘော 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ်အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကို နာမ်ကြောင့် ဖြစ်သော ခြောက်ခုမြောက် မနာယတနဟု ဆိုအပ်၏။

ထိုအင်္ဂါ၁၂-ပါးတို့တွင် အဘယ်သည် ခြောက်ခုမြောက် မနာယတနကြောင့်ဖြစ်သော နာမ် မည်သနည်း။

ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရက္ခန္ဓာ' သည် ရှိ၏။ ဤသဘောကို ခြောက်ခုမြောက် မနာယတနကြောင့်ဖြစ်သော နာမ်ဟု ဆိုအပ်၏။

## (၆) ဖဿ

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် ခြောက်ခုမြောက် မနာယတန ကြောင့် ဖြစ်သော တွေ့ထိမှု ဖဿ မည်သနည်း။

အကြင်တွေ့ထိခြင်းသဘော 'ဖဿ'၊ တွေ့ထိသောအခြင်းအရာ 'ဖုသနာ'၊ ကောင်းစွာ တွေ့ထိသော အခြင်းအရာ 'သမ္ဖုသနာ'၊ ကောင်းစွာတွေ့ထိတတ်သည်၏ အဖြစ် 'သမ္ဖုသိတတ္တ' သည် ရှိ၏။ ဤသဘောကို ခြောက်ခုမြောက် 'မနာယတန' ကြောင့်ဖြစ်သော တွေ့ထိမှု 'ဖဿ' ဟု ဆိုအပ်၏။ ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခြောက်ခုမြောက် မနာယတန မည်သနည်း။

အကြင်ဆန်းကြယ်သောသဘော 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ်အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကို တွေ့ထိမှု 'ဖဿ' ကြောင့် ဖြစ်သော ခြောက်ခုမြောက် 'မနာယတန' ဟု ဆိုအပ်၏။

## (၇) ဝေဒနာ

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သောခံစားမှု 'ဝေဒနာ' မည်သနည်း။

အကြင်စိတ်၌ ဖြစ်သော သာယာမှု ၊ စိတ်၌ ဖြစ်သော ချမ်းသာမှု ၊ စိတ်အတွေ့ကြောင့် ဖြစ်သော သာယာဖွယ် ကောင်းသော ချမ်းသာသော ခံစားမှု ၊ စိတ်အတွေ့ကြောင့်ဖြစ်သော သာယာဖွယ် ကောင်းသော ချမ်းသာသော ခံစားခြင်းသဘောသည် ရှိ၏။ ဤသဘောကို တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ'ဟု ဆိုအပ်၏။

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် ခံစားမှု 'ဝေဒနာ' ကြောင့်ဖြစ်သော တွေ့ထိမှု 'ဖဿ' မည်သနည်း။

အကြင်တွေ့ထိမှု သဘော 'ဖဿ'၊ တွေ့ထိသောအခြင်းအရာ 'ဖုသနာ'၊ ကောင်းစွာ တွေ့ထိတတ်သော အခြင်းအရာ 'သမ္ဖုသနာ'၊ ကောင်းစွာတွေ့ထိတတ်သည်၏အဖြစ် 'သမ္ဖုသိတတ္တ' သည် ရှိ၏။ ဤသဘောကိုခံစားမှု 'ဝေဒနာ'ကြောင့်ဖြစ်သော တွေ့ထိမှု 'ဖဿ' ဟု ဆိုအပ်၏။

## (၈) တဏှာ

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် ခံစားမှု 'ဝေဒနာ' ကြောင့်ဖြစ်သောတပ်မက်မှု 'တဏှာ' မည်သနည်း။

အကြင် တပ်မက်မှု 'ရာဂ'၊ ပြင်းစွာ တပ်မက်မှု 'သာရာဂ'။ပ။ စိတ်၏ ပြင်းစွာ တပ်မက်မှု 'စိတ္တသာရာဂ' သည် ရှိ၏။ ဤသဘောကို ခံစားမှု 'ဝေဒနာ' ကြောင့်ဖြစ်သော တပ်မက်မှု 'တဏှာ'ဟု ဆိုအပ်၏။

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် တပ်မက်မှု 'တဏှာ'ကြောင့် ဖြစ်သော ခံစားမှု 'ဝေဒနာ' မည့်သနည်း။

အကြင် စိတ်၌ ဖြစ်သော သာယာမှု ၊ စိတ်၌ ဖြစ်သော ချမ်းသာမှု ၊ စိတ်အတွေ့ကြောင့် ဖြစ်သော သာယာဖွယ်ကောင်းသော ချမ်းသာသော ခံစားမှု ၊ စိတ်အတွေ့ကြောင့်ဖြစ်သော သာယာဖွယ် ကောင်းသော ချမ်းသာသော ခံစားခြင်းသဘောသည် ရှိ၏။ ဤသဘောကို တပ်မက်မှု 'တဏှာ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ'ဟု ဆိုအပ်၏။

## (၉) ဥပါဒါန်

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် တပ်မက်မှု 'တဏှာ' ကြောင့်ဖြစ်သောစွဲလမ်းမှု 'ဥပါဒါန်' မည်သနည်း။

အကြင် အမြင်မှားမှု 'ဒိဋ္ဌိ'၊ အမြင်မှားမှု၌ ပါဝင်သောသဘော 'ဒိဋ္ဌိဂတ'။ပ။ အကျိုးမဲ့တို့၏ တည်ရာဖြစ်သည့် မှားသောအယူ 'တိတ္ထာယတန'၊ ဖေါက်ပြန် မှားယွင်းသော အားဖြင့် စွဲယူခြင်းသဘော 'ဝိပရိယာသဂ္ဂါဟ' သည် ဖြစ်၏။ ဤသဘောကို တပ်မက်မှု 'တဏှာ' ကြောင့်ဖြစ်သော စွဲလမ်းမှု 'ဥပါဒါန်' ဟု ဆိုအပ်၏။

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် စွဲလမ်းမှု 'ဥပါဒါန်' ကြောင့်ဖြစ်သော တပ်မက်မှု 'တဏှာ' မည်သနည်း။

အကြင် တပ်မက်မှု 'ရာဂ'။ပ။ စိတ်၏ပြင်းစွာတပ်မက်မှု 'စိတ္တသာရာဂ' သည် ရှိ၏။ ဤသဘောကို စွဲလမ်းမှု 'ဥပါဒါန်' ကြောင့်ဖြစ်သော တပ်မက်မှု 'တဏှာ' ဟု ဆိုအပ်၏။

## (၁၀) ဘဝ

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် စွဲလမ်းမှု 'ဥပါဒါန်'ကြောင့်ဖြစ်သော ဘဝ မည်သနည်း။

စွဲလမ်းမှု 'ဥပါဒါန်'ကို ထား၍ ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရက္ခန္ဓာ'၊ သိမှု အစု 'ဝိညာဏက္ခန္ဓာ' သည် ရှိ၏။ ဤသဘောကို စွဲလမ်းမှု 'ဥပါဒါန်' ကြောင့် ဖြစ်သော ဘဝဟု ဆိုအပ်၏။

## (၁၁) ဇာတိ

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် ဘဝကြောင့်ဖြစ်သော ဇာတိ မည်သနည်း။

ထိုထိုနာမ်တရားတို့၏ အကြင် (ဥပါဒ်အားဖြင့်) ဖြစ်ခြင်း 'ဇာတိ'၊ ကောင်းစွာဖြစ်ခြင်း 'သဉ္ဇာတိ'၊ ဖြစ်ပေါ်လာခြင်း 'နိဗ္ဗတ္တိ'၊ အသစ်ဖြစ်ပေါ်လာခြင်း 'အဘိနိဗ္ဗတ္တိ'၊ ထင်ရှားဖြစ်ခြင်း 'ပါတုဘာဝ' သည် ရှိ၏။ ဤသဘောကို ဘဝကြောင့်ဖြစ်သော ဇာတိ ဟု ဆိုအပ်၏။

## (၁၂) ဇရာမရဏ

အဘယ်သည် ဇာတိကြောင့်ဖြစ်သော အိုခြင်း သေခြင်း 'ဇရာမရဏ' မည်သနည်း။

အိုခြင်း 'ဇရာ' သည် ရှိ၏။ သေခြင်း 'မရဏ' သည် ရှိ၏။ ထို ၂-ပါးတို့တွင် အဘယ်သည် အိုခြင်း 'ဇရာ' မည်သနည်း။

ထိုထို နာမ်တရားတို့၏ အကြင် အိုခြင်း 'ဇရာ'၊ ရင့်ရော်ခြင်း 'ဇီရဏတာ'၊ အသက်၏ဆုတ်ယုတ်ခြင်း 'အာယုသံဟာနိ' သည် ရှိ၏။ ဤသဘောကို အိုခြင်း 'ဇရာ'ဟု ဆိုအပ်၏။

ထို ၂-ပါးတို့တွင် အဘယ်သည် သေခြင်း 'မရဏ' မည်သနည်း။

ထိုထိုနာမ်တရားတို့၏ အကြင်ကုန်ခြင်း 'ခယ'၊ ပျက်ခြင်း 'ဝယ'၊ ပြိုကွဲခြင်း 'ဘေဒ'၊ ဖရိုဖရဲ ပြိုကွဲခြင်း 'ပရိဘေဒ'၊ မမြဲခြင်း 'အနိစ္စတာ'၊ ပျောက်ကွယ်ခြင်း 'အန္တရဓာန' သည် ရှိ၏။ ဤသဘောကို သေခြင်း 'မရဏ' ဟု ဆိုအပ်၏။ ဤဆိုအပ်ခဲ့ပြီးသော အိုခြင်း 'ဇရာ', သေခြင်း 'မရဏ' ကို ဇာတိကြောင့် ဖြစ်သောအိုခြင်း, သေခြင်း 'ဇရာမရဏ' ဟု ဆိုအပ်၏။

ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှား ဖြစ်ပေါ်မှုသည် ဖြစ်၏ဟု ဆိုရာ၌။ပ။ ပေါင်းဆုံခြင်းသည် ဖြစ်၏။ အညီအညွတ်ရောက်ခြင်းသည် ဖြစ်၏။ ပေါင်းရုံးခြင်းသည် ဖြစ်၏။ ထင်ရှားဖြစ်ခြင်းသည် ဖြစ်၏။ ထို့ကြောင့် ဤဆိုခဲ့ပြီးသော နည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏ ဟု ဆိုအပ်၏။

------

# ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ

## (၂) မပြည့်မစုံ အင်္ဂါ ၁၁-ပါးရှိသောဝါရ

၂၇၄။ (၁) ထိုအခါ၌ မသိမှု 'အဝိဇ္ဇာ'ကြောင့် ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။ ပြုစီရင်မှု 'သင်္ခါရ' ကြောင့်လည်း မသိမှု 'အဝိဇ္ဇာ'သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။ သိမှု 'ဝိညာဏ်' ကြောင့်လည်း ပြုစီရင်မှု 'သင်္ခါရ'သည် ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်'ကြောင့် နာမ်သည်ဖြစ်၏။ နာမ်ကြောင့်လည်း သိမှု 'ဝိညာဏ်'သည် ဖြစ်၏။

(၄) နာမ်ကြောင့် တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏၊ တွေ့ထိမှု 'ဖဿ'ကြောင့်လည်း နာမ်သည်ဖြစ်၏။

(၅) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏၊ ခံစားမှု 'ဝေဒနာ' ကြောင့်လည်း တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။

(၆) ခံစားမှု 'ဝေဒနာ' ကြောင့် တပ်မက်မှု 'တဏှာ' သည် ဖြစ်၏။ တပ်မက်မှု 'တဏှာ' ကြောင့်လည်း ခံစားမှု 'ဝေဒနာ'သည် ဖြစ်၏။

(၇) တပ်မက်မှု 'တဏှာ' ကြောင့် စွဲလမ်းမှု 'ဥပါဒါန်' သည် ဖြစ်၏။ စွဲလမ်းမှု 'ဥပါဒါန်' ကြောင့်လည်း တပ်မက်မှု 'တဏှာ' သည် ဖြစ်၏။

(၈) စွဲလမ်းမှု 'ဥပါဒါန်' ကြောင့် ဘဝသည် ဖြစ်၏။

(၉) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၁၀) ဇာတိကြောင့်-

(၁၁) အိုခြင်း သေခြင်း 'ဇရာမရဏ'သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

------

# ပဋိစ္စသမုပ္ပါဒ်ဝိဘင်္ဂ

## (၂) မပြည့်မစုံ အင်္ဂါ ၁၁-ပါးရှိသောဝါရ အကျယ်

၂၇၅။ **(၁) အဝိဇ္ဇာ**

ထိုအင်္ဂါ ၁၁-ပါးတို့တွင် အဘယ်သည် မသိမှု 'အဝိဇ္ဇာ' မည်သနည်း။

အကြင် မသိခြင်းသဘော 'အညာဏ'၊ မမြင်ခြင်းသဘော 'အဒဿန'။ပ။ တံခါးကျင် (မင်းတုပ်နှင့်) တူသော မသိမှု သဘော 'အဝိဇ္ဇာလင်္ဂီ'၊ အကုသိုလ်မူလဟုဆိုအပ်သော တွေဝေမှု 'မောဟ' သည် ရှိ၏၊ ဤသဘောကို မသိမှု 'အဝိဇ္ဇာ' ဟု ဆိုအပ်၏။

**(၂) သင်္ခါရ**

ထိုအင်္ဂါ ၁၁-ပါးတို့တွင် အဘယ်သည် မသိမှု 'အဝိဇ္ဇာ' ကြောင့်ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ' မည်သနည်း။

အကြင် စေ့ဆော်ခြင်း 'စေတနာ'၊ ကောင်းစွာ စေ့ဆော်ခြင်း 'သဉ္စေတနာ'၊ ကောင်းစွာ စေ့ဆော်တတ်သည်၏ အဖြစ် 'သဉ္စေတယိတတ္တ' သည် ရှိ၏။ ဤသဘောကို မသိမှု 'အဝိဇ္ဇာ' ကြောင့် ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ'ဟု ဆိုအပ်၏။

ထိုအင်္ဂါ ၁၁-ပါးတို့တွင် အဘယ်သည် ပြုစီရင်မှု 'သင်္ခါရ' ကြောင့်လည်း ဖြစ်သော မသိမှု 'အဝိဇ္ဇာ' မည်သနည်း။

အကြင် မသိခြင်းသဘော 'အညာဏ'၊ မမြင်ခြင်းသဘော 'အဒဿန'။ပ။ တံခါးကျင် (မင်းတုပ်) နှင့်တူသော မသိမှု သဘော 'အဝိဇ္ဇာလင်္ဂီ'၊ အကုသိုလ်မူလဟုဆိုအပ်သော တွေဝေမှု 'မောဟ'သည် ရှိ၏၊ ဤသဘောကို ပြုစီရင်မှု 'သင်္ခါရ'ကြောင့်လည်းဖြစ်သော မသိမှု 'အဝိဇ္ဇာ' ဟု ဆိုအပ်၏။

**(၃) ဝိညာဏ်**

ထိုအင်္ဂါ ၁၁-ပါးတို့တွင် အဘယ်သည် ပြုစီရင်မှု 'သင်္ခါရ'ကြောင့် ဖြစ်သော

သိမှု 'ဝိညာဏ်' မည်သနည်း။

အကြင်ဆန်းကြယ်သောသဘော 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ်အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကို ပြုစီရင်မှု 'သင်္ခါရ' ကြောင့် ဖြစ်သော သိမှု 'ဝိညာဏ်' ဟု ဆိုအပ်၏။

ထိုအင်္ဂါ ၁၁-ပါးတို့တွင် အဘယ်သည် သိမှု 'ဝိညာဏ်'ကြောင့်လည်း ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ' မည် သနည်း။

အကြင် စေ့ဆော်ခြင်း သဘော 'စေတနာ'၊ ကောင်းစွာ စေ့ဆော်ခြင်း သဘော 'သဉ္စေတနာ'၊ ကောင်းစွာ စေ့ဆော်တတ်သည်၏ အဖြစ် 'သဉ္စေတယိတတ္တ' သည် ရှိ၏။ ဤသဘောကို သိမှု 'ဝိညာဏ်' ကြောင့် ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ' ဟု ဆိုအပ်၏။

## (၄) နာမ်

ထိုအင်္ဂါ ၁၁-ပါးတို့တွင် အဘယ်သည် သိမှု 'ဝိညာဏ်' ကြောင့်ဖြစ်သော နာမ် မည်သနည်း။

ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရက္ခန္ဓာ' သည် ရှိ၏။ ဤသဘောကို သိမှု 'ဝိညာဏ်'ကြောင့်ဖြစ်သော နာမ်ဟု ဆိုအပ်၏။

ထိုအင်္ဂါ ၁၁-ပါးတို့တွင် အဘယ်သည် နာမ်ကြောင့်ဖြစ်သော သိမှု 'ဝိညာဏ်' မည်သနည်း။

အကြင် ဆန်းကြယ်သော သဘော 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ်အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကို နာမ်ကြောင့် ဖြစ်သော သိမှု 'ဝိညာဏ်'ဟု ဆိုအပ်၏။

နာမ်ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏ဟု ဆိုရာ၌ အဘယ်သည် နာမ် မည်သနည်း။

တွေ့ထိမှု 'ဖဿ'ကို ထား၍ ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရက္ခန္ဓာ'၊ သိမှု အစု 'ဝိညာဏက္ခန္ဓာ' သည် ရှိ၏။ ဤသဘောကို နာမ်ဟု ဆိုအပ်၏။

## (၅) ဖဿ

ထိုအင်္ဂါ ၁၁-ပါးတို့တွင် အဘယ်သည် နာမ်ကြောင့်ဖြစ်သော တွေ့ထိမှု 'ဖဿ' မည်သနည်း။

အကြင်တွေ့ထိမှု သဘော 'ဖဿ'၊ တွေ့ထိသောအခြင်းအရာ 'ဖုသနာ'၊ ကောင်းစွာ တွေ့ထိသော အခြင်း အရာ 'သမ္ဖုသနာ'၊ ကောင်းစွာ တွေ့ထိတတ်သည်၏အဖြစ် 'သမ္ဖုသိတတ္တ' သည် ရှိ၏။ ဤသဘောကို နာမ်ကြောင့် ဖြစ်သော တွေ့ထိမှု 'ဖဿ' ဟု ဆိုအပ်၏။ ထိုအင်္ဂါ၁၁-ပါးတို့တွင် အဘယ်သည် တွေ့ထိမှု 'ဖဿ'ကြောင့်ဖြစ်သော နာမ် မည်သနည်း။

ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရက္ခန္ဓာ'၊ သိမှု အစု 'ဝိညာဏက္ခန္ဓာ' သည် ရှိ၏။ ဤသဘောကို တွေ့ထိမှု 'ဖဿ'ကြောင့်ဖြစ်သော နာမ်ဟု ဆိုအပ်၏။ပ။

ထို့ကြောင့် ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏ဟု ဆိုအပ်၏။

[မှတ်ချက်- ဥဒ္ဒေသ၌ ပါခဲ့သော အင်္ဂါတို့၏ အကျယ်ကို အပြည့်အစုံမပြဘဲ ပေယျာလ၌ သွင်းလိုက်သည်။ ပါဠိတော် နှာ (၁၆၇) ကြည့်လေ]

------

# ပဋ္ဌာန်းစသမုပ္ပါဒဝိဘင်္ဂ

## (၃) အပြည့်အစုံ အင်္ဂါ ၁၂-ပါးရှိသောဝါရ

၂၇၆။ (၁) ထိုအခါ၌ မသိမှု 'အဝိဇ္ဇာ' ကြောင့် ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။ ပြုစီရင်မှု 'သင်္ခါရ' ကြောင့်လည်း မသိမှု (အဝိဇ္ဇာ) သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။ သိမှု 'ဝိညာဏ်' ကြောင့်လည်း ပြုစီရင်မှု 'သင်္ခါရ'သည် ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့် နာမ်ရုပ်သည် ဖြစ်၏။ နာမ်ရုပ်ကြောင့်လည်း သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၄) နာမ်ရုပ်ကြောင့် ခြောက်ခုမြောက် မနာယတနသည် ဖြစ်၏၊ ခြောက်ခုမြောက် မနာယတန ကြောင့်လည်း နာမ်ရုပ်သည် ဖြစ်၏။

(၅) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏၊ တွေ့ထိမှု 'ဖဿ' ကြောင့်လည်း ခြောက်ခုမြောက် 'မနာယတန'သည် ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ'ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏၊ ခံစားမှု 'ဝေဒနာ' ကြောင့်လည်း တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့် တပ်မက်မှု 'တဏှာ' သည် ဖြစ်၏။ တပ်မက်မှု 'တဏှာ' ကြောင့် လည်း ခံစားမှု (ဝေဒနာ) သည် ဖြစ်၏။

(၈) တပ်မက်မှု 'တဏှာ'ကြောင့် စွဲလမ်းမှု 'ဥပါဒါန်' သည် ဖြစ်၏။ စွဲလမ်းမှု 'ဥပါဒါန်' ကြောင့်လည်း တပ်မက်မှု 'တဏှာ' သည် ဖြစ်၏။

(၉) စွဲလမ်းမှု 'ဥပါဒါန်' ကြောင့် ဘဝသည် ဖြစ်၏။

(၁၀) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၁၁) ဇာတိကြောင့်-

(၁၂) အိုခြင်း သေခြင်း 'ဇရာမရဏ'သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

------

# ပဋ္ဌာန်းစသမုပ္ပါဒဝိဘင်္ဂ

## (၃) အပြည့်အစုံ အင်္ဂါ ၁၂-ပါးရှိသောဝါရ အကျယ်

၂၇၇။ **(၁) အဝိဇ္ဇာ**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် မသိမှု 'အဝိဇ္ဇာ' မည်သနည်း။

အကြင် မသိခြင်းသဘော 'အညာဏ'၊ မမြင်ခြင်းသဘော 'အဒဿန'။ပ။ တံခါးကျင် (မင်းတုပ်) နှင့်တူသော မသိမှု သဘော 'အဝိဇ္ဇာလင်္ဂီ'၊ အကုသိုလ်မူလဟုဆိုအပ်သော တွေဝေမှု 'မောဟ'သည် ရှိ၏။ ဤ သဘောကို မသိမှု 'အဝိဇ္ဇာ'ဟု ဆိုအပ်၏။

**(၂) သင်္ခါရ**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် မသိမှု 'အဝိဇ္ဇာ' ကြောင့်ဖြစ်သောပြုစီရင်မှု 'သင်္ခါရ' မည်သနည်း။

အကြင် စေ့ဆော်ခြင်းသဘော 'စေတနာ'၊ ကောင်းစွာ စေ့ဆော်ခြင်းသဘော 'သဉ္စေတနာ'၊ ကောင်းစွာ စေ့ဆော်တတ်သည်၏အဖြစ် 'သဉ္စေတယိတတ္တ' သည် ရှိ၏။ ဤသဘောကို မသိမှု 'အဝိဇ္ဇာ' ကြောင့်ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ' ဟု ဆိုအပ်၏။

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် ပြုစီရင်မှု 'သင်္ခါရ' ကြောင့်ဖြစ်သော မသိမှု 'အဝိဇ္ဇာ' မည်သနည်း။

အကြင် မသိခြင်းသဘော 'အညာဏ'၊ မမြင်ခြင်းသဘော 'အဒဿန'။ပ။ တံခါးကျင် (မင်းတုပ်) နှင့်တူသော မသိမှု သဘော 'အဝိဇ္ဇာလင်္ဂီ'၊ အကုသိုလ်မူလဟုဆိုအပ်သော တွေဝေမှု 'မောဟ' သည် ရှိ၏။ ဤသဘောကို ပြုစီရင်မှု 'သင်္ခါရ' ကြောင့်ဖြစ်သော မသိမှု 'အဝိဇ္ဇာ' ဟု ဆိုအပ်၏။

**(၃) ဝိညာဏ်**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် ပြုစီရင်မှု 'သင်္ခါရ' ကြောင့်ဖြစ်သောသိမှု 'ဝိညာဏ်' မည်သနည်း။

အကြင်ဆန်းကြယ်သောသဘော 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ် အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကို ပြုစီရင်မှု 'သင်္ခါရ' ကြောင့် ဖြစ်သော သိမှု 'ဝိညာဏ်' ဟု ဆိုအပ်၏။

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် သိမှု 'ဝိညာဏ်'ကြောင့်ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ' မည်သနည်း။

အကြင် စေ့ဆော်ခြင်းသဘော 'စေတနာ'၊ ကောင်းစွာ စေ့ဆော်ခြင်းသဘော 'သဉ္စေတနာ'၊ ကောင်းစွာ စေ့ဆော်တတ်သည်၏ အဖြစ် 'သဉ္စေတယိတတ္တ' သည် ရှိ၏။ ဤသဘောကို သိမှု 'ဝိညာဏ်' ကြောင့်လည်း ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ' ဟု ဆိုအပ်၏။

# ပဋ္ဌိစ္စသမုပ္ပါဒဝိဘင်္ဂ

## (၄) နာမ်ရုပ်

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် သိမှု 'ဝိညာဏ်'ကြောင့်ဖြစ်သော နာမ်ရုပ် မည်သနည်း။

နာမ်သည် ရှိ၏။ ရုပ်သည် ရှိ၏။ ထို ၂-ပါးတို့တွင် အဘယ်သည် နာမ် မည်သနည်း။

ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရက္ခန္ဓာ' သည် ရှိ၏။ ဤသဘောကို နာမ်ဟု ဆိုအပ်၏။

ထို ၂-ပါးတို့တွင် အဘယ်သည် ရုပ် မည်သနည်း။

စက္ခာယတန၏ကြီးပွါးမှု ၊ သောတာယတန၏ကြီးပွါးမှု ၊ ဃာနာယတန၏ကြီးပွါးမှု ၊ ဇိဝှာယတန၏ ကြီးပွါးမှု ၊ ကာယာယတန၏ကြီးပွါးမှုသည် ရှိ၏။ ဤကမ္မဇရုပ်မှ တစ်ပါးသော စိတ်ဟူသော ဟိတ်ရှိသော စိတ်ကြောင့် ဖြစ်သော အကြင်စိတ္တဇရုပ်သည်လည်း ရှိ၏။ ဤဆိုခဲ့ပြီးသော နာမ်နှင့် ကမ္မဇရုပ်စိတ္တဇရုပ် ကို သိမှု 'ဝိညာဏ်' ကြောင့်ဖြစ်သော နာမ်ရုပ်ဟု ဆိုအပ်၏။

နာမ် ရုပ်ကြောင့်လည်း သိမှု 'ဝိညာဏ်' ဖြစ်၏ဟု ဆိုရာ၌-

နာမ်သည် ရှိ၏၊ ရုပ်သည် ရှိ၏၊ ထို ၂-ပါးတို့တွင် အဘယ်သည် နာမ် မည်သနည်း။

ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရက္ခန္ဓာ'သည် ရှိ၏။ ဤသဘောကို နာမ်ဟု ဆိုအပ်၏။

ထို ၂-ပါးတို့တွင် အဘယ်သည် ရုပ် မည်သနည်း။

မနောဝိညာဏဓာတ်၏ မှီရာဖြစ်သော အကြင်ဟဒယဝတ္ထုရုပ်သည် ရှိ၏။ ဤသဘောကို ရုပ်ဟု ဆိုအပ်၏။

ဤဆိုခဲ့ပြီးသော နာမ်နှင့်ရုပ်တို့ကို နာမ်ရုပ်ဟု ဆိုအပ်၏။

ထိုအင်္ဂါ၁၂-ပါးတို့တွင် အဘယ်သည် နာမ်ရုပ်ကြောင့်လည်းဖြစ်သော သိမှု (ဝိညာဏ်) မည်သနည်း။

အကြင်ဆန်းကြယ်သောသဘော 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ် အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကို ရုပ်နာမ် ကြောင့်လည်း ဖြစ်သော သိမှု 'ဝိညာဏ်' ဟု ဆိုအပ်၏။

နာမ်ရုပ်ကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏ဟု ဆိုရာ၌-

နာမ်သည် ရှိ၏၊ ရုပ်သည် ရှိ၏။ ထို ၂-ပါးတို့တွင် အဘယ်သည် နာမ် မည်သနည်း။

ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရက္ခန္ဓာ' သည် ရှိ၏။ ဤသဘောကို နာမ်ဟု ဆိုအပ်၏။

ထို ၂-ပါးတို့တွင် အဘယ်သည် ရုပ် မည်သနည်း။

မနောဝိညာဏဓာတ်၏ မှီရာဖြစ်သော အကြင်ဟဒယဝတ္ထုရုပ်သည် ရှိ၏။ ဤသဘောကို ရုပ်ဟု ဆိုအပ်၏။

ဤဆိုခဲ့ပြီးသော နာမ်နှင့်ရုပ်ကို နာမ်ရုပ်ဟု ဆိုအပ်၏။

# ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ

**(၅) ဆဠာယတန**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် နာမ်ရုပ်ကြောင့်ဖြစ်သော ခြောက်ခုမြောက် မနာယတန မည်သနည်း။

အကြင် ဆန်းကြယ်သောသဘော 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ်အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကို နာမ်ရုပ်ကြောင့် ဖြစ်သော ခြောက်ခုမြောက် 'မနာယတန'ဟု ဆိုအပ်၏။

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် ခြောက်ခုမြောက် မနာယတန ကြောင့်လည်း ဖြစ်သော နာမ်ရုပ် မည်သနည်း။

နာမ်သည် ရှိ၏။ ရုပ်သည် ရှိ၏။ ထို ၂-ပါးတို့တွင် အဘယ်သည် နာမ် မည်သနည်း။

ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရက္ခန္ဓာ' သည် ရှိ၏။ ဤသဘောကို နာမ်ဟု ဆိုအပ်၏။

ထို ၂-ပါးတို့တွင် အဘယ်သည် ရုပ် မည်သနည်း။

စက္ခာယတန၏ကြီးပွါးမှု ၊ သောတာယတန၏ကြီးပွါးမှု ၊ ဃာနာယတန၏ကြီးပွါးမှု ၊ ဇိဝှါယတန၏ကြီးပွါးမှု ၊ ကာယာယတန၏ကြီးပွါးမှုသည် ရှိ၏။ ဤကမ္မဇရုပ်မှ တစ်ပါးသော စိတ်ဟူသော ဟိတ်ရှိသော စိတ်ကြောင့် ဖြစ်သော အကြင်စိတ္တဇရုပ်သည်လည်း ရှိ၏။ ဤကမ္မဇရုပ်နှင့်စိတ္တဇရုပ်ကို ရုပ်ဟု ဆိုအပ်၏။ ဤဆိုခဲ့ပြီးသော နာမ်နှင့်ရုပ်ကို ခြောက်ခုမြောက် (မနာယတန) ကြောင့်လည်းဖြစ်သော နာမ်ရုပ်ဟု ဆိုအပ်၏။

**(၆) ဖဿ**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် ခြောက်ခုမြောက် 'မနာယတန'ကြောင့် ဖြစ်သော တွေ့ထိမှု 'ဖဿ' မည်သနည်း။

အကြင်တွေ့ထိမှု သဘော 'ဖဿ'၊ တွေ့ထိသောအခြင်းအရာ 'ဖုသနာ'၊ ကောင်းစွာ တွေ့ထိသော အခြင်းအရာ 'သမ္ဖုသနာ'၊ ကောင်းစွာ တွေ့ထိတတ်သည်၏အဖြစ် 'သမ္ဖုသိတတ္တ' သည် ရှိ၏။ ဤသဘောကို ခြောက်ခုမြောက် မနာယတန ကြောင့်ဖြစ်သော တွေ့ထိမှု ဖဿဟု ဆိုအပ်၏။ ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် တွေ့ထိမှု 'ဖဿ' ကြောင့်လည်း ဖြစ်သော ခြောက်ခုမြောက်မနာယတန မည်သနည်း။

အကြင် ဆန်းကြယ်သောသဘော 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ်အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကို တွေ့ထိမှု 'ဖဿ' ကြောင့်လည်းဖြစ်သော ခြောက်ခုမြောက် မနာယတနဟု ဆိုအပ်၏။ပ။

ထို့ကြောင့် "ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှား ဖြစ်ပေါ်မှုသည် ဖြစ်၏"ဟု ဆိုအပ်၏။

------

# ပဋ္ဌာနစသမုပ္ပါဒဝိဘင်္ဂ

## (၄) လုံး၀ အပြည့်အစုံ အင်္ဂါ ၁၂-ပါးရှိသောဝါရ

၂၇၈။ (၁) ထိုအခါ၌ မသိမှု 'အဝိဇ္ဇာ' ကြောင့် ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။ ပြုစီရင်မှု 'သင်္ခါရ' ကြောင့်လည်း မသိမှု 'အဝိဇ္ဇာ' နှင့် ဖြစ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။ သိမှု 'ဝိညာဏ်' ကြောင့်လည်း ပြုစီရင်မှု (သင်္ခါရ) သည် ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့် နာမ်ရုပ်သည် ဖြစ်၏။ နာမ်ရုပ်ကြောင့်လည်း သိမှု 'ဝိညာဏ်' သည်ဖြစ်၏။

(၄) နာမ်ရုပ်ကြောင့် 'အာယတန' ခြောက်ပါးသည် ဖြစ်၏၊ ခြောက်ခုမြောက် 'မနာယတန' ကြောင့်လည်း နာမ်ရုပ်သည် ဖြစ်၏။

(၅) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏၊ တွေ့ထိမှု 'ဖဿ' ကြောင့်လည်း ခြောက်ခုမြောက် (မနာယတန) သည် ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ'ကြောင့် ခံစားမှု 'ဝေဒနာ'သည် ဖြစ်၏၊ ခံစားမှု 'ဝေဒနာ' ကြောင့်လည်း တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့် တပ်မက်မှု 'တဏှာ'သည် ဖြစ်၏။ တပ်မက်မှု 'တဏှာ' ကြောင့်လည်း ခံစားမှု (ဝေဒနာ) သည် ဖြစ်၏။

(၈) တပ်မက်မှု 'တဏှာ' ကြောင့် စွဲလမ်းမှု 'ဥပါဒါန်' သည် ဖြစ်၏။ စွဲလမ်းမှု 'ဥပါဒါန်' ကြောင့်လည်း တပ်မက်မှု 'တဏှာ' သည် ဖြစ်၏။

(၉) စွဲလမ်းမှု 'ဥပါဒါန်'ကြောင့် ဘဝသည် ဖြစ်၏။

(၁၀) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၁၁) ဇာတိကြောင့်-

(၁၂) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

------

# ပဋ္ဌာနသမုစ္စယဒီပနီ

## (၄) လုံး၀ အပြည့်အစုံ အင်္ဂါ ၁၂-ပါးရှိသောဝါရ အကျယ်

၂၇၉။ **(၁) အဝိဇ္ဇာ**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် မသိမှု 'အဝိဇ္ဇာ' မည်သနည်း။

အကြင် မသိခြင်းသဘော 'အညာဏ'၊ မမြင်ခြင်းသဘော 'အဒဿန'။ပ။ တံခါးကျင် (မင်းတုပ်နှင့်) တူသော မသိမှု သဘော 'အဝိဇ္ဇာလင်္ဂီ'၊ အကုသိုလ်မူလဟုဆိုအပ်သော တွေဝေမှု 'မောဟ' သည် ရှိ၏။ ဤသဘောကို မသိမှု 'အဝိဇ္ဇာ' ဟု ဆိုအပ်၏။

**(၂) သင်္ခါရ**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် မသိမှု 'အဝိဇ္ဇာ'ကြောင့်ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ' မည်သနည်း။

အကြင် စေ့ဆော်ခြင်းသဘော 'စေတနာ'၊ ကောင်းစွာ စေ့ဆော်ခြင်းသဘော 'သဉ္စေတနာ'၊ ကောင်းစွာ စေ့ဆော်တတ်သည်၏ အဖြစ် 'သဉ္စေတယိတတ္တ' သည် ရှိ၏။ ဤသဘောကို မသိမှု 'အဝိဇ္ဇာ' ကြောင့်ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ' ဟု ဆိုအပ်၏။

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် ပြုစီရင်မှု 'သင်္ခါရ' ကြောင့်လည်းဖြစ်သော မသိမှု 'အဝိဇ္ဇာ' မည်သနည်း။

အကြင် မသိခြင်းသဘော 'အညာဏ'၊ မမြင်ခြင်းသဘော 'အဒဿန'။ပ။ တံခါးကျင် (မင်းတုပ်) နှင့်တူသော မသိမှု သဘော 'အဝိဇ္ဇာလင်္ဂီ'၊ အကုသိုလ်မူလဟု ဆိုအပ်သော တွေဝေမှု 'မောဟ'သည် ရှိ၏။ ဤသဘောကို ပြုစီရင်မှု 'သင်္ခါရ'ကြောင့်လည်းဖြစ်သော မသိမှု 'အဝိဇ္ဇာ' ဟု ဆိုအပ်၏။

**(၃) ဝိညာဏ်**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် ပြုစီရင်မှု 'သင်္ခါရ'ကြောင့် ဖြစ်သောသိမှု 'ဝိညာဏ်' မည်သနည်း။

အကြင် ဆန်းကြယ်သောသဘော 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ်အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကို ပြုစီရင်မှု 'သင်္ခါရ' ကြောင့် ဖြစ်သော သိမှု 'ဝိညာဏ်'ဟု ဆိုအပ်၏။

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် သိမှု 'ဝိညာဏ်' ကြောင့်လည်းဖြစ်သော ပြုစီရင်မှု 'သင်္ခါရ' မည်သနည်း။

အကြင် စေ့ဆော်ခြင်း သဘော 'စေတနာ'၊ ကောင်းစွာ စေ့ဆော်ခြင်း သဘော 'သဉ္စေတနာ'၊ ကောင်းစွာ စေ့ဆော်တတ်သည်၏အဖြစ် 'သဉ္စေတယိတတ္တ' သည် ရှိ၏။ ဤသဘောကို သိမှု 'ဝိညာဏ်' ကြောင့်လည်းဖြစ်သော ပြုစီရင်မှု 'သင်္ခါရ' ဟု ဆိုအပ်၏။

## (၄) နာမ်ရုပ်

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် သိမှု 'ဝိညာဏ်'ကြောင့်ဖြစ်သော နာမ်ရုပ် မည်သနည်း။

နာမ်သည် ရှိ၏။ ရုပ်သည် ရှိ၏။ ထို ၂-ပါးတို့တွင် အဘယ်သည် နာမ် မည်သနည်း။

ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရက္ခန္ဓာ' သည် ရှိ၏။ ဤသဘောကို နာမ်ဟု ဆိုအပ်၏။

ထို ၂-ပါးတို့တွင် အဘယ်သည် ရုပ် မည်သနည်း။

စက္ခာယတန၏ကြီးပွါးမှု ၊ သောတာယတန၏ကြီးပွါးမှု ၊ ဃာနာယတန၏ကြီးပွါးမှု ၊ ဇိဝှာယတန၏ ကြီးပွါးမှု ၊ ကာယာယတန၏ ကြီးပွါးမှုသည် ရှိ၏။ ဤကမ္မဇရုပ်မှ တစ်ပါးသော စိတ်ဟူသော ဟိတ် ရှိသော စိတ်ကြောင့် ဖြစ်သော အကြင်စိတ္တဇရုပ်သည်လည်း ရှိ၏။ ဤကမ္မဇရုပ်နှင့်စိတ္တဇရုပ်ကို ရုပ်ဟု ဆိုအပ်၏။ ဤဆိုခဲ့ပြီးသော နာမ်နှင့်ရုပ်ကို သိမှု 'ဝိညာဏ်' ကြောင့်ဖြစ်သော နာမ်ရုပ်ဟု ဆိုအပ်၏။

နာမ်ရုပ်ကြောင့်လည်း သိမှု 'ဝိညာဏ်'သည် ဖြစ်၏ဟု ဆိုရာ၌-

နာမ်သည် ရှိ၏။ ရုပ်သည် ရှိ၏။ ထို၂-ပါးတို့တွင် အဘယ်သည် နာမ် မည်သနည်း။

ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရက္ခန္ဓာ' သည် ရှိ၏။ ဤသဘောကို နာမ်ဟု ဆိုအပ်၏။

ထို ၂-ပါးတို့တွင် အဘယ်သည် ရုပ် မည်သနည်း။

မနောဝိညာဏဓာတ်၏ မှီရာဖြစ်သော အကြင်ဟဒယဝတ္ထုရုပ်သည် ရှိ၏။ ဤသဘောကို ရုပ်ဟု ဆိုအပ်၏။ ဤဆိုခဲ့ပြီးသော နာမ်နှင့် ရုပ်ကို နာမ်ရုပ်ဟု ဆိုအပ်၏။

ထိုအင်္ဂါ၁၂-ပါးတို့တွင် အဘယ်သည် နာမ်ရုပ်ကြောင့်လည်းဖြစ်သော သိမှု 'ဝိညာဏ်' မည်သနည်း။

အကြင် ဆန်းကြယ်သောသဘော 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ်အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကို နာမ်ရုပ်ကြောင့်ဖြစ်သော သိမှု 'ဝိညာဏ်' ဟု ဆိုအပ်၏။

နာမ်ရုပ်ကြောင့် အာယတနခြောက်ပါးသည် ဖြစ်၏ဟု ဆိုရာ၌-

နာမ်သည် ရှိ၏။ ရုပ်သည် ရှိ၏။ ထို ၂-ပါးတို့တွင် အဘယ်သည် နာမ် မည်သနည်း။

ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရက္ခန္ဓာ' သည် ရှိ၏။ ဤသဘောကို နာမ်ဟု ဆိုအပ်၏။

ထို ၂-ပါးတို့တွင် အဘယ်သည် ရုပ် မည်သနည်း။

မဟာဘုတ် လေးပါးတို့သည် လည်းကောင်း၊ အကြင် မနောဝိညာဏဓာတ်၏ မှီရာဖြစ်သော ဟဒယဝတ္ထုရုပ်သည် လည်းကောင်း ရှိ၏။ ဤသဘောကို ရုပ်ဟု ဆိုအပ်၏။ ဤဆိုခဲ့ပြီးသော နာမ်နှင့်ရုပ်ကို နာမ်ရုပ်ဟု ဆိုအပ်၏။

(၅) သဠာယတန

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် နာမ် ရုပ်ကြောင့်ဖြစ်သော အာယတနခြောက်ပါး မည်သနည်း။

မျက်စိအကြည် 'စက္ခာယတန'၊ နားအကြည် 'သောတာယတန'၊ နှာခေါင်းအကြည် 'ဃာနာယတန'၊ လျှာအကြည် 'ဇိဝှါယတန'၊ ကိုယ်အကြည် 'ကာယာယတန'၊ မနောအကြည် 'မနာယတန' သည် ရှိ၏။ ဤသဘောကို နာမ်ရုပ်ကြောင့်ဖြစ်သော အာယတန ခြောက်ပါးဟု ဆိုအပ်၏။

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် ခြောက်ခုမြောက် မနာယတနကြောင့်လည်းဖြစ်သော နာမ်ရုပ် မည်သနည်း။

နာမ်သည် ရှိ၏။ ရုပ်သည် ရှိ၏။ ထို ၂-ပါးတို့တွင် အဘယ်သည် နာမ် မည်သနည်း။

ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရက္ခန္ဓာ' သည် ရှိ၏။ ဤသဘောကို နာမ်ဟု ဆိုအပ်၏။

ထို ၂-ပါးတို့တွင် အဘယ်သည် ရုပ် မည်သနည်း။

စက္ခာယတန၏ကြီးပွါးမှု ၊ သောတာယတန၏ကြီးပွါးမှု ၊ ဃာနာယတန၏ကြီးပွါးမှု ၊ ဇိဝှါယတန၏ ကြီးပွါးမှု ၊ ကာယာယတန၏ ကြီးပွါးမှုသည် ရှိ၏။ ဤကမ္မဇရုပ်မှ တစ်ပါးသော စိတ်ဟူသော ဟိတ် ရှိသော စိတ်ကြောင့် ဖြစ်သော အကြင် စိတ္တဇရုပ်သည်လည်း ရှိ၏။ ဤကမ္မဇရုပ်နှင့် စိတ္တဇရုပ်ကို ရုပ်ဟု ဆိုအပ်၏။ ဤဆိုခဲ့ပြီးသော နာမ်နှင့်ရုပ်ကို ခြောက်ခုမြောက်မနာယတနကြောင့်လည်းဖြစ်သော နာမ်ရုပ် ဟု ဆိုအပ်၏။

(၆) ဖဿ

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် ခြောက်ခုမြောက် မနာယတနကြောင့်ဖြစ်သော တွေ့ထိမှု 'ဖဿ' မည်သနည်း။

အကြင်တွေ့ထိခြင်းသဘော 'ဖဿ'၊ တွေ့ထိသောအခြင်းအရာ 'ဖုသနာ'၊ ကောင်းစွာ တွေ့ထိသော အခြင်းအရာ 'သံဖုသနာ'၊ ကောင်းစွာတွေ့ထိတတ်သည်၏အဖြစ် 'သံဖုသိတတ္တ' သည် ရှိ၏။ ဤသဘောကို ခြောက်ခုမြောက် မနာယတနကြောင့်ဖြစ်သော တွေ့ထိမှု 'ဖဿ'ဟု ဆိုအပ်၏။ ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် တွေ့ထိမှု ဖဿ ကြောင့်လည်းဖြစ်သော ခြောက်ခုမြောက်မနာယတန မည်သနည်း။

အကြင် ဆန်းကြယ်ခြင်းသဘော 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ် အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကို တွေ့ထိမှု 'ဖဿ' ကြောင့်လည်းဖြစ်သော ခြောက်ခုမြောက် မနာယတနဟု ဆိုအပ်၏။

(၇) ဝေဒနာ

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် တွေ့ထိမှု 'ဖဿ'ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' မည်သနည်း။

အကြင် စိတ်၌ ဖြစ်သော သာယာမှု ၊ စိတ်၌ ဖြစ်သော ချမ်းသာမှု ၊ စိတ်အတွေ့ကြောင့်ဖြစ်သော သာယာချမ်းသာကို ခံစားမှု ၊ စိတ်အတွေ့ကြောင့်ဖြစ်သော သာယာချမ်းသာကို ခံစားသော အခြင်းအရာ သည် ရှိ၏။ ဤသဘောကို တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' ဟု ဆိုအပ်၏။ပ။

ထို့ကြောင့် ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှား ဖြစ်ပေါ်မှုသည် ဖြစ်၏ဟု ဆိုအပ်၏။

**အညမညစတုက္ကနည်း အညမည (အချင်းချင်းကြောင်း, ကျိုးဖြစ်ပုံ) ဟောသော ဝါရလေးပါး အကျယ် ပြီး၏။**

------

# ပဋ္ဌာနပါဠိတော်

## ၉ - အကုသိုလ်စိတ် ပဋိစ္စသမုပ္ပါဒ် လှည့်နည်း အကျယ်

## လောဘမူ သောမနဿ ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိကစိတ်၌

## ပဋိစ္စသမုပ္ပါဒ် လှည့်နည်း အကျယ်

၂၈၀။ အဘယ်တရားတို့သည် အကုသိုလ် မည်ကုန်သနည်း။

အကြင်အခါ၌ သောမနဿဝေဒနာနှင့် တကွဖြစ်သော အကုသိုလ်စိတ်သည် ဖြစ်ဆဲဖြစ်၏။ မိစ္ဆာအယူနှင့် ယှဉ်သော တိုက်တွန်းခြင်းနှင့် တကွဖြစ်သော။ပ။

------

## သောမနဿ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၂-ခု၌ ပဋိစ္စသမုပ္ပါဒ် လှည့်နည်း အကျဉ်း

သောမနဿဝေဒနာနှင့် တကွဖြစ်သော မိစ္ဆာအယူနှင့်မယှဉ်သော ရူပါရုံကိုလည်း အာရုံပြုသော အကုသိုလ်စိတ်သည် ဖြစ်ဆဲဖြစ်၏။ပ။

သောမနဿဝေဒနာနှင့် တကွဖြစ်သော မိစ္ဆာအယူနှင့် မယှဉ်သော တိုက်တွန်းခြင်းနှင့် တကွဖြစ်သော ရူပါရုံကိုလည်း အာရုံပြုသော၊ သဒ္ဒါရုံကိုလည်း အာရုံပြုသော၊ ဂန္ဓာရုံကိုလည်း အာရုံပြုသော၊ ရသာရုံကိုလည်း အာရုံပြုသော၊ ဖောဋ္ဌဗ္ဗာရုံကိုလည်း အာရုံပြုသော၊ ဓမ္မာရုံကိုလည်း အာရုံပြုသော၊ အမှတ် မရှိသော အာရုံကိုလည်း အာရုံပြုသော အကုသိုလ်စိတ်သည် ဖြစ်ဆဲဖြစ်၏။

(၁) ထိုအခါ၌ မသိမှု 'အဝိဇ္ဇာ' ကြောင့် ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏။

(၄) နာမ်ကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၅) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့် တပ်မက်မှု 'တဏှာ' သည် ဖြစ်၏။

(၈) တပ်မက်မှု 'တဏှာ' ကြောင့် ဆုံးဖြတ်မှု 'အဓိမောက္ခ' သည် ဖြစ်၏။

(၉) ဆုံးဖြတ်မှု 'အဓိမောက္ခ' ကြောင့် ဘဝသည် ဖြစ်၏။

(၁၀) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၁၁) ဇာတိကြောင့်

(၁၂) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

------

# ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ

## အင်္ဂါ ၁၂-ပါး အကျယ်

၂၈၁။ **(၁) အဝိဇ္ဇာ**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် မသိမှု (အဝိဇ္ဇာ) မည်သနည်း။

အကြင် မသိခြင်းသဘော 'အညာဏ'၊ မမြင်ခြင်းသဘော 'အဒဿန'။ပ။ တံခါးကျင် (မင်းတုပ်) နှင့်တူသော မသိမှု သဘော 'အဝိဇ္ဇာလင်္ဂီ'၊ အကုသိုလ်မူလဟုဆိုအပ်သော တွေဝေမှု 'မောဟ' သည် ရှိ၏။ ဤသဘောကို မသိမှု 'အဝိဇ္ဇာ'ဟု ဆိုအပ်၏။

**(၂) သင်္ခါရ**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် မသိမှု 'အဝိဇ္ဇာ'ကြောင့်ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ' မည်သနည်း။

အကြင် စေ့ဆော်ခြင်း သဘော 'စေတနာ'၊ ကောင်းစွာ စေ့ဆော်ခြင်း သဘော 'သဉ္စေတနာ'၊ ကောင်းစွာ စေ့ဆော်တတ်သည်၏အဖြစ် 'သဉ္စေတယိတတ္တ' သည် ရှိ၏။ ဤသဘောကို မသိမှု 'အဝိဇ္ဇာ' ကြောင့် ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ' ဟု ဆိုအပ်၏။ပ။

**(၉) အဓိမောက္ခ**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် တပ်မက်မှု 'တဏှာ' ကြောင့် ဖြစ်သောဆုံးဖြတ်မှု 'အဓိမောက္ခ' မည်သနည်း။

အကြင်စိတ်၏ (အာရုံကို) ဆုံးဖြတ်ခြင်းသည်၊ ဆုံးဖြတ်သောအခြင်းအရာသည်၊ ထိုအာရုံကို ဆုံးဖြတ်သော အဖြစ်သည် ရှိ၏၊ ဤသဘောကို တပ်မက်မှု 'တဏှာ' ကြောင့်ဖြစ်သော ဆုံးဖြတ်မှု 'အဓိမောက္ခ' ဟု ဆိုအပ်၏။

**(၁၀) ဘဝ**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် ဆုံးဖြတ်မှု 'အဓိမောက္ခ' ကြောင့် ဖြစ်သော 'ဘဝ' မည်သနည်း။

ဆုံးဖြတ်မှု 'အဓိမောက္ခ'ကို ထား၍ ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရက္ခန္ဓာ'၊ သိမှု အစု 'ဝိညာဏက္ခန္ဓာ' သည် ရှိ၏။ ဤသဘောကို ဆုံးဖြတ်မှု 'အဓိမောက္ခ' ကြောင့်ဖြစ်သော ဘဝဟု ဆိုအပ်၏။ပ။

ထို့ကြောင့် "ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှား ဖြစ်ပေါ်မှုသည် ဖြစ်၏"ဟု ဆိုအပ်၏။

------

# ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ

## လောဘမူ ဥပေက္ခာ ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ်၌ ပဋိစ္စသမုပ္ပါဒ် လှည့်နည်း

၂၈၂။ အဘယ် တရားတို့သည် အကုသိုလ် မည်သနည်း။

အကြင်အခါ၌ ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော မိစ္ဆာအယူနှင့်ယှဉ်သော ရူပါရုံကိုလည်း အာရုံပြုသော၊ သဒ္ဒါရုံကိုလည်း အာရုံပြုသော၊ ဂန္ဓာရုံကိုလည်း အာရုံပြုသော၊ ရသာရုံကိုလည်း အာရုံပြုသော၊ ဖောဋ္ဌဗ္ဗာရုံကိုလည်း အာရုံပြုသော၊ ဓမ္မာရုံကိုလည်း အာရုံပြုသော၊ အမှတ်မရှိသော အာရုံကိုလည်း အာရုံပြုသော အကုသိုလ်စိတ်သည် ဖြစ်ဆဲဖြစ်၏။

(၁) ထိုအခါ၌ မသိမှု 'အဝိဇ္ဇာ' ကြောင့် ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏။

(၄) နာမ်ကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၅) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့် တပ်မက်မှု 'တဏှာ' သည် ဖြစ်၏။

(၈) တပ်မက်မှု 'တဏှာ' ကြောင့် စွဲလမ်းမှု 'ဥပါဒါန်' သည် ဖြစ်၏။

(၉) စွဲလမ်းမှု 'ဥပါဒါန်' ကြောင့် ဘဝသည် ဖြစ်၏။

(၁၀) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၁၁) ဇာတိကြောင့်

(၁၂) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာဖြင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

------

# ပဋ္ဌာနစူသမုပ္ပါဒဝိဘင်္ဂ

## အင်္ဂါ ၁၂-ပါး အကျယ်

၂၈၃။ **(၁) အဝိဇ္ဇာ**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် မသိမှု 'အဝိဇ္ဇာ' မည်သနည်း။

အကြင် မသိခြင်းသဘော 'အညာဏ'၊ မမြင်ခြင်းသဘော 'အဒဿန'။ပ။ တံခါးကျင် (မင်းတုပ်) နှင့်တူသော မသိမှု သဘော 'အဝိဇ္ဇာလင်္ဂီ'၊ အကုသိုလ်မူလဟုဆိုအပ်သော တွေဝေမှု 'မောဟ' သည် ရှိ၏။ ဤသဘောကို မသိမှု 'အဝိဇ္ဇာ' ဟု ဆိုအပ်၏။ပ။

**(၇) ဝေဒနာ**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သောခံစားမှု 'ဝေဒနာ' မည်သနည်း။

အကြင် စိတ်၌ ဖြစ်သော သာယာမှု လည်း မဟုတ်၊ မသာယာမှု လည်း မဟုတ်ခြင်းသည်၊ စိတ်အတွေ့ကြောင့် ဖြစ်သော ဆင်းရဲချမ်းသာ မဟုတ်သော ခံစားခြင်းသည်၊ စိတ်အတွေ့ကြောင့်ဖြစ်သော ဆင်းရဲချမ်းသာ မဟုတ်သော ခံစားသော သဘောသည် ရှိ၏။ ဤသဘောကို တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' ဟု ဆိုအပ်၏။ပ။ (*)

ထို့ကြောင့် "ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏"ဟု ဆိုအပ်၏။

------

(*) [မှတ်ချက်။ ပေယျာလတွင် ပဌမအကုသိုလ်စိတ်၌ စတုက္ကလေးမျိုး, ဝါရလေးမျိုးကို အကျယ်ချဲ့၍ ဟောသကဲ့သို့ ဤ၌လည်း အကျယ်ချဲ့၍ ဟောရမည်။ နောက်၌ လည်း (*) ဤအမှတ်ပါသော ပေယျာလတိုင်း၌ စတုက္ကလေးမျိုး, ဝါရလေးမျိုး စုံအောင် ဟောရမည်။]

------

# ပဋ္ဌာနစူသမုပ္ပါဒဝိဘင်္ဂ

## လောဘမူ ဥပေက္ခာ ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိကစိတ်၌ ပဋ္ဌာနစူသမုပ္ပါဒ် လှည့်နည်း

၂၈၄။ အဘယ်တရားတို့သည် အကုသိုလ် မည်ကုန်သနည်း။

အကြင်အခါ၌ ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော မိစ္ဆာအယူနှင့်ယှဉ်သော တိုက်တွန်းခြင်းနှင့် တကွ ဖြစ်သော အကုသိုလ်စိတ်သည်ဖြစ်ဆဲ ဖြစ်၏။ပ။

------

# ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ

## လောဘမူ ဥပေက္ခာ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၂-ခု၌ ပဋိစ္စသမုပ္ပါဒ် လှည့်နည်း

ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော မိစ္ဆာအယူနှင့် မယှဉ်သော ရူပါရုံကိုလည်း အာရုံပြုသော။ပ။ ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော မိစ္ဆာအယူနှင့် မယှဉ်သော တိုက်တွန်းခြင်းနှင့် တကွဖြစ်သော ရူပါရုံကိုလည်း အာရုံပြုသော၊ သဒ္ဒါရုံကိုလည်း အာရုံပြုသော၊ ဂန္ဓာရုံကိုလည်း အာရုံပြုသော၊ ရသာရုံကိုလည်း အာရုံပြုသော၊ ဖောဋ္ဌဗ္ဗာရုံကိုလည်း အာရုံပြုသော၊ ဓမ္မာရုံကိုလည်း အာရုံပြုသော၊ အမှတ် မရှိသော အာရုံကိုလည်း အာရုံပြုသော အကုသိုလ်စိတ်သည် ဖြစ်ဆဲဖြစ်၏။

(၁) ထိုအခါ၌ မသိမှု 'အဝိဇ္ဇာ' ကြောင့် ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏။

(၄) နာမ်ကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၅) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့် တပ်မက်မှု 'တဏှာ' သည် ဖြစ်၏။

(၈) တပ်မက်မှု 'တဏှာ' ကြောင့် ဆုံးဖြတ်မှု 'အဓိမောက္ခ' သည် ဖြစ်၏။

(၉) ဆုံးဖြတ်မှု 'အဓိမောက္ခ' ကြောင့် ဘဝသည် ဖြစ်၏။

(၁၀) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၁၁) ဇာတိကြောင့်

(၁၂) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။

ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှား ဖြစ်ပေါ်မှုသည် ဖြစ်၏

------

# ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ

## အင်္ဂါ ၁၂-ပါး အကျယ်

၂၈၅။ **(၁) အဝိဇ္ဇာ**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် မသိမှု 'အဝိဇ္ဇာ' မည်သနည်း။ပ။

ထို့ကြောင့် "ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှား ဖြစ်ပေါ်မှုသည် ဖြစ်၏" ဟု ဆိုအပ်၏။

------

# ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ

## ဒေါသမူစိတ် ၂-ခု၌ ပဋိစ္စသမုပ္ပါဒ် လှည့်နည်း

၂၈၆။ အဘယ်တရားတို့သည် အကုသိုလ် မည်ကုန်သနည်း။

အကြင်အခါ၌ ဒေါမနဿဝေဒနာနှင့်တကွဖြစ်သော ထိခိုက်မှု (ဒေါသ) နှင့်ယှဉ်သော ရူပါရုံကို လည်း အာရုံပြုသော။ပ။ အကုသိုလ်စိတ်သည် ဖြစ်ဆဲဖြစ်၏။ပ။ (*) ဒေါမနဿဝေဒနာနှင့်တကွဖြစ်သော ထိခိုက်မှု ဒေါသနှင့်ယှဉ်သော တိုက်တွန်းခြင်းနှင့်တကွဖြစ်သော၊ ရူပါရုံကိုလည်း အာရုံပြုသော၊ သဒ္ဒါရုံကို လည်း အာရုံပြုသော၊ ဂန္ဓာရုံကိုလည်း အာရုံပြုသော၊ ရသာရုံကိုလည်း အာရုံပြုသော၊ ဖောဋ္ဌဗ္ဗာရုံကိုလည်း အာရုံပြုသော၊ ဓမ္မာရုံကိုလည်း အာရုံပြုသော၊ အမှတ်မရှိသောအာရုံကိုလည်း အာရုံပြုသော အကုသိုလ် စိတ်သည် ဖြစ်ဆဲဖြစ်၏။

(၁) ထိုအခါ၌ မသိမှု 'အဝိဇ္ဇာ' ကြောင့် ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏။

(၄) နာမ်ကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၅) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့် ထိခိုက်မှု 'ဒေါသ' သည် ဖြစ်၏။

(၈) ထိခိုက်မှု 'ဒေါသ' ကြောင့် ဆုံးဖြတ်မှု 'အဓိမောက္ခ' သည် ဖြစ်၏။

(၉) ဆုံးဖြတ်မှု 'အဓိမောက္ခ' ကြောင့် ဘဝသည် ဖြစ်၏။

(၁၀) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၁၁) ဇာတိကြောင့်-

(၁၂) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

------

# ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ

## အင်္ဂါ ၁၂-ပါး အကျယ်

၂၈၇။ **(၁) အဝိဇ္ဇာ**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် မသိမှု 'အဝိဇ္ဇာ' မည်သနည်း။

အကြင် မသိခြင်းသဘော 'အညာဏ'၊ မမြင်ခြင်းသဘော 'အဒဿန'။ပ။ တံခါးကျင် (မင်းတုပ်) နှင့်တူသော မသိမှု သဘော 'အဝိဇ္ဇာလင်္ဂီ'၊ အကုသိုလ်မူလဟုဆိုအပ်သော တွေဝေမှု 'မောဟ'သည် ရှိ၏။ ဤ သဘောကို မသိမှု 'အဝိဇ္ဇာ' ဟု ဆိုအပ်၏။ပ။ ဤသဘောကို ခြောက်ခုမြောက် 'မနာယတန' ကြောင့်ဖြစ်သော တွေ့ထိမှု 'ဖဿ' ဟု ဆိုအပ်၏။

**(၇) ဝေဒနာ**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သောခံစားမှု 'ဝေဒနာ' မည် သနည်း။

အကြင်စိတ်၌ ဖြစ်သော မသာယာမှု ၊ စိတ်၌ ဖြစ်သော ဆင်းရဲမှု ၊ စိတ်အတွေ့ကြောင့် ဖြစ်သော မသာယာမှု ၊ ဆင်းရဲမှုကို ခံစားခြင်း၊ စိတ်အတွေ့ကြောင့်ဖြစ်သော မသာယာမှု ၊ ဆင်းရဲမှုကို ခံစားသော သဘောသည် ရှိ၏။ ဤသဘောကို တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ'ဟု ဆိုအပ်၏။

**(၈) ဒေါသ**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် ခံစားမှု 'ဝေဒနာ' ကြောင့်ဖြစ်သောထိခိုက်မှု (ဒေါသ) မည် သနည်း။

အကြင်စိတ်၏ ထိခိုက်မှု 'စိတ္တဿအာဃာတ'။ပ။ ကြမ်းတမ်းသူ၏ အဖြစ် 'စဏ္ဍိက္က'၊ ကောင်းမွန် ပြည့်စုံစွာ မပြောဆိုနိုင်ခြင်း (မကောင်းသဖြင့် ပြောဆိုခြင်း) 'အသုရောပ'၊ စိတ်၏ မနှစ်လိုခြင်း 'အနတ္တမနတာ' သည် ရှိ၏။ ဤသဘောကို ခံစားမှု 'ဝေဒနာ' ကြောင့်ဖြစ်သော ထိခိုက်မှု (ဒေါသ) ဟု ဆိုအပ်၏။

**(၉) အဓိမောက္ခ**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် ထိခိုက်မှု (ဒေါသ) ကြောင့်ဖြစ်သောဆုံးဖြတ်မှု 'အဓိမောက္ခ' မည်သနည်း။

အကြင် စိတ်၏ (အာရုံကို) ဆုံးဖြတ်ခြင်း 'စိတ္တဿအဓိမောက္ခ'၊ ဆုံးဖြတ်သော အခြင်းအရာ 'အဓိမုစ္စနာ'၊ ထို (အာရုံကို) ဆုံးဖြတ်သော အဖြစ် 'တဒဓိမုတ္တတာ' သည် ရှိ၏။ ဤသဘောကို ထိခိုက်မှု (ဒေါသ) ကြောင့်ဖြစ်သော ဆုံးဖြတ်မှု 'အဓိမောက္ခ' ဟု ဆိုအပ်၏။

**(၁၀) ဘဝ**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် ဆုံးဖြတ်မှု 'အဓိမောက္ခ'ကြောင့် ဖြစ်သော ဘဝ မည်သနည်း။

ဆုံးဖြတ်မှု (အဓိမောက္ခ) ကို ထား၍ ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရက္ခန္ဓာ'၊ သိမှု အစု 'ဝိညာဏက္ခန္ဓာ' သည် ရှိ၏။ ဤသဘောကို ဆုံးဖြတ်မှု 'အဓိမောက္ခ' ကြောင့်ဖြစ်သော ဘဝဟု ဆိုအပ်၏။ပ။ (*) ထို့ကြောင့် "ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏" ဟု ဆိုအပ်၏။

------

# ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ

## မောဟမူစိတ် ၂-ခုတွင် ဝိစိကိစ္ဆာစိတ်၌ ပဋိစ္စသမုပ္ပါဒ် လှည့်နည်း

၂၈၈။ အဘယ်တရားတို့သည် အကုသိုလ် မည်ကုန်သနည်း။

အကြင်အခါ၌ ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော ဝိစိကိစ္ဆာနှင့်ယှဉ်သော ရူပါရုံကိုလည်း အာရုံပြုသော၊ သဒ္ဒါရုံကိုလည်း အာရုံပြုသော၊ ဂန္ဓာရုံကိုလည်း အာရုံပြုသော၊ ရသာရုံကိုလည်း အာရုံပြုသော၊ ဖောဋ္ဌဗ္ဗာရုံကိုလည်း အာရုံပြုသော၊ ဓမ္မာရုံကိုလည်း အာရုံပြုသော၊ အမှတ်မရှိသော အာရုံကိုလည်း အာရုံပြုသော အကုသိုလ်စိတ်သည် ဖြစ်ဆဲဖြစ်၏။

(၁) ထိုအခါ၌ မသိမှု 'အဝိဇ္ဇာ' ကြောင့် ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏။

(၄) နာမ်ကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၅) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့် အာရုံကိုမဆုံးဖြတ်နိုင်မှု 'ဝိစိကိစ္ဆာ' သည် ဖြစ်၏။

(၈) အာရုံကို မဆုံးဖြတ်နိုင်မှု 'ဝိစိကိစ္ဆာ' ကြောင့် ဘဝသည် ဖြစ်၏။

(၉) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၁၀) ဇာတိကြောင့်-

(၁၁) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

------

# ပဋိစ္စသမုပ္ပါဒဝိဘင်

## အင်္ဂါ ၁၁-ပါး အကျယ်

၂၈၉။ **(၁) အဝိဇ္ဇာ**

ထိုအင်္ဂါ ၁၁-ပါးတို့တွင် အဘယ်သည် မသိမှု 'အဝိဇ္ဇာ' မည်သနည်း။

အကြင် မသိခြင်းသဘော 'အညာဏ'၊ မမြင်ခြင်းသဘော 'အဒဿန'။ပ။ တံခါးကျင် (မင်းတုပ်) နှင့်တူသော မသိမှု သဘော 'အဝိဇ္ဇာလင်္ဂီ'၊ အကုသိုလ်မူလဟု ဆိုအပ်သော တွေဝေမှု 'မောဟ' သည် ရှိ၏။ ဤသဘောကို မသိမှု 'အဝိဇ္ဇာ' ဟု ဆိုအပ်၏။ပ။ ဤသဘောကို ခြောက်ခုမြောက် 'မနာယတန' ကြောင့်ဖြစ်သော တွေ့ထိမှု 'ဖဿ' ဟု ဆိုအပ်၏။

**(၇) ဝေဒနာ**

ထိုအင်္ဂါ ၁၁-ပါးတို့တွင် အဘယ်သည် တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သောခံစားမှု 'ဝေဒနာ' မည်သနည်း။

အကြင် စိတ်၌ ဖြစ်သော သာယာ, မသာယာ မဟုတ်ခြင်းသည်၊ စိတ်အတွေ့ကြောင့်ဖြစ်သော ဆင်းရဲ, ချမ်းသာ မဟုတ်သော ခံစားခြင်းသည်၊ စိတ်အတွေ့ကြောင့်ဖြစ်သော ဆင်းရဲ, ချမ်းသာ မဟုတ် သောခံစားခြင်းသဘောသည် ရှိ၏။ ဤသဘောကို တွေ့ထိမှု 'ဖဿ'ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' ဟု ဆိုအပ်၏။

**(၈) ဝိစိကိစ္ဆာ**

ထိုအင်္ဂါ ၁၁-ပါးတို့တွင် အဘယ်သည် ခံစားမှု 'ဝေဒနာ' ကြောင့်ဖြစ်သောအာရုံကို မဆုံးဖြတ်နိုင်မှု 'ဝိစိကိစ္ဆာ' မည်သနည်း။

အကြင်ယုံမှားမှု 'ကင်္ခါ'၊ ယုံမှားသောအခြင်းအရာ 'ကင်္ခါယနာ'၊ ယုံမှားတတ်သည်၏အဖြစ် 'ကင်္ခါယိတတ္တ'၊ တွေးတောခြင်း 'ဝိမတိ'၊ မဆုံးဖြတ်နိုင်ခြင်း 'ဝိစိကိစ္ဆာ'၊ နှလုံးနှစ်ခွဖြစ်ခြင်း 'ဒွေဠှက'၊ လမ်းနှစ်ခွ ဖြစ်ခြင်း 'ဒွိဓာပထ'၊ ထက်ဝန်းကျင်ယုံမှားခြင်း 'သံသယ'၊ တထစ်ချမယူဆနိုင်ခြင်း 'အနေကံသဂ္ဂါဟ'၊ အာရုံမှ ရှေးရှုရွေ့လျားဆုတ်နစ်ခြင်း 'အာသပ္ပနာ'၊ အာရုံမှ ထက်ဝန်းကျင် ရွေ့လျား ဆုတ်နစ်ခြင်း 'ပရိသပ္ပနာ'၊ ဉာဏ်ဖြင့်သက်ဝင်၍ မယူနိုင်ခြင်း 'အပရိယောဂါဟဏ'၊ စိတ်၏ ခက်တရော် ရှိသည်၏ အဖြစ် 'ဆမ္ဘိတတ္တ'၊ စိတ်ကို ရေးခြစ်သကဲ့သို့ဖြစ်ခြင်း 'မနောဝိလေခ'သည် ရှိ၏။ ဤသဘောကို ခံစားမှု 'ဝေဒနာ'ကြောင့် ဖြစ်သော မဆုံးဖြတ်နိုင်မှု 'ဝိစိကိစ္ဆာ'ဟု ဆိုအပ်၏။

**(၉) ဘဝ**

ထိုအင်္ဂါ ၁၁-ပါးတို့တွင် အဘယ်သည် မဆုံးဖြတ်မှု 'ဝိစိကိစ္ဆာ' ကြောင့်ဖြစ်သောဘဝ မည်သနည်း။

မဆုံးဖြတ်မှု 'ဝိစိကိစ္ဆာ'ကို ထား၍ ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရက္ခန္ဓာ'၊ သိမှု အစု 'ဝိညာဏက္ခန္ဓာ' သည် ရှိ၏။ ဤသဘောကို မဆုံးဖြတ်နိုင်မှု 'ဝိစိကိစ္ဆာ' ကြောင့်ဖြစ်သော ဘဝဟု ဆိုအပ်၏။ပ။ (*) ထို့ကြောင့် "ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏" ဟု ဆိုအပ်၏။

------

# ပဋိစ္စသမုပ္ပါဒဝိဘင်

## ဥဒ္ဒစ္စသမ္ပယုတ်စိတ်၌ ပဋိစ္စသမုပ္ပါဒ် လှည့်နည်း

၂၉၀။ အဘယ်တရားတို့သည် အကုသိုလ် မည်ကုန်သနည်း။

အကြင်အခါ၌ ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော ပျံ့လွင့်မှု 'ဥဒ္ဒစ္စ'နှင့်ယှဉ်သော ရူပါရုံကိုလည်း အာရုံပြုသော၊ သဒ္ဒါရုံကိုလည်း အာရုံပြုသော၊ ဂန္ဓာရုံကိုလည်း အာရုံပြုသော၊ ရသာရုံကိုလည်း အာရုံပြုသော၊ ဖောဋ္ဌဗ္ဗာရုံကိုလည်း အာရုံပြုသော၊ ဓမ္မာရုံကိုလည်း အာရုံပြုသော၊ အမှတ်မရှိသောအာရုံကိုလည်း အာရုံပြုသော အကုသိုလ်စိတ်သည် ဖြစ်ဆဲဖြစ်၏။

(၁) ထိုအခါ၌ မသိမှု 'အဝိဇ္ဇာ' ကြောင့် ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏။

(၄) နာမ်ကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၅) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့် ပျံ့လွင့်မှု 'ဥဒ္ဒစ္စ' သည် ဖြစ်၏။

(၈) ပျံ့လွင့်မှု 'ဥဒ္ဒစ္စ' ကြောင့် ဆုံးဖြတ်မှု 'အဓိမောက္ခ' သည် ဖြစ်၏။

(၉) ဆုံးဖြတ်မှု 'အဓိမောက္ခ' ကြောင့် ဘဝသည် ဖြစ်၏။

(၁၀) ဘဝကြောင့် ဇာတိသည် ဖြစ်သည်။

(၁၁) ဇာတိကြောင့်-

(၁၂) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

------

# ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ

## အင်္ဂါ ၁၂-ပါး အကျယ်

၂၉၁။ **(၁) အဝိဇ္ဇာ**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် မသိမှု 'အဝိဇ္ဇာ' မည်သနည်း။

အကြင် မသိခြင်းသဘော 'အညာဏ'၊ မမြင်ခြင်းသဘော 'အဒဿန'။ပ။ တံခါးကျင် (မင်းတုပ်) နှင့်တူသော မသိမှု သဘော 'အဝိဇ္ဇာလင်္ဂီ'၊ အကုသိုလ်မူလဟုဆိုအပ်သော တွေဝေမှု 'မောဟ' သည် ရှိ၏။ ဤသဘောကို မသိမှု 'အဝိဇ္ဇာ'ဟု ဆိုအပ်၏။ပ။ ဤသဘောကို ခြောက်ခုမြောက် 'မနာယတန' ကြောင့်ဖြစ်သော တွေ့ထိမှု 'ဖဿ' ဟု ဆိုအပ်၏။

**(၇) ဝေဒနာ**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သောခံစားမှု 'ဝေဒနာ' မည်သနည်း။

အကြင် စိတ်၌ ဖြစ်သော သာယာ, မသာယာမဟုတ်ခြင်းသည်၊ စိတ်အတွေ့ကြောင့်ဖြစ်သော ဆင်းရဲ, ချမ်းသာ မဟုတ်သော ခံစားခြင်းသည်၊ စိတ်အတွေ့ကြောင့်ဖြစ်သော ဆင်းရဲ, ချမ်းသာ မဟုတ်သော ခံစားခြင်း သဘောသည် ရှိ၏။ ဤသဘောကို တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' ဟု ဆိုအပ်၏။

**(၈) ဥဒ္ဒစ္စ**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် ခံစားမှု 'ဝေဒနာ'ကြောင့်ဖြစ်သော ပျံ့လွင့်မှု 'ဥဒ္ဒစ္စ' မည်သနည်း။

အကြင်စိတ်၏ ပျံ့လွင့်ခြင်း 'ဥဒ္ဒစ္စ'၊ မငြိမ်းအေးခြင်း 'အဝူပသမ'၊ စိတ်၏ ဖရိုဖရဲဖြစ်ခြင်း 'စေတသောဝိက္ခေပ'၊ စိတ်၏ တုန်လှုပ်ခြင်း'စိတ္တဘန္တတ္တ' သည် ရှိ၏။ ဤသဘောကိုခံစားမှု 'ဝေဒနာ' ကြောင့်ဖြစ်သော ပျံ့လွင့်မှု 'ဥဒ္ဒစ္စ' ဟု ဆိုအပ်၏။

**(၉) အဓိမောက္ခ**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် ပျံ့လွင့်မှု 'ဥဒ္ဒစ္စ'ကြောင့် ဖြစ်သောဆုံးဖြတ်မှု 'အဓိမောက္ခ' မည် သနည်း။

အကြင် စိတ်၏ အာရုံကို ဆုံးဖြတ်ခြင်း 'အဓိမောက္ခ'၊ ဆုံးဖြတ်သော အခြင်းအရာ 'အဓိမုစ္စနာ'၊ ထိုအာရုံကို ဆုံးဖြတ်တတ်သည်၏အဖြစ် 'တဒဓိမုတ္တတာ'သည် ရှိ၏။ ဤသဘောကို ပျံ့လွင့်မှု 'ဥဒ္ဒစ္စ' ကြောင့်ဖြစ်သော ဆုံးဖြတ်မှု 'အဓိမောက္ခ'ဟု ဆိုအပ်၏။

**(၁၀) ဘဝ**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် ဆုံးဖြတ်မှု 'အဓိမောက္ခ'ကြောင့်ဖြစ်သောဘဝ မည်သနည်း။

ဆုံးဖြတ်မှု 'အဓိမောက္ခ'ကို ထား၍ ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရက္ခန္ဓာ'၊ သိမှု အစု 'ဝိညာဏက္ခန္ဓာ' သည် ရှိ၏။ ဤသဘောကို ဆုံးဖြတ်မှု 'အဓိမောက္ခ' ကြောင့်ဖြစ်သော ဘဝ ဟု ဆိုအပ်၏။ပ။ (*) ထို့ကြောင့် "ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏"ဟု ဆိုအပ်၏။

**အကုသိုလ်တရားတို့၌ ပဋိစ္စသမုပ္ပါဒ်လှည့်နည်း ပြီး၏**

# ပဋ္ဌာန်းစွသမုပ္ပါဒဝိဘင်္ဂ

## ၁၀ - ကုသိုလ်တရားတို့၌ ပဋိစ္စသမုပ္ပါဒ် လှည့်နည်း

## ကာမာဝစရကုသိုလ်စိတ်၌ ပဋိစ္စသမုပ္ပါဒ် လှည့်နည်း

## ၁ - သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်၌ ပဋိစ္စသမုပ္ပါဒ် လှည့်နည်း

## ၁ - ပစ္စယစတုက္ကနည်း

၂၉၂။ အဘယ်တရားတို့သည် ကုသိုလ်တရား မည်ကုန်သနည်း။

အကြင်အခါ၌ သောမနဿဝေဒနာနှင့် တကွဖြစ်သောဉာဏ်နှင့်ယှဉ်သော (တိုက်တွန်းခြင်းမရှိသော) ရူပါရုံကိုလည်း အာရုံပြုသော၊ သဒ္ဒါရုံကိုလည်း အာရုံပြုသော၊ ဂန္ဓာရုံကိုလည်း အာရုံပြုသော၊ ရသာရုံကိုလည်း အာရုံပြုသော၊ ဖောဋ္ဌဗ္ဗာရုံကိုလည်း အာရုံပြုသော၊ ဓမ္မာရုံကိုလည်း အာရုံပြုသော၊ အမှတ်မရှိသော အာရုံကိုလည်း အာရုံပြုသော ကာမဘုံ၌ များသောအားဖြင့် ဖြစ်သော ကာမာဝစရကုသိုလ်စိတ်သည် ဖြစ်ဆဲဖြစ်၏။

(၁) ထိုအခါ၌ ကုသိုလ်မူလ ဟူသော အကြောင်းကြောင့် ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ဟူသော အကြောင်းကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်' ဟူသော အကြောင်းကြောင့် နာမ်သည် ဖြစ်၏။

(၄) နာမ် ဟူသော အကြောင်းကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၅) ခြောက်ခုမြောက် မနာယတန ဟူသော အကြောင်းကြောင့် တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ' ဟူသော အကြောင်းကြောင့် ခံစားမှု 'ဝေဒနာ'သည် ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ' ဟူသော အကြောင်းကြောင့် ကြည်လင်မှု 'သဒ္ဓါ' သည် ဖြစ်၏။

(၈) ကြည်လင်မှု 'သဒ္ဓါ' ဟူသော အကြောင်းကြောင့် ဆုံးဖြတ်မှု 'အဓိမောက္ခ'သည် ဖြစ်၏။

(၉) ဆုံးဖြတ်မှု 'အဓိမောက္ခ' ဟူသောအကြောင်းကြောင့် ဘဝသည် ဖြစ်၏။

(၁၀) ဘဝဟူသောအကြောင်းကြောင့် ဇာတိသည်ဖြစ်သည်။

(၁၁) ဇာတိ ဟူသောအကြောင်းကြောင့်-

(၁၂) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။

ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

------

# ပဋ္ဌာနသမုဒ္ဒပါဠိဝိဘင်္ဂ

## အင်္ဂါ ၁၂-ပါး အကျယ်

၂၉၃။ **(၁) ကုသလမူလ**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်တရားတို့သည် ကုသိုလ်မူလတို့ မည်ကုန်သနည်း။

မလိုချင်မတပ်မက်မှု 'အလောဘ'၊ အမျက်မထွက်မှု 'အဒေါသ'၊ မတွေဝေမှု 'အမောဟ' ဤသုံးပါးတို့တည်း။

**အလောဘ။** ။ ထိုသုံးပါးတို့တွင် အဘယ်သည် မလိုချင်မတပ်မက်မှု 'အလောဘ' မည်သနည်း။

အကြင်မလိုချင်မှု 'အလောဘ'၊ မလိုချင်သော အခြင်းအရာ 'အလုဗ္ဘနာ'၊ မလိုချင် တတ်သည်၏ အဖြစ် 'အလုဗ္ဘိတတ္တ'၊ မစွဲလမ်းမှု 'အသာရာဂ'၊ မစွဲလမ်းတတ်သော အခြင်းအရာ 'အသာရဇ္ဇနာ'၊ မစွဲလမ်းတတ်သည်၏ အဖြစ် 'အသာရဇ္ဇိတတ္တ'၊ (သူ့စည်းစိမ်ကို) ရှေ့ရှုမကြံခြင်း 'အနဘိဇ္ဈာ'၊ ကုသိုလ်မူလ ဟု ဆိုအပ်သော မလိုချင်မှု (အလောဘ) သည် ရှိ၏။ ဤသဘောကို မလိုချင်မတပ်မက်မှု 'အလောဘ' ဟု ဆိုအပ်၏။

**အဒေါသ။** ။ ထိုသုံးပါးတို့တွင် အဘယ်သည် အမျက်မထွက်မှု 'အဒေါသ' မည်သနည်း။

အကြင်အမျက်မထွက်မှု 'အဒေါသ'၊ အမျက်မထွက်သောအခြင်းအရာ 'အဒုဿနာ'၊ အမျက်မထွက်တတ်သည်၏ အဖြစ် 'အဒုဿိတတ္တ'၊ မဖျက်ဆီးမှု 'အဗျာပါဒ'၊ မဖျက်ဆီးတတ်သည်၏အဖြစ် 'အဗျာပဇ္ဇ'၊ ကုသိုလ်မူလဟုဆိုအပ်သော မကြမ်းတမ်းမှု 'အဒေါသ'သည် ရှိ၏။ ဤသဘောကို အမျက်မထွက်မှု 'အဒေါသ' ဟု ဆိုအပ်၏။

**အမောဟ။** ။ ထိုသုံးပါးတို့တွင် အဘယ်သည် မတွေဝေမှု 'အမောဟ' မည်သနည်း။

အကြင်အပြားအားဖြင့် သိမှု 'ပညာ'၊ အပြားအားဖြင့် သိသောအခြင်းအရာ 'ပဇာနနာ'။ပ။ မတွေဝေမှု 'အမောဟ'၊ တရားတို့ကို စိစစ်မှု 'ဓမ္မဝိစယ'၊ အမှန်ကိုသိမြင်မှု 'သမ္မာဒိဋ္ဌိ' သည် ရှိ၏။ ဤသဘောကို မတွေဝေမှု 'အမောဟ' ဟု ဆိုအပ်၏။ ဤတရားတို့ကို ကုသိုလ်၏ အခြေအမြစ် 'ကုသိုလ်မူလ' ဟုဆိုအပ် ကုန်၏။

**(၂) သင်္ခါရ**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် ကုသိုလ်မူလဟူသော အကြောင်းကြောင့်ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ' မည်သနည်း။

အကြင်စေ့ဆော်မှု 'စေတနာ'၊ ကောင်းစွာစေ့ဆော်မှု 'သဉ္စေတနာ'၊ ကောင်းစွာ စေ့ဆော်တတ်သည်၏ အဖြစ် 'သဉ္စေတယိတတ္တ' သည် ရှိ၏။ ဤသဘောကို ကုသိုလ်မူလဟူသော အကြောင်းကြောင့် ဖြစ်သောပြုစီရင်မှု 'သင်္ခါရ' ဟု ဆိုအပ်၏။

**(၃) ဝိညာဏ်**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် ပြုစီရင်မှု 'သင်္ခါရ'ဟူသော အကြောင်းကြောင့် ဖြစ်သော သိမှု 'ဝိညာဏ်' မည်သနည်း။ပ။ (*)

**(၄) နာမ်**

အဘယ်သည် သိမှု (ဝိညာဏ်)ဟူသော အကြောင်းကြောင့်ဖြစ်သော နာမ် မည်သနည်း။ပ။ (*)

(၅) မနာယတန

အဘယ်သည် နာမ်ဟူသော အကြောင်းကြောင့်ဖြစ်သော ခြောက်ခုမြောက် 'မနာယတန' မည်သနည်း။ပ။

(၆) ဖဿ

အဘယ်သည် ခြောက်ခုမြောက် မနာယတန ကြောင့်ဖြစ်သော တွေ့ထိမှု 'ဖဿ' မည်သနည်း။ပ။

(၇) ဝေဒနာ

အဘယ်သည် တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' မည်သနည်း။ပ။

(၈) သဒ္ဓါ

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် ခံစားမှု 'ဝေဒနာ'ဟူသော အကြောင်း ကြောင့်ဖြစ်သော ကြည်လင်မှု 'သဒ္ဓါ' မည်သနည်း။

အကြင် ယုံကြည်ခြင်း 'သဒ္ဓါ'၊ ယုံကြည်သော အခြင်းအရာ 'သဒ္ဒဟနာ'၊ သက်ဝင်၍ ယုံကြည်မှု 'ဩကပ္ပနာ'၊ အလွန်ကြည်ညိုမှု 'အဘိပ္ပသာဒ' သည် ရှိ၏၊ ဤသဘောကို ခံစားမှု 'ဝေဒနာ' ဟူသော အကြောင်းကြောင့်ဖြစ်သော ကြည်လင်မှု 'သဒ္ဓါ' ဟု ဆိုအပ်၏။

(၉) အဓိမောက္ခ

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် ကြည်လင်မှု 'သဒ္ဓါ'ဟူသော အကြောင်းကြောင့် ဖြစ်သော ဆုံးဖြတ်မှု 'အဓိမောက္ခ' မည်သနည်း။

အကြင်စိတ်၏ (အာရုံကို) ဆုံးဖြတ်ခြင်း 'အဓိမောက္ခ'၊ ဆုံးဖြတ်သော အခြင်းအရာ 'အဓိမုစ္စနာ'၊ ထို (အာရုံ) ကို ဆုံးဖြတ်တတ်သည်၏အဖြစ် 'တဒဓိမုတ္တတာ' သည် ရှိ၏။ ဤသဘောကို ကြည်လင်မှု 'သဒ္ဓါ' ဟူသော အကြောင်းကြောင့်ဖြစ်သော ဆုံးဖြတ်မှု 'အဓိမောက္ခ' ဟု ဆိုအပ်၏။

(၁၀) ဘဝ

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် ဆုံးဖြတ်မှု 'အဓိမောက္ခ'ဟူသော အကြောင်းကြောင့်ဖြစ်သော ဘဝ မည်သနည်း။

ဆုံးဖြတ်မှု 'အဓိမောက္ခ'ကို ထား၍ ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရက္ခန္ဓာ'၊ သိမှု အစု 'ဝိညာဏက္ခန္ဓာ' သည် ရှိ၏။ ဤသဘောကို ဆုံးဖြတ်မှု 'အဓိမောက္ခ' ဟူသော အကြောင်းကြောင့်ဖြစ်သော ဘဝဟု ဆိုအပ်၏။ပ။

ထို့ကြောင့် "ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှား ဖြစ်ပေါ်မှုသည်ဖြစ်၏" ဟု ဆိုအပ်၏။

------

# ပဋ္ဌာန်းစ္စသမုပ္ပါဒဝိဘင်္ဂ

## ၂ - သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိကစိတ်၌ ပဋိစ္စသမုပ္ပါဒ် လှည့်နည်း

### ၁ - ပစ္စယစတုက္ကနည်း

၂၉၄။ အဘယ်တရားတို့သည် ကုသိုလ် မည်ကုန်သနည်း။

အကြင်အခါ၌ သောမနဿဝေဒနာနှင့် တကွဖြစ်သော၊ ဉာဏ်နှင့် ယှဉ်သော၊ တိုက်တွန်းခြင်းနှင့် တကွ ဖြစ်သော၊ ရူပါရုံကိုလည်း အာရုံပြုသော။ပ။ ကာမဘုံ၌ များသောအားဖြင့် ဖြစ်သော ကာမာဝစရ ကုသိုလ်စိတ်သည် ဖြစ်ဆဲဖြစ်၏။ပ။

------

## သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ်စိတ် ၂-ခု၌ ပဋိစ္စသမုပ္ပါဒ် လှည့်နည်း

### ၁ - ပစ္စယစတုက္ကနည်း

(အကြင်အခါ၌) သောမနဿဝေဒနာနှင့် တကွဖြစ်သောဉာဏ်နှင့် မယှဉ်သော (တိုက်တွန်းခြင်း မရှိသော) ရူပါရုံကိုလည်း အာရုံပြုသော။ပ။ (*)

(အကြင်အခါ၌) သောမနဿဝေဒနာနှင့် တကွဖြစ်သောဉာဏ်နှင့်မယှဉ်သော တိုက်တွန်းခြင်းနှင့် တကွဖြစ်သော ရူပါရုံကိုလည်း အာရုံပြုသော၊ သဒ္ဒါရုံကိုလည်း အာရုံပြုသော၊ ဂန္ဓာရုံကိုလည်း အာရုံပြု သော၊ ရသာရုံကိုလည်း အာရုံပြုသော၊ ဖောဋ္ဌဗ္ဗာရုံကိုလည်း အာရုံပြုသော၊ ဓမ္မာရုံကိုလည်း အာရုံပြု သော၊ အမှတ်မရှိသော အာရုံကိုလည်း အာရုံပြု၍ဖြစ်သော ကာမာဝစရကုသိုလ်စိတ်သည် ဖြစ်ဆဲဖြစ်၏။

(၁) ထိုအခါ၌ ကုသိုလ်မူလဟူသောအကြောင်းကြောင့် ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ'ဟူသောအကြောင်းကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်'ဟူသောအကြောင်းကြောင့် နာမ်သည် ဖြစ်၏။

(၄) နာမ်ဟူသောအကြောင်းကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၅) ခြောက်ခုမြောက် 'မနာယတန'ဟူသောအကြောင်းကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ'ဟူသောအကြောင်းကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ'ဟူသောအကြောင်းကြောင့် ကြည်လင်မှု 'သဒ္ဓါ' သည် ဖြစ်၏။

(၈) ကြည်လင်မှု 'သဒ္ဓါ'ဟူသောအကြောင်းကြောင့် ဆုံးဖြတ်မှု 'အဓိမောက္ခ' သည် ဖြစ်၏။

(၉) ဆုံးဖြတ်မှု 'အဓိမောက္ခ'ဟူသောအကြောင်းကြောင့် ဘဝသည် ဖြစ်၏။

(၁၀) ဘဝဟူသောအကြောင်းကြောင့် ဇာတိသည် ဖြစ်သည်။

(၁၁) ဇာတိဟူသောအကြောင်းကြောင့်-

(၁၂) အိုခြင်း သေခြင်း (ဇရာမရဏ) သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

------

# ပဋ္ဌာနသမုပ္ပါဒဝိဘင်္ဂ

## အင်္ဂါ ၁၂-ပါး အကျယ်

၂၉၅။ **(၁) ကုသိုလ်မူလ**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်တရားတို့သည် ကုသိုလ်မူလတို့ မည်ကုန်သနည်း။

မလိုချင်မမက်မောမှု 'အလောဘ'၊ အမျက်မထွက်မှု 'အဒေါသ'၊ ဤနှစ်ပါးတို့သည် ကုသိုလ်မူလတို့ မည်ကုန်၏။ ထို ၂-ပါးတို့တွင် အဘယ်သည် မလိုချင် မမက်မောမှု 'အလောဘ' မည်သနည်း။

အကြင် မလိုချင်မှု 'အလောဘ'၊ မလိုချင်သော အခြင်းအရာ 'အလုဗ္ဘနာ'၊ မလိုချင်တတ်သည်၏ အဖြစ် 'အလုဗ္ဘိတတ္တ'၊ ပြင်းစွာမတပ်မက်ခြင်း 'အသာရာဂ'၊ ပြင်းစွာမတပ်မက်သောအခြင်းအရာ 'အသာရဇ္ဇနာ'၊ ပြင်းစွာ မတပ်မက်သည်၏အဖြစ် 'အသာရဇ္ဇိတတ္တ'၊ မမက်မောမှု 'အနဘိဇ္ဈာ'၊ ကုသိုလ်မူလ ဟု ဆိုအပ်သော မလိုချင်မှု 'အလောဘ' သည် ရှိ၏။ ဤသဘောကို မလိုချင် မမက်မောမှု 'အလောဘ' ဟု ဆိုအပ်၏။

ထို ၂-ပါးတို့တွင် အဘယ်သည် အမျက်မထွက်မှု 'အဒေါသ' မည်သနည်း။

အကြင် အမျက်မထွက်မှု 'အဒေါသ'၊ အမျက်မထွက်သောအခြင်းအရာ 'အဒုဿနာ'၊ အမျက်မထွက်တတ်သည်၏ အဖြစ် 'အဒုဿိတတ္တ'၊ မပျက်စီးစေလိုမှု 'အဗျာပါဒ'၊ မပျက်စီးစေလိုသည်၏အဖြစ် 'အဗျာပဇ္ဇ'၊ ကုသိုလ်မူလဟုဆိုအပ်သော အမျက်မထွက်မှု 'အဒေါသ' သည် ရှိ၏။ ဤသဘောကို အမျက်မထွက်မှု 'အဒေါသ' ဟု ဆိုအပ်၏။ ဤတရားတို့ကို ကုသိုလ်မူလဟုဆိုအပ်ကုန်၏။

**(၂) သင်္ခါရ**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် ကုသိုလ်မူလကြောင့်ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ' မည်သနည်း။

အကြင်စေ့ဆော်ခြင်း 'စေတနာ'၊ ကောင်းစွာစေ့ဆော်ခြင်း 'သဉ္စေတနာ၊ ကောင်းစွာ စေ့ဆော်တတ်သည်၏ အဖြစ် 'သဉ္စေတယိတတ္တ' သည် ရှိ၏။ ဤသဘောကို ကုသိုလ်မူလဟူသော အကြောင်းကြောင့်ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ' ဟု ဆိုအပ်၏။ပ။ ဤသဘောကို ခြောက်ခုမြောက် မနာယတနကြောင့်ဖြစ်သော တွေ့ထိမှု 'ဖဿ' ဟု ဆိုအပ်၏။

**(၇) ဝေဒနာ**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သောခံစားမှု 'ဝေဒနာ' မည်သနည်း။

အကြင်စိတ်၌ ဖြစ်သော သာယာမှု ၊ စိတ်၌ ဖြစ်သော ချမ်းသာမှု ၊ စိတ်အတွေ့ကြောင့် ဖြစ်သော သာယာဖွယ် ကောင်းသော ချမ်းသာသော ခံစားမှု ၊ စိတ်အတွေ့ကြောင့်ဖြစ်သော သာယာဖွယ် ကောင်းသော ချမ်းသာသော ခံစားခြင်းသဘောသည် ရှိ၏။ ဤသဘောကိုတွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' ဟု ဆိုအပ်၏။ပ။ (*) ထို့ကြောင့် "ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏" ဟု ဆိုအပ်၏။

------

# ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ

## ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ်စိတ် ၂-ခု၌ ပဋိစ္စသမုပ္ပါဒ် လှည့်နည်း

### ၁ - ပစ္စယစတုက္ကနည်း

၂၉၆။ အဘယ်တရားတို့သည် ကုသိုလ် မည်ကုန်သနည်း။

အကြင်အခါ၌ ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သောဉာဏ်နှင့်ယှဉ်သော (တိုက်တွန်းခြင်းမရှိသော) ရူပါရုံကိုလည်း အာရုံပြုသော။ပ။ ကာမဘုံ၌ များသောအားဖြင့် ဖြစ်သော ကာမာဝစရကုသိုလ်စိတ်သည် ဖြစ်ဆဲဖြစ်၏။ပ။ (*)

(အကြင်အခါ၌) ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သောဉာဏ်နှင့်ယှဉ်သော တိုက်တွန်းခြင်းနှင့် တကွဖြစ်သော ရူပါရုံကိုလည်း အာရုံပြုသော၊ သဒ္ဒါရုံကိုလည်း အာရုံပြုသော၊ ဂန္ဓာရုံကိုလည်း အာရုံပြုသော၊ ရသာရုံကိုလည်း အာရုံပြုသော၊ ဖောဋ္ဌဗ္ဗာရုံကိုလည်း အာရုံပြုသော၊ ဓမ္မာရုံကိုလည်း အာရုံပြုသော၊ အမှတ်မရှိသောအာရုံကိုလည်း အာရုံပြုသော ကာမဘုံ၌ များသောအားဖြင့်ဖြစ်သော ကာမာဝစရကုသိုလ်စိတ်သည် ဖြစ်ဆဲဖြစ်၏။

(၁) ထိုအခါ၌ ကုသိုလ်မူလဟူသော အကြောင်းကြောင့် ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ'ဟူသောအကြောင်းကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်'ဟူသောအကြောင်းကြောင့် နာမ်သည် ဖြစ်၏။

(၄) နာမ်ဟူသောအကြောင်းကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၅) ခြောက်ခုမြောက် 'မနာယတန'ဟူသောအကြောင်းကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ'ဟူသောအကြောင်းကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ'ဟူသောအကြောင်းကြောင့် ကြည်လင်မှု 'သဒ္ဓါ' သည် ဖြစ်၏။

(၈) ကြည်လင်မှု 'သဒ္ဓါ'ဟူသောအကြောင်းကြောင့် ဆုံးဖြတ်မှု 'အဓိမောက္ခ' သည် ဖြစ်၏။

(၉) ဆုံးဖြတ်မှု 'အဓိမောက္ခ'ဟူသောအကြောင်းကြောင့် ဘဝသည် ဖြစ်၏။

(၁၀) ဘဝဟူသောအကြောင်းကြောင့် ဇာတိသည်ဖြစ်သည်။

(၁၁) ဇာတိဟူသောအကြောင်းကြောင့်-

(၁၂) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

------

# ပဋ္ဌာန်းသမုပ္ပါဒဝိဘင်္ဂ

## အင်္ဂါ ၁၂-ပါး အကျယ်

၂၉၇။ **(၁) ကုသိုလ်မူလ**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်တရားတို့သည် ကုသိုလ်မူလတို့နည်း။ မလိုချင် မမက်မောမှု 'အလောဘ'၊ အမျက်မထွက်မှု 'အဒေါသ'၊ မတွေဝေမှု 'အမောဟ'၊ ဤတရားတို့ကို ကုသိုလ်မူလတို့ဟု ဆိုအပ်ကုန်၏။

**(၂) သင်္ခါရ**

ထိုအင်္ဂါ၁၂-ပါးတို့တွင် အဘယ်သည် ကုသိုလ်မူလကြောင့်ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ' မည်သနည်း။

အကြင်စေ့ဆော်မှု 'စေတနာ'၊ ကောင်းစွာ စေ့ဆော်မှု 'သဉ္စေတနာ'၊ ကောင်းစွာ စေ့ဆော်တတ်သည်၏ အဖြစ် 'သဉ္စေတယိတတ္တ' သည် ရှိ၏။ ဤသဘောကို ကုသိုလ်မူလကြောင့်ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ' ဟု ဆိုအပ်၏။ပ။ ဤသဘောကို ခြောက်ခုမြောက် 'မနာယတန' ကြောင့်ဖြစ်သော တွေ့ထိမှု 'ဖဿ' ဟု ဆိုအပ်၏။

**(၇) ဝေဒနာ**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သောခံစားမှု 'ဝေဒနာ' မည်သနည်း။

အကြင်စိတ်၌ ဖြစ်သော သာယာဖွယ်လည်းမဟုတ်, မသာယာဖွယ်လည်းမဟုတ်သော သဘောသည်၊ စိတ်အတွေ့ကြောင့်ဖြစ်သော ဆင်းရဲ, ချမ်းသာ မဟုတ်သော ခံစားခြင်းသည်၊ စိတ်အတွေ့ကြောင့်ဖြစ်သော ဆင်းရဲ, ချမ်းသာမဟုတ်သော ခံစားမှု သဘောသည် ရှိ၏။ ဤသဘောကို တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' ဟု ဆိုအပ်၏။ပ။ (*) ထို့ကြောင့် "ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည်ဖြစ်၏" ဟု ဆိုအပ်၏။

------

# ပဋ္ဌာန်းပါဠိတော်

## ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ်စိတ် ၂-ခု၌ ပဋိစ္စသမုပ္ပါဒ် လှည့်နည်း

### ၁ - ပစ္စယစတုက္ကနည်း

၂၉၈။ အဘယ်တရားတို့သည် ကုသိုလ် မည်ကုန်သနည်း။

အကြင်အခါ၌ ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော ဉာဏ်နှင့် မယှဉ်သော ရူပါရုံကိုလည်း အာရုံပြုသော။ပ။ ကာမဘုံ၌ များသောအားဖြင့်ဖြစ်သော ကာမာဝစရကုသိုလ်စိတ်သည် ဖြစ်ဆဲဖြစ်၏။ပ။ (*) (အကြင်အခါ၌) ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သောဉာဏ်နှင့်မယှဉ်သော တိုက်တွန်းခြင်းနှင့် တကွ ဖြစ်သော ရူပါရုံကိုလည်း အာရုံပြုသော၊ သဒ္ဒါရုံကိုလည်း အာရုံပြုသော၊ ဂန္ဓာရုံကိုလည်း အာရုံပြုသော၊ ရသာရုံကိုလည်း အာရုံပြုသော၊ ဖောဋ္ဌဗ္ဗာရုံကိုလည်း အာရုံပြုသော၊ ဓမ္မာရုံကိုလည်း အာရုံပြုသော၊ အမှတ်မရှိသောအာရုံကိုလည်း အာရုံပြုသော ကာမဘုံ၌ များသောအားဖြင့်ဖြစ်သော ကာမာဝစရ ကုသိုလ်စိတ်သည် ဖြစ်ဆဲဖြစ်၏။

(၁) ထိုအခါ၌ ကုသိုလ်မူလ ဟူသော အကြောင်းကြောင့် ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ'ဟူသော အကြောင်းကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်'ဟူသော အကြောင်းကြောင့် နာမ်သည် ဖြစ်၏။

(၄) နာမ်ဟူသော အကြောင်းကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၅) ခြောက်ခုမြောက် 'မနာယတန'ဟူသော အကြောင်းကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ'ဟူသောအကြောင်းကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ'ဟူသောအကြောင်းကြောင့် ကြည်လင်မှု 'သဒ္ဓါ' သည် ဖြစ်၏။

(၈) ကြည်လင်မှု 'သဒ္ဓါ'ဟူသောအကြောင်းကြောင့် ဆုံးဖြတ်မှု 'အဓိမောက္ခ' သည် ဖြစ်၏။

(၉) ဆုံးဖြတ်မှု 'အဓိမောက္ခ'ဟူသောအကြောင်းကြောင့် ဘဝသည် ဖြစ်၏။

(၁၀) ဘဝဟူသောအကြောင်းကြောင့် ဇာတိသည် ဖြစ်သည်။

(၁၁) ဇာတိဟူသောအကြောင်းကြောင့်-

(၁၂) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည်ဖြစ်၏။

------

# ပဋ္ဌာနသမုပ္ပါဒဝိဘင်္ဂ

## အင်္ဂါ ၁၂-ပါး အကျယ်

၂၉၉။ **(၁) ကုသိုလ်မူလ**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်တရားတို့သည် ကုသိုလ်မူလတို့နည်း။ မလိုချင် မမက်မောမှု 'အလောဘ'၊ အမျက်မထွက်မှု 'အဒေါသ'၊ ဤတရားတို့ကို ကုသိုလ်မူလတို့ဟုဆိုအပ်ကုန်၏။

**(၂) သင်္ခါရ**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် ကုသိုလ်မူလကြောင့်ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ' မည်သနည်း။

အကြင် စေ့ဆော်မှု 'စေတနာ'၊ ကောင်းစွာစေ့ဆော်မှု 'သဉ္စေတနာ'၊ ကောင်းစွာ စေ့ဆော်တတ်သည်၏ အဖြစ် 'သဉ္စေတယိတတ္တ' သည် ရှိ၏။ ဤသဘောကို ကုသိုလ်မူလကြောင့်ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ' ဟု ဆိုအပ်၏။ပ။ (*) ထို့ကြောင့် "ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲ အစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည်ဖြစ်၏" ဟု ဆိုအပ်၏။

------

# ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ

## ရူပါဝစရကုသိုလ်စိတ်၌ ပဋိစ္စသမုပ္ပါဒ် လှည့်နည်း

### ၁ - ပစ္စယစတုက္ကနည်း

၃၀၀။ အဘယ်တရားတို့သည် ကုသိုလ် မည်ကုန်သနည်း။

အကြင်အခါ၌ ရူပဘုံ၌ ဖြစ်ရန် ရောက်ကြောင်း (ဈာန်) ကို ပွါးများအားထုတ်၏၊ ကာမတတို့မှ ကင်းဆိတ်၍ သာလျှင်။ပ။ ပထဝီကသိုဏ်းကို အာရုံပြုသော ပထမဈာန်ကို ပြည့်စုံစေ၍ နေ၏။

(၁) ထိုအခါ၌ ကုသိုလ်မူလဟူသောအကြောင်းကြောင့် ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ'ဟူသောအကြောင်းကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်'ဟူသောအကြောင်းကြောင့် နာမ်သည် ဖြစ်၏။

(၄) နာမ်ဟူသောအကြောင်းကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၅) ခြောက်ခုမြောက် 'မနာယတန'ဟူသောအကြောင်းကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ'ဟူသောအကြောင်းကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ'ဟူသောအကြောင်းကြောင့် ကြည်လင်မှု 'သဒ္ဓါ' သည် ဖြစ်၏။

(၈) ကြည်လင်မှု 'သဒ္ဓါ'ဟူသောအကြောင်းကြောင့် ဆုံးဖြတ်မှု 'အဓိမောက္ခ' သည် ဖြစ်၏။

(၉) ဆုံးဖြတ်မှု 'အဓိမောက္ခ'ဟူသောအကြောင်းကြောင့် ဘဝသည် ဖြစ်၏။

(၁၀) ဘဝဟူသောအကြောင်းကြောင့် ဇာတိသည် ဖြစ်သည်။

(၁၁) ဇာတိဟူသောအကြောင်းကြောင့်-

(၁၂) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

------

# ပဋ္ဌာနပါဠိတော်

## အင်္ဂါ ၁၂-ပါး အကျယ်

၃၀၁။ **(၁) ကုသလမူလ**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်တရားတို့သည် ကုသိုလ်မူလတို့နည်း။ မလိုချင်မမက်မောမှု 'အလောဘ'၊ အမျက်မထွက်မှု 'အဒေါသ'၊ မတွေဝေမှု 'အမောဟ'၊ ဤတရားတို့ကို ကုသိုလ်မူလတို့ဟု ဆိုအပ်ကုန်၏။

**(၂) သင်္ခါရ**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် ကုသိုလ်မူလကြောင့်ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ' မည်သနည်း။

အကြင် စေ့ဆော်မှု 'စေတနာ'၊ ကောင်းစွာ စေ့ဆော်မှု 'သဉ္စေတနာ'၊ ကောင်းစွာ စေ့ဆော်တတ်သည်၏ အဖြစ် 'သဉ္စေတယိတတ္တ' သည် ရှိ၏။ ဤသဘောကို ကုသလမူလဟူသော အကြောင်းကြောင့်ဖြစ်သောပြုစီရင်မှု 'သင်္ခါရ' ဟု ဆိုအပ်၏။ပ။ (*) ထို့ကြောင့် "ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည်ဖြစ်၏" ဟု ဆိုအပ်ကုန်၏။

------

# ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ

## အရူပါဝစရကုသိုလ်စိတ်၌ ပဋိစ္စသမုပ္ပါဒ် လှည့်နည်း

### ၁ - ပစ္စယစတုက္ကနည်း

၃၀၂။ အဘယ်တရားတို့သည် ကုသိုလ် မည်ကုန်သနည်း။

အကြင်အခါ၌ အရူပဘုံ၌ ဖြစ်ရန် ရောက်ကြောင်း (ဈာန်) ကို ပွါးများအားထုတ်၏၊ အာကိဉ္စညာယတနဈာန်ကို လုံးဝ လွန်မြောက်၍ နေဝသညာနာသညာယတန သညာနှင့် တကွဖြစ်သော၊ ချမ်းသာခြင်း 'သုခ'ကို လည်း ပယ်ခြင်းကြောင့်။ပ။ စတုတ္ထဈာန်ကို ပြည့်စုံစေ၍ နေ၏။

(၁) ထိုအခါ၌ ကုသိုလ်မူလဟူသောအကြောင်းကြောင့် ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ'ဟူသောအကြောင်းကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်'ဟူသောအကြောင်းကြောင့် နာမ်သည် ဖြစ်၏။

(၄) နာမ်ဟူသောအကြောင်းကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၅) ခြောက်ခုမြောက် 'မနာယတန'ဟူသောအကြောင်းကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ'ဟူသောအကြောင်းကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ'ဟူသောအကြောင်းကြောင့် ကြည်လင်မှု 'သဒ္ဓါ' သည် ဖြစ်၏။

(၈) ကြည်လင်မှု 'သဒ္ဓါ'ဟူသောအကြောင်းကြောင့် ဆုံးဖြတ်မှု 'အဓိမောက္ခ' သည် ဖြစ်၏။

(၉) ဆုံးဖြတ်မှု 'အဓိမောက္ခ'ဟူသောအကြောင်းကြောင့် ဘဝသည် ဖြစ်၏။

(၁၀) ဘဝဟူသောအကြောင်းကြောင့် ဇာတိသည် ဖြစ်သည်။

(၁၁) ဇာတိဟူသောအကြောင်းကြောင့်-

(၁၂) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည်ဖြစ်၏။

------

# ပဋ္ဌာန်းစွဲသမုပ္ပါဒဝိဘင်္ဂ

## အင်္ဂါ ၁၂-ပါး အကျယ်

၃၀၃။ **(၁) ကုသလမူလ**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်တရားတို့သည် ကုသိုလ်မူလတို့နည်း။ မလိုချင်မမက်မောမှု 'အလောဘ'၊ အမျက်မထွက်မှု 'အဒေါသ'၊ မတွေဝေမှု 'အမောဟ'၊ ဤတရားတို့ကို ကုသိုလ်မူလတို့ဟု ဆိုအပ်ကုန်၏။

**(၂) သင်္ခါရ**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်တရားသည် ကုသိုလ်မူလကြောင့်ဖြစ်သောပြုစီရင်မှု 'သင်္ခါရ' မည်သနည်း။

အကြင်စေ့ဆော်မှု 'စေတနာ'၊ ကောင်းစွာစေ့ဆော်မှု 'သဉ္စေတနာ'၊ ကောင်းစွာ စေ့ဆော်တတ်သည်၏ အဖြစ် 'သဉ္စေတယိတတ္တ' သည် ရှိ၏။ ဤသဘောကို ကုသိုလ်မူလကြောင့်ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ' ဟု ဆိုအပ်၏။ပ။ ဤသဘောကို ခြောက်ခုမြောက် 'မနာယတန' ကြောင့်ဖြစ်သော တွေ့ထိမှု 'ဖဿ' ဟု ဆိုအပ်၏။

**(၇) ဝေဒနာ**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်တရားသည် တွေ့ထိမှု 'ဖဿ' ကြောင့် ဖြစ်သောခံစားမှု 'ဝေဒနာ' မည်သနည်း။

အကြင် စိတ်၌ ဖြစ်သော သာယာဖွယ်လည်းမဟုတ်, မသာယာဖွယ်လည်းမဟုတ်သော သဘောသည်၊ စိတ်အတွေ့ကြောင့် ဖြစ်သော ဆင်းရဲ, ချမ်းသာမဟုတ်သော ခံစားခြင်းသည်၊ စိတ်အတွေ့ကြောင့် ဖြစ်သောဆင်းရဲ, ချမ်းသာမဟုတ်သော ခံစားမှု သဘောသည် ရှိ၏။ ဤသဘောကို တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' ဟု ဆိုအပ်၏။ပ။ (*) ထို့ကြောင့် "ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည်ဖြစ်၏" ဟု ဆိုအပ်၏။

**မှတ်ချက်။** ။ ဤအရူပါဝစရစိတ်၌ ဥပေက္ခာဝေဒနာသာ ဖြစ်သင့်ပါသည်။ ဆဋ္ဌသံဂါယနာပါဠိတော်စာမူ၌ ဝေဒနာအကျယ်ကို ပြရာတွင် သုခဝေဒနာဖြစ်နေပါသည်၊ သတိပြုရန်။

------

# ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ

## လောကုတ္တရာကုသိုလ်စိတ်၌ ပဋိစ္စသမုပ္ပါဒ် လှည့်နည်း

### ၁ - ပစ္စယစတုက္ကနည်း

၃၀၄။ အဘယ်တရားတို့သည် ကုသိုလ် မည်ကုန်သနည်း။

အကြင်အခါ၌ ဝဋ်ဆင်းရဲမှ လွတ်မြောက်တတ်သော၊ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော သက္ကာယဒိဋ္ဌိ စသော တရားတို့ကို ပယ်ရန်၊ ပဌမဘုံ (သောတာပန်အဆင့်) သို့ ရောက်ရန် လောကုတ္တရာ စျာန်တရား ကို ပွါးများ အားထုတ်၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲသော အကျင့်ရှိသော, နှံ့နှေးသော အသိဉာဏ်ရှိသော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။

(၁) ထိုအခါ၌ ကုသိုလ်မူလဟူသော အကြောင်းကြောင့် ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ'ဟူသော အကြောင်းကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်'ဟူသော အကြောင်းကြောင့် နာမ်သည် ဖြစ်၏။

(၄) နာမ်ဟူသော အကြောင်းကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၅) ခြောက်ခုမြောက် 'မနာယတန'ဟူသော အကြောင်းကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ'ဟူသော အကြောင်းကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ'ဟူသော အကြောင်းကြောင့် ကြည်လင်မှု 'သဒ္ဓါ' သည် ဖြစ်၏။

(၈) ကြည်လင်မှု 'သဒ္ဓါ'ဟူသော အကြောင်းကြောင့် ဆုံးဖြတ်မှု 'အဓိမောက္ခ' သည် ဖြစ်၏။

(၉) ဆုံးဖြတ်မှု 'အဓိမောက္ခ'ဟူသော အကြောင်းကြောင့် ဘဝသည် ဖြစ်၏။

(၁၀) ဘဝဟူသော အကြောင်းကြောင့် ဇာတိသည် ဖြစ်၏။

(၁၁) ဇာတိဟူသော အကြောင်းကြောင့်-

(၁၂) အိုခြင်း သေခြင်း 'ဇရာမရဏ'သည် ဖြစ်၏။

ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ဤတရားတို့၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

------

# ပဋ္ဌိစ္စသမုပ္ပါဒဝိဘင်္ဂ

## အင်္ဂါ ၁၂-ပါး အကျယ်

၃၀၅။ **(၁) ကုသလမူလ**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်တရားတို့သည် ကုသိုလ်မူလ တို့နည်း။ မလိုချင် မမက်မောမှု 'အလောဘ'၊ အမျက်မထွက်မှု 'အဒေါသ'၊ မတွေဝေမှု 'အမောဟ'၊ ဤတရားတို့ကို ကုသိုလ်မူလတို့ဟု ဆိုအပ်ကုန်၏။ ထို ၃-ပါးတို့တွင် အဘယ်သည် မလိုချင် မမက်မောမှု 'အလောဘ' နည်း။ပ။

အဘယ်သည် အမျက်မထွက်မှု 'အဒေါသ' နည်း။ပ။

အဘယ်သည် မတွေဝေမှု 'အမောဟ' နည်း။ အကြင်အပြားအားဖြင့် သိမှု 'ပညာ'၊ အပြားအားဖြင့် သိသောအခြင်းအရာ 'ပဇာနနာ'။ပ။ မတွေဝေမှု 'အမောဟ'၊ တရားတို့ကို စိစစ်မှု 'ဓမ္မဝိစယ'၊ မှန်ကန်သောအမြင် 'သမ္မာဒိဋ္ဌိ'၊ တရားတို့ကို စိစစ်မှု မဂ်ဉာဏ်၏ အစိတ်အပိုင်းအင်္ဂါ 'ဓမ္မဝိစယသမ္ဗောဇ္ဈင်'၊ မဂ်၏အစိတ်အပိုင်းအင်္ဂါ 'မဂ္ဂင်'၊ မဂ်၌ အကျုံးဝင်ခြင်း 'မဂ္ဂပရိယာပန္န' သည် ရှိ၏။ ဤသဘောကို မတွေဝေမှု 'အမောဟ' ဟု ဆိုအပ်၏။

ဤတရားတို့ကို ကုသိုလ်မူလတို့ဟု ဆိုအပ်ကုန်၏။

**(၂) သင်္ခါရ**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် ကုသိုလ်မူလဟူသောအကြောင်းကြောင့်ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ' မည်သနည်း။

အကြင်စေ့ဆော်မှု 'စေတနာ'၊ ကောင်းစွာ စေ့ဆော်မှု 'သဉ္စေတနာ'၊ ကောင်းစွာ စေ့ဆော်တတ်သည်၏ အဖြစ် 'သဉ္စေတယိတတ္တ' သည် ရှိ၏။ ဤသဘောကို ကုသိုလ်မူလဟူသော အကြောင်းကြောင့် ဖြစ်သောပြုစီရင်မှု 'သင်္ခါရ' ဟု ဆိုအပ်၏။ပ။ ဤသဘောကို ခြောက်ခုမြောက် 'မနာယတန' ကြောင့်ဖြစ်သော တွေ့ထိမှု 'ဖဿ' ဟု ဆိုအပ်၏။

**(၇) ဝေဒနာ**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် တွေ့ထိမှု 'ဖဿ'ဟူသော အကြောင်းကြောင့် ဖြစ်သော ခံစားမှု 'ဝေဒနာ' မည်သနည်း။

အကြင်စိတ်၌ ဖြစ်သော သာယာမှု ၊ စိတ်၌ ဖြစ်သော ချမ်းသာမှု ၊ စိတ်အတွေ့ကြောင့်ဖြစ်သော သာယာဖွယ် ကောင်းသော ချမ်းသာသော ခံစားမှု ၊ စိတ်အတွေ့ကြောင့်ဖြစ်သော သာယာဖွယ် ကောင်းသော ချမ်းသာသော ခံစားခြင်းသဘောသည် ရှိ၏။ ဤသဘောကို တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' ဟု ဆိုအပ်၏။

**(၈) သဒ္ဓါ**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် ခံစားမှု 'ဝေဒနာ'ဟူသော အကြောင်း ကြောင့်ဖြစ်သော ကြည်လင်မှု 'သဒ္ဓါ' မည်သနည်း။

အကြင် ယုံကြည်မှု 'သဒ္ဓါ'၊ ယုံကြည်သောအခြင်းအရာ 'သဒ္ဒဟနာ'၊ သက်ဝင်မှု 'ဩကပ္ပနာ'၊ အလွန်ကြည်လင်မှု 'အဘိပ္ပသာဒ' သည် ရှိ၏။ ဤသဘောကို ခံစားမှု 'ဝေဒနာ'ဟူသော အကြောင်းကြောင့် ဖြစ်သော ကြည်လင်မှု 'သဒ္ဓါ' ဟု ဆိုအပ်၏။

## (၉) အဓိမောက္ခ

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် ကြည်လင်မှု 'သဒ္ဓါ'ဟူသောအကြောင်းကြောင့်ဖြစ်သော ဆုံးဖြတ်မှု 'အဓိမောက္ခ' မည်သနည်း။

အကြင် စိတ်၏ (အာရုံကို) ဆုံးဖြတ်ခြင်း 'အဓိမောက္ခ'၊ ဆုံးဖြတ်သော အခြင်းအရာ 'အဓိမုစ္စနာ'၊ ထို (အာရုံ) ကို ဆုံးဖြတ်တတ်သည်၏အဖြစ် 'တဒမိမုတ္တတာ' သည် ရှိ၏။ ဤသဘောကို ကြည်လင်မှု 'သဒ္ဓါ' ဟူသော အကြောင်းကြောင့်ဖြစ်သော ဆုံးဖြတ်မှု 'အဓိမောက္ခ' ဟု ဆိုအပ်၏။

## (၁၀) ဘဝ

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် ဆုံးဖြတ်မှု 'အမိမောက္ခ' ကြောင့်ဖြစ်သောဘဝ မည်သနည်း။

ဆုံးဖြတ်မှု 'အမိမောက္ခ' ကို ထား၍ ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရက္ခန္ဓာ'၊ သိမှု အစု 'ဝိညာဏက္ခန္ဓာ' သည် ရှိ၏။ ဤသဘောကို ဆုံးဖြတ်မှု 'အမိမောက္ခ' ဟူသော အကြောင်းကြောင့်ဖြစ်သော ဘဝဟု ဆိုအပ်၏။ပ။ ဤသဘောကို ဇာတိဟူသော အကြောင်းကြောင့်ဖြစ်သော အိုခြင်းသေခြင်း 'ဇရာမရဏ' ဟု ဆိုအပ်၏။

ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ထိုတရားတို့၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏'ဟု ဆိုရာ၌ ဤသို့ဤတရားတို့၏ စုရုံးခြင်းသည် ဖြစ်၏၊ အညီအညွတ်ရောက်ခြင်းသည် ဖြစ်၏၊ ပေါင်းရုံးခြင်းသည် ဖြစ်၏၊ ထင်ရှားခြင်းသည် ဖြစ်၏၊ ထို့ကြောင့် "ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ဤတရားတို့၏ ထင်ရှား ဖြစ်ပေါ်မှုသည် ဖြစ်၏" ဟု ဆိုအပ်၏။

**ကုသိုလ်တရားတို့၏ ပဋိစ္စသမုပ္ပါဒ်လှည့်နည်း ပြီး၏**

------

# ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ

## ၁၁ - အဗျာကတတရားတို့၌ ပဋိစ္စသမုပ္ပါဒ် လှည့်နည်း

## အဟိတ်ကာမာဝစရကုသလဝိပါက် စက္ခုဝိညာဏ်စိတ်၌ ပဋိစ္စသမုပ္ပါဒ် လှည့်နည်း

## ၁ - ပစ္စယစတုက္ကနည်း

၃၀၆။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။

အကြင်အခါ၌ ကာမာဝစရကုသိုလ်ကံကို ပြုခဲ့ဆည်းပူးခဲ့၍ ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော ရူပါရုံကိုအာရုံပြုသော အကျိုးဖြစ်သော မြင်သိစိတ် 'စက္ခုဝိညာဏ်'သည် ဖြစ်ဆဲဖြစ်၏။

(၁) ထိုအခါ၌ ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၂) သိမှု 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏။

(၃) နာမ်ကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၄) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၅) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၆) ခံစားမှု 'ဝေဒနာ' ကြောင့် ဘဝသည် ဖြစ်၏။

(၇) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၈) ဇာတိကြောင့်-

(၉) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

------

# ပဋိစ္စသမုပ္ပါဒဝိဘင်

## အင်္ဂါ ၉-ပါး အကျယ်

၃၀၇။ **(၁) သင်္ခါရ**

ထိုအင်္ဂါ ၉-ပါးတို့တွင် အဘယ်တရားသည် ပြုစီရင်မှု 'သင်္ခါရ' မည်သနည်း။

အကြင်စေ့ဆော်မှု 'စေတနာ'၊ ကောင်းစွာစေ့ဆော်မှု 'သဉ္စေတနာ'၊ ကောင်းစွာ စေ့ဆော်တတ်သည်၏ အဖြစ် 'သဉ္စေတယိတတ္တ' သည် ရှိ၏။ ဤသဘောကို ပြုစီရင်မှု 'သင်္ခါရ' ဟု ဆိုအပ်၏။

**(၂) ဝိညာဏ်**

ထိုအင်္ဂါ ၉-ပါးတို့တွင် အဘယ်တရားသည် ပြုစီရင်မှု 'သင်္ခါရ'ကြောင့်ဖြစ်သော သိမှု 'ဝိညာဏ်' မည်သနည်း။

အကြင် ဆန်းကြယ်သောသဘော 'စိတ္တ'၊ သိမှု သဘော 'မန'၊ သိခြင်းသဘော 'မာနသ'။ပ။ ထိုစိတ်အားလျော်သော မြင်သိမှု သဘော 'တဇ္ဇာစက္ခုဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကို ပြုစီရင်မှု 'သင်္ခါရ' ကြောင့်ဖြစ်သော သိမှု 'ဝိညာဏ်' ဟု ဆိုအပ်၏။

**(၃) နာမ်**

ထိုအင်္ဂါ ၉-ပါးတို့တွင် အဘယ်တရားသည် သိမှု 'ဝိညာဏ်' ကြောင့်ဖြစ်သော နာမ် မည်သနည်း။

ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုစီရင်မှု အစု 'သင်္ခါရက္ခန္ဓာ' သည် ရှိ၏။ ဤသဘောကို သိမှု 'ဝိညာဏ်' ကြောင့်ဖြစ်သော နာမ်ဟု ဆိုအပ်၏။

**(၄) ဆဋ္ဌာယတန**

ထိုအင်္ဂါ ၉-ပါးတို့တွင် အဘယ်တရားသည် နာမ်ကြောင့်ဖြစ်သော ခြောက်ခုမြောက် 'မနာယတန' မည်သနည်း။

အကြင် ဆန်းကြယ်သောသဘော 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ်အားလျော်သော မြင်သိမှု သဘော 'တဇ္ဇာစက္ခုဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကို နာမ်ကြောင့်ဖြစ်သော ခြောက်ခုမြောက် 'မနာယတန' ဟု ဆိုအပ်၏။

**(၅) ဖဿ**

ထိုအင်္ဂါ ၉-ပါးတို့တွင် အဘယ်တရားသည် ခြောက်ခုမြောက် 'မနာယတန' ကြောင့် ဖြစ်သော တွေ့ထိမှု 'ဖဿ' မည်သနည်း။

အကြင်တွေ့ထိမှု သဘော 'ဖဿ'၊ တွေ့ထိသောအခြင်းအရာ 'ဖုသနာ'၊ ကောင်းစွာ တွေ့ထိတတ်သော အခြင်းအရာ 'သံဖုသနာ'၊ ကောင်းစွာတွေ့ထိတတ်သည်၏အဖြစ် 'သံဖုသိတတ္တ'သည် ရှိ၏။ ဤသဘောကိုခြောက်ခုမြောက် 'မနာယတန' ကြောင့်ဖြစ်သော တွေ့ထိမှု 'ဖဿ' ဟု ဆိုအပ်၏။

## (၆) ဝေဒနာ

ထိုအင်္ဂါ ၉-ပါးတို့တွင် အဘယ်တရားသည် တွေ့ထိမှု 'ဖဿ'ကြောင့်ဖြစ်သောခံစားမှု 'ဝေဒနာ' မည်သနည်း။

အကြင် စိတ်၌ ဖြစ်သော သာယာဖွယ်လည်းမဟုတ်, မသာယာဖွယ်လည်းမဟုတ်သော သဘောသည်၊ စိတ်အတွေ့ကြောင့်ဖြစ်သော ဆင်းရဲ, ချမ်းသာမဟုတ်သော ခံစားခြင်းသည်၊ စိတ်အတွေ့ကြောင့်ဖြစ်သောဆင်းရဲ, ချမ်းသာမဟုတ်သော ခံစားမှု သဘောသည် ရှိ၏။ ဤသဘောကို တွေ့ထိမှု 'ဖဿ' ကြောင့် ဖြစ်သော ခံစားမှု 'ဝေဒနာ'ဟု ဆိုအပ်၏။

## (၇) ဘဝ

ထိုအင်္ဂါ ၉-ပါးတို့တွင် အဘယ်သည် ခံစားမှု 'ဝေဒနာ'ကြောင့်ဖြစ်သော ဘဝ မည်သနည်း။

ခံစားမှု 'ဝေဒနာ'ကို ထား၍ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရက္ခန္ဓာ'၊ သိမှု အစု 'ဝိညာဏက္ခန္ဓာ' သည် ရှိ၏။ ဤသဘောကို ခံစားမှု 'ဝေဒနာ'ကြောင့်ဖြစ်သော ဘဝဟု ဆိုအပ်၏။ပ။

ထို့ကြောင့် ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏ဟု ဆိုအပ်၏။

------

# ပဋ္ဌိစ္စသမုပ္ပါဒဝိဘင်္ဂ

## ၂ - ဟေတုစတုက္ကနည်း

၃၀၈။ (၁) ထိုအခါ၌ ပြုစီရင်မှု 'သင်္ခါရ' ကြောင့်၊ ပြုစီရင်မှု 'သင်္ခါရ'လျှင်အကြောင်းရှိသော သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၂) သိမှု 'ဝိညာဏ်' ကြောင့်၊ သိမှု 'ဝိညာဏ်'လျှင်အကြောင်းရှိသော နာမ်သည် ဖြစ်၏။

(၃) နာမ်ကြောင့်၊ နာမ်လျှင်အကြောင်းရှိသော ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၄) ခြောက်ခုမြောက် 'မနာယတန' ကြောင့်၊ ခြောက်ခုမြောက် 'မနာယတန'လျှင် အကြောင်းရှိသော တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၅) တွေ့ထိမှု 'ဖဿ' ကြောင့်၊ တွေ့ထိမှု 'ဖဿ'လျှင်အကြောင်းရှိသော ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၆) ခံစားမှု 'ဝေဒနာ' ကြောင့် ဘဝသည် ဖြစ်၏။

(၇) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၈) ဇာတိကြောင့်-

(၉) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည်ဖြစ်၏။

------

# ပဋ္ဌာနပါဠိမြန်မာပြန်

## ၃ - သမ္မယုတ္တစတုက္ကနည်း

၁၀၉။ (၁) ထိုအခါ၌ ပြုစီရင်မှု 'သင်္ခါရ' ကြောင့်၊ ပြုစီရင်မှု 'သင်္ခါရ'နှင့်ယှဉ်သော သိမှု 'ဝိညာဏ်' သည်ဖြစ်၏။

(၂) သိမှု 'ဝိညာဏ်' ကြောင့်၊ သိမှု 'ဝိညာဏ်' နှင့်ယှဉ်သော နာမ်သည် ဖြစ်၏။

(၃) နာမ်ကြောင့်၊ နာမ်နှင့်ယှဉ်သော ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၄) ခြောက်ခုမြောက် 'မနာယတန' ကြောင့်၊ ခြောက်ခုမြောက် 'မနာယတန' နှင့်ယှဉ်သောတွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၅) တွေ့ထိမှု 'ဖဿ' ကြောင့်၊ တွေ့ထိမှု 'ဖဿ' နှင့်ယှဉ်သော ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၆) ခံစားမှု 'ဝေဒနာ' ကြောင့် ဘဝသည် ဖြစ်၏။

(၇) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၈) ဇာတိကြောင့်-

(၉) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

------

# ပဋ္ဌာနစ္စသမုပ္ပါဒဝိဘင်္ဂ

## ၄ - အညမညစတုက္ကနည်း

၃၁၀။ (၁) ထိုအခါ၌ ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏၊ သိမှု 'ဝိညာဏ်' ကြောင့်လည်း ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။

(၂) သိမှု 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏၊ နာမ်ကြောင့်လည်း သိမှု 'ဝိညာဏ်' သည်ဖြစ်၏။

(၃) နာမ်ကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏၊ ခြောက်ခုမြောက် 'မနာယတန' ကြောင့်လည်း နာမ်သည်ဖြစ်၏။

(၄) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏၊ တွေ့ထိမှု 'ဖဿ' ကြောင့်လည်း ခြောက်ခုမြောက် 'မနာယတန' သည်ဖြစ်၏။

(၅) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏၊ ခံစားမှု 'ဝေဒနာ' ကြောင့်လည်း တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၆) ခံစားမှု 'ဝေဒနာ' ကြောင့် ဘဝသည် ဖြစ်၏။

(၇) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၈) ဇာတိကြောင့်-

(၉) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

------

# ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ

## သောတဝိညာဏ် စသည်တို့၌ ပဋိစ္စသမုပ္ပါဒ် လှည့်နည်း

### ၁ - ပစ္စယစတုက္ကနည်း

၃၁၁။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။

အကြင်အခါ၌ ကာမာဝစရကုသိုလ်ကံကို ပြုခဲ့ဆည်းပူးခဲ့၍ ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော သဒ္ဒါရုံကိုအာရုံပြုသော အကျိုးဖြစ်သော ကြားသိစိတ် သောတဝိညာဏ်စိတ်သည် ဖြစ်ဆဲဖြစ်၏။ပ။ (*) ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော ဂန္ဓာရုံကို အာရုံပြုသော နံသိစိတ် 'ဃာနဝိညာဏ်' စိတ်သည် ဖြစ်ဆဲဖြစ်၏။ပ။ (*) ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော ရသာရုံကို အာရုံပြုသော လျက်သိစိတ် 'ဇိဝှါဝိညာဏ်စိတ်'သည်ဖြစ်ဆဲ ဖြစ်၏။ပ။ (*) သုခဝေဒနာနှင့် တကွဖြစ်သော ဖောဋ္ဌဗ္ဗာရုံကို အာရုံပြုသော ထိသိစိတ် 'ကာယဝိညာဏ်စိတ်'သည် ဖြစ်ဆဲ ဖြစ်၏။

(၁) ထိုအခါ၌ ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၂) သိမှု 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏။

(၃) နာမ်ကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၄) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၅) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၆) ခံစားမှု 'ဝေဒနာ' ကြောင့် ဘဝသည် ဖြစ်၏။

(၇) ဘဝကြောင့် ဇာတိသည်ဖြစ်၏။

(၈) ဇာတိကြောင့်-

(၉) အိုခြင်း သေခြင်း 'ဇရာမရဏ'သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

------

# ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ

## အင်္ဂါ ၉-ပါး အကျယ်

၃၁၂။ **(၁) သင်္ခါရ**

ထိုအင်္ဂါ ၉-ပါးတို့တွင် အဘယ်တရားသည် ပြုစီရင်မှု 'သင်္ခါရ' မည်သနည်း။

အကြင် စေ့ဆော်မှု 'စေတနာ'၊ ကောင်းစွာ စေ့ဆော်မှု 'သဉ္စေတနာ'၊ ကောင်းစွာ စေ့ဆော်တတ်သည်၏ အဖြစ် 'သဉ္စေတယိတတ္တ' သည် ရှိ၏။ ဤသဘောကို ပြုစီရင်မှု 'သင်္ခါရ' ဟု ဆိုအပ်၏။ပ။ ဤသဘောကိုခြောက်ခုမြောက် 'မနာယတန' ကြောင့်ဖြစ်သော တွေ့ထိမှု 'ဖဿ' ဟု ဆိုအပ်၏။

**(၆) ဝေဒနာ**

ထိုအင်္ဂါ ၉-ပါးတို့တွင် အဘယ်သည် တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' မည်သနည်း။

အကြင် ကိုယ်၌ ဖြစ်သော သာယာမှု ၊ ကိုယ်၌ ဖြစ်သော ချမ်းသာမှု ၊ ကိုယ် အတွေ့ကြောင့် ဖြစ်သော သာယာဖွယ် ကောင်းသော ချမ်းသာသော ခံစားမှု ၊ ကိုယ်အတွေ့ကြောင့်ဖြစ်သော သာယာဖွယ်ကောင်းသော ချမ်းသာသော ခံစားခြင်းသဘောသည် ရှိ၏။ ဤသဘောကို တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ'ဟု ဆိုအပ်၏။

**(၇) ဘဝ**

ထိုအင်္ဂါ ၉-ပါးတို့တွင် အဘယ်သည် ခံစားမှု 'ဝေဒနာ 'ကြောင့်ဖြစ်သော ဘဝ မည်သနည်း။

ခံစားမှု 'ဝေဒနာ'ကို ထား၍ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရက္ခန္ဓာ'၊ သိမှု အစု 'ဝိညာဏက္ခန္ဓာ' သည် ရှိ၏။ ဤသဘောကို ခံစားမှု 'ဝေဒနာ' ကြောင့်ဖြစ်သော ဘဝဟု ဆိုအပ်၏။ပ။ (*) ထို့ကြောင့် "ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည်ဖြစ်၏" ဟု ဆိုအပ်၏။

------

# ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ

## သမ္ပယုတ္တဆိုင်ရာ မနောဓာတ်၌ ပဋိစ္စသမုပ္ပါဒ် လှည့်နည်း

### ၁ - ပစ္စယစတုက္ကနည်း

၃၁၃။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။

အကြင်အခါ၌ ကာမာဝစရကုသိုလ်ကံကို ပြုခဲ့ဆည်းပူးခဲ့၍ ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော ရူပါရုံကိုလည်း အာရုံပြုသော၊ သဒ္ဒါရုံကိုလည်း အာရုံပြုသော၊ ဂန္ဓာရုံကိုလည်း အာရုံပြုသော၊ ရသာရုံကိုလည်း အာရုံပြုသော၊ ဖောဋ္ဌဗ္ဗာရုံကိုလည်း အာရုံပြုသော၊ အမှတ်မရှိသော အာရုံကိုလည်း အာရုံပြုသော၊ အကျိုးဖြစ်သော သိကာမျှဖြစ်သော သမ္ပဋိစ္ဆိုန်း ခေါ် မနောဓာတ်သည် ဖြစ်ဆဲဖြစ်၏။

(၁) ထိုအခါ၌ ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၂) သိမှု 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏။

(၃) နာမ်ကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၄) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၅) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၆) ခံစားမှု 'ဝေဒနာ' ကြောင့် ဆုံးဖြတ်မှု 'အဓိမောက္ခ' သည် ဖြစ်၏။

(၇) ဆုံးဖြတ်မှု 'အဓိမောက္ခ' ကြောင့် ဘဝသည် ဖြစ်၏။

(၈) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၉) ဇာတိကြောင့်-

(၁၀) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

------

# ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ

## အင်္ဂါ ၁၀-ပါး အကျယ်

၁၁၄။ **(၁) သင်္ခါရ**

ထိုအင်္ဂါ ၁၀-ပါးတို့တွင် အဘယ်သည် ပြုစီရင်မှု 'သင်္ခါရ' မည်သနည်း။

အကြင် စေ့ဆော်မှု 'စေတနာ'၊ ကောင်းစွာ စေ့ဆော်မှု 'သဉ္စေတနာ'၊ ကောင်းစွာ စေ့ဆော်တတ်သည်၏ အဖြစ် 'သဉ္စေတယိတတ္တ' သည် ရှိ၏။ ဤသဘောကို ပြုစီရင်မှု 'သင်္ခါရ'ဟု ဆိုအပ်၏။

**(၂) ဝိညာဏ်**

ထိုအင်္ဂါ ၁၀-ပါးတို့တွင် အဘယ်သည် ပြုစီရင်မှု 'သင်္ခါရ' ကြောင့် ဖြစ်သောသိမှု 'ဝိညာဏ်' မည်သနည်း။

အကြင် ဆန်းကြယ်ခြင်းသဘော 'စိတ္တ'၊ သိမှု သဘော 'မန'၊ သိခြင်းသဘော 'မာနသ'။ပ။ ထိုစိတ်အားလျော်သော သိမှု သဘော 'တဇ္ဇာမနောဓာတ်' သည် ရှိ၏။ ဤသဘောကို ပြုစီရင်မှု 'သင်္ခါရ' ကြောင့်ဖြစ်သော သိမှု 'ဝိညာဏ်' ဟု ဆိုအပ်၏။ပ။ ဤသဘောကို ခြောက်ခုမြောက် 'မနာယတန' ကြောင့်ဖြစ်သော တွေ့ထိမှု 'ဖဿ' ဟု ဆိုအပ်၏။

**(၆) ဝေဒနာ**

ထိုအင်္ဂါ ၁၀-ပါးတို့တွင် အဘယ်သည် တွေ့ထိမှု 'ဖဿ'ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' မည်သနည်း။

အကြင် စိတ်၌ ဖြစ်သော သာယာဖွယ်လည်းမဟုတ်, မသာယာဖွယ်လည်းမဟုတ်သော သဘောသည်၊ စိတ်အတွေ့ကြောင့်ဖြစ်သော ဆင်းရဲ, ချမ်းသာမဟုတ်သော ခံစားခြင်းသည်၊ စိတ်အတွေ့ကြောင့်ဖြစ်သောဆင်းရဲ, ချမ်းသာမဟုတ်သော ခံစားမှု သဘောသည် ရှိ၏။ ဤသဘောကိုတွေ့ထိမှု 'ဖဿ' ကြောင့် ဖြစ်သော ခံစားမှု 'ဝေဒနာ'ဟု ဆိုအပ်၏။

**(၇) အဓိမောက္ခ**

ထိုအင်္ဂါ ၁၀-ပါးတို့တွင် အဘယ်သည် ခံစားမှု 'ဝေဒနာ' ကြောင့်ဖြစ်သော ဆုံးဖြတ်မှု 'အဓိမောက္ခ' မည်သနည်း။

အကြင်စိတ်၏ (အာရုံကို) ဆုံးဖြတ်မှု 'အဓိမောက္ခ'၊ ဆုံးဖြတ်သောအခြင်းအရာ 'အဓိမုစ္စနာ'၊ ထိုအာရုံကို ဆုံးဖြတ်တတ်သည်၏အဖြစ် 'တဒဓိမုတ္တတာ' သည် ရှိ၏။ ဤသဘောကို ခံစားမှု 'ဝေဒနာ' ကြောင့် ဖြစ်သော ဆုံးဖြတ်မှု 'အဓိမောက္ခ' ဟု ဆိုအပ်၏။

**(၈) ဘဝ**

ထိုအင်္ဂါ ၁၀-ပါးတို့တွင် အဘယ်သည် ဆုံးဖြတ်မှု 'အဓိမောက္ခ' ကြောင့်ဖြစ်သောဘဝ မည်သနည်း။

ဆုံးဖြတ်မှု 'အဓိမောက္ခ'ကို ထား၍ ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရက္ခန္ဓာ'၊ သိမှု အစု 'ဝိညာဏက္ခန္ဓာ' သည် ရှိ၏။ ဤသဘောကို ဆုံးဖြတ်မှု 'အဓိမောက္ခ'ကြောင့် ဖြစ်သော ဘဝဟု ဆိုအပ်၏။ပ။ (*) ထို့ကြောင့် "ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏"ဟု ဆိုအပ်၏။

------

# ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ

## သောမနဿ သန္တီရဏစိတ်၌ ပဋိစ္စသမုပ္ပါဒ် လှည့်နည်း

### ၁ - ပစ္စယစတုက္ကနည်း

၃၁၅။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။

အကြင်အခါ၌ ကာမာဝစရကုသိုလ်ကံကို ပြုခဲ့ဆည်းပူးခဲ့၍ ရူပါရုံကိုလည်း အာရုံပြုသော၊ သဒ္ဒါရုံကိုလည်း အာရုံပြုသော၊ ဂန္ဓာရုံကိုလည်း အာရုံပြုသော၊ ရသာရုံကိုလည်း အာရုံပြုသော၊ ဖောဋ္ဌဗ္ဗာရုံကိုလည်း အာရုံပြုသော၊ ဓမ္မာရုံကိုလည်း အာရုံပြုသော၊ အမှတ်မရှိသော အာရုံကိုလည်း အာရုံပြုသော သောမနဿဝေဒနာနှင့် တကွဖြစ်သော ဝိပါက်ဖြစ်သော မနောဝိညာဏဓာတ် ခေါ် 'သန္တီရဏစိတ်' သည် ဖြစ်ဆဲဖြစ်၏။

(၁) ထိုအခါ၌ ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၂) သိမှု 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏။

(၃) နာမ်ကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၄) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၅) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၆) ခံစားမှု 'ဝေဒနာ' ကြောင့် ဆုံးဖြတ်မှု 'အဓိမောက္ခ' သည် ဖြစ်၏။

(၇) ဆုံးဖြတ်မှု 'အဓိမောက္ခ' ကြောင့် ဘဝသည် ဖြစ်၏။

(၈) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၉) ဇာတိကြောင့်-

(၁၀) အိုခြင်း သေခြင်း 'ဇရာမရဏ'သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

------

# ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ

## အင်္ဂါ ၁၀-ပါး အကျယ်

၃၁၆။ **(၁) သင်္ခါရ**

ထိုအင်္ဂါ ၁၀-ပါးတို့တွင် အဘယ်သည် ပြုစီရင်မှု 'သင်္ခါရ' မည်သနည်း။

အကြင်စေ့ဆော်မှု 'စေတနာ'၊ ကောင်းစွာစေ့ဆော်မှု 'သဉ္စေတနာ'၊ ကောင်းစွာ စေ့ဆော်တတ်သည်၏ အဖြစ် 'သဉ္စေတယိတတ္တ' သည် ရှိ၏။ ဤသဘောကို ပြုစီရင်မှု 'သင်္ခါရ' ဟု ဆိုအပ်၏။

**(၂) ဝိညာဏ်**

ထိုအင်္ဂါ ၁၀-ပါးတို့တွင် အဘယ်သည် ပြုစီရင်မှု 'သင်္ခါရ' ကြောင့်ဖြစ်သောသိမှု 'ဝိညာဏ်' မည်သနည်း။

အကြင်ဆန်းကြယ်မှု သဘော 'စိတ္တ'၊ သိမှု သဘော 'မန'၊ သိခြင်းသဘော 'မာနသ'။ပ။ ထိုစိတ်အားလျော်သော သိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကို ပြုစီရင်မှု 'သင်္ခါရ' ကြောင့် ဖြစ်သော သိမှု 'ဝိညာဏ်' ဟု ဆိုအပ်၏။ပ။ ဤသဘောကို ခြောက်ခုမြောက် 'မနာယတန' ကြောင့် ဖြစ်သော တွေ့ထိမှု 'ဖဿ' ဟု ဆိုအပ်၏။

**(၆) ဝေဒနာ**

ထိုအင်္ဂါ ၁၀-ပါးတို့တွင် အဘယ်သည် တွေ့ထိမှု 'ဖဿ' ကြောင့် ဖြစ်သောခံစားမှု 'ဝေဒနာ' မည်သနည်း။

အကြင်စိတ်၌ ဖြစ်သော သာယာမှု ၊ စိတ်၌ ဖြစ်သော ချမ်းသာမှု ၊ စိတ်အတွေ့ကြောင့်ဖြစ်သော သာယာဖွယ် ကောင်းသော ချမ်းသာသော ခံစားမှု ၊ စိတ်အတွေ့ကြောင့်ဖြစ်သော သာယာဖွယ် ကောင်းသော ချမ်းသာသော ခံစားခြင်းသဘောသည် ရှိ၏။ ဤသဘောကို တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' ဟု ဆိုအပ်၏။

**(၇) အဓိမောက္ခ**

ထိုအင်္ဂါ ၁၀-ပါးတို့တွင် အဘယ်သည် ခံစားမှု 'ဝေဒနာ'ကြောင့်ဖြစ်သော ဆုံးဖြတ်မှု 'အဓိမောက္ခ' မည် သနည်း။

အကြင်စိတ်၏ (အာရုံကို) ဆုံးဖြတ်မှု 'အဓိမောက္ခ'၊ ဆုံးဖြတ်သောအခြင်းအရာ 'အဓိမုစ္စနာ'၊ ထို (အာရုံကို) ဆုံးဖြတ်တတ်သည်၏အဖြစ် 'တဒဓိမုတ္တတာ' သည် ရှိ၏။ ဤသဘောကိုခံစားမှု 'ဝေဒနာ' ကြောင့် ဖြစ်သော ဆုံးဖြတ်မှု 'အဓိမောက္ခ' ဟု ဆိုအပ်၏။

**(၈) ဘဝ**

ထိုအင်္ဂါ ၁၀-ပါးတို့တွင် အဘယ်သည် ဆုံးဖြတ်မှု 'အဓိမောက္ခ' ကြောင့်ဖြစ်သော ဘဝ မည်သနည်း။

ဆုံးဖြတ်မှု 'အဓိမောက္ခ'ကို ထား၍ ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရက္ခန္ဓာ'၊ သိမှု အစု 'ဝိညာဏက္ခန္ဓာ' သည် ရှိ၏။ ဤသဘောကို ဆုံးဖြတ်မှု 'အဓိမောက္ခ' ကြောင့်ဖြစ်သော ဘဝဟု ဆိုအပ်၏။ပ။ (*) ထို့ကြောင့် "ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည်ဖြစ်၏" ဟု ဆိုအပ်၏။

------

# ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ

## ဥပေက္ခာသန္တီရဏစိတ်၌ ပဋိစ္စသမုပ္ပါဒ် လှည့်နည်း

### ၁ - ပစ္စယစတုက္ကနည်း

၃၁၇။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။

အကြင်အခါ၌ ကာမာဝစရကုသိုလ်ကံကို ပြုခဲ့ဆည်းပူးခဲ့၍ ရူပါရုံကိုလည်း အာရုံပြုသော၊ သဒ္ဒါရုံကိုလည်း အာရုံပြုသော၊ ဂန္ဓာရုံကိုလည်း အာရုံပြုသော၊ ရသာရုံကိုလည်း အာရုံပြုသော၊ ဖောဋ္ဌဗ္ဗာရုံကိုလည်း အာရုံပြုသော၊ ဓမ္မာရုံကိုလည်း အာရုံပြုသော၊ အမှတ်မရှိသောအာရုံကိုလည်း အာရုံပြုသော ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော အကျိုးဖြစ်သော မနောဝိညာဏဓာတ်ခေါ် သန္တီရဏစိတ်သည် ဖြစ်ဆဲဖြစ်၏။

(၁) ထိုအခါ၌ ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၂) သိမှု 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏။

(၃) နာမ်ကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၄) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၅) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၆) ခံစားမှု 'ဝေဒနာ' ကြောင့် ဆုံးဖြတ်မှု 'အဓိမောက္ခ' သည် ဖြစ်၏။

(၇) ဆုံးဖြတ်မှု 'အဓိမောက္ခ' ကြောင့် ဘဝသည် ဖြစ်၏။

(၈) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၉) ဇာတိကြောင့်-

(၁၀) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

------

# ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ

## အင်္ဂါ ၁၀-ပါး အကျယ်

၃၁၈။ **(၁) သင်္ခါရ**

ထိုအင်္ဂါ ၁၀-ပါးတို့တွင် အဘယ်သည် ပြုစီရင်မှု 'သင်္ခါရ' မည်သနည်း။

အကြင် စေ့ဆော်မှု 'စေတနာ'၊ ကောင်းစွာ စေ့ဆော်မှု 'သဉ္စေတနာ'၊ ကောင်းစွာ စေ့ဆော် တတ်သည်၏ အဖြစ် 'သဉ္စေတယိတတ္တ' သည် ရှိ၏။ ဤသဘောကို ပြုစီရင်မှု 'သင်္ခါရ' ဟု ဆိုအပ်၏။

**(၂) ဝိညာဏ်**

ထိုအင်္ဂါ ၁၀-ပါးတို့တွင် အဘယ်သည် ပြုစီရင်မှု 'သင်္ခါရ' ကြောင့်ဖြစ်သောသိမှု 'ဝိညာဏ်' မည်သနည်း။

အကြင် ဆန်းကြယ်သောသဘော 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ်အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကို ပြုစီရင်မှု 'သင်္ခါရ' ကြောင့် ဖြစ်သော သိမှု 'ဝိညာဏ်' ဟု ဆိုအပ်၏။ပ။ ဤသဘောကို ခြောက်ခုမြောက် 'မနာယတန' ကြောင့် ဖြစ်သော တွေ့ထိမှု 'ဖဿ' ဟု ဆိုအပ်၏။

**(၆) ဝေဒနာ**

ထိုအင်္ဂါ ၁၀-ပါးတို့တွင် အဘယ်သည် တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သောခံစားမှု 'ဝေဒနာ' မည်သနည်း။

အကြင် စိတ်၌ ဖြစ်သော သာယာဖွယ်လည်းမဟုတ်, မသာယာဖွယ်လည်းမဟုတ်သော သဘောသည်၊ စိတ် အတွေ့ကြောင့်ဖြစ်သော ဆင်းရဲ, ချမ်းသာမဟုတ်သော ခံစားခြင်းသည်၊ စိတ်အတွေ့ကြောင့်ဖြစ်သောဆင်းရဲ, ချမ်းသာမဟုတ်သော ခံစားမှု သဘောသည် ရှိ၏။ ဤသဘောကို တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ'ဟု ဆိုအပ်၏။

**(၇) အဓိမောက္ခ**

ထိုအင်္ဂါ ၁၀-ပါးတို့တွင် အဘယ်သည် ခံစားမှု 'ဝေဒနာ'ကြောင့် ဖြစ်သောဆုံးဖြတ်မှု 'အဓိမောက္ခ' မည် သနည်း။

အကြင်စိတ်၏ (အာရုံကို) ဆုံးဖြတ်မှု 'အဓိမောက္ခ'၊ ဆုံးဖြတ်သောအခြင်းအရာ 'အဓိမုစ္စနာ'၊ ထို (အာရုံကို) ဆုံးဖြတ်တတ်သည်၏ အဖြစ် 'တဒဓိမုတ္တတာ' သည် ရှိ၏။ ဤသဘောကို ခံစားမှု 'ဝေဒနာ' ကြောင့် ဖြစ်သော ဆုံးဖြတ်မှု 'အဓိမောက္ခ' ဟု ဆိုအပ်၏။

**(၈) ဘဝ**

ထိုအင်္ဂါ ၁၀-ပါးတို့တွင် အဘယ်သည် ဆုံးဖြတ်မှု 'အဓိမောက္ခ'ကြောင့်ဖြစ်သော ဘဝ မည်သနည်း။

ဆုံးဖြတ်မှု 'အဓိမောက္ခ' ကိုထား၍ ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရက္ခန္ဓာ'၊ သိမှု အစု 'ဝိညာဏက္ခန္ဓာ'သည် ရှိ၏။ ဤသဘောကို ဆုံးဖြတ်မှု 'အဓိမောက္ခ' ကြောင့်ဖြစ်သော ဘဝဟု ဆိုအပ်၏။ပ။

ထို့ကြောင့် "ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည်ဖြစ်၏" ဟု ဆိုအပ်၏။

# ပဋ္ဌာနသမုပ္ပါဒဝိဘင်္ဂ

## မဟာဝိပါက်စိတ် ၈-ခုတို့၌ ပဋိစ္စသမုပ္ပါဒ် လှည့်နည်း

## ၁ - ပစ္စယစတုက္ကနည်း

၃၁၉။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။

အကြင်အခါ၌ ကာမာဝစရကုသိုလ်ကံကို ပြုခဲ့ဆည်းပူးခဲ့၍ သောမနဿဝေဒနာနှင့် တကွဖြစ်သော၊ ဉာဏ်နှင့် ယှဉ်သော၊ (တိုက်တွန်းခြင်းမရှိသော)၊ အကျိုးဖြစ်သော မနောဝိညာဏဓာတ်ခေါ် မဟာဝိပါက်စိတ်သည် ဖြစ်ဆဲ ဖြစ်၏။ပ။ (*) သောမနဿဝေဒနာနှင့် တကွဖြစ်သော၊ ဉာဏ်နှင့်ယှဉ်သော၊ တိုက်တွန်းခြင်းနှင့် တကွဖြစ်သော။ပ။ (*) သောမနဿဝေဒနာနှင့် တကွဖြစ်သော၊ ဉာဏ်နှင့် မယှဉ်သော။ပ။ (*) သောမနဿဝေဒနာနှင့် တကွဖြစ်သော၊ ဉာဏ်နှင့်မယှဉ်သော၊ တိုက်တွန်းခြင်းနှင့် တကွ ဖြစ်သော။ပ။ (*) ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော၊ ဉာဏ်နှင့်ယှဉ်သော။ပ။

ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော၊ ဉာဏ်နှင့်ယှဉ်သော၊ တိုက်တွန်းခြင်းနှင့် တကွဖြစ်သော။ပ။ (*) ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော၊ ဉာဏ်နှင့်မယှဉ်သော။ပ။ (*) ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော၊ ဉာဏ်နှင့် မယှဉ်သော၊ တိုက်တွန်းခြင်းနှင့် တကွဖြစ်သော ရူပါရုံကိုလည်း အာရုံပြုသော။ပ။ ဓမ္မာရုံကိုလည်း အာရုံပြုသော၊ အမှတ်မရှိသောအာရုံကိုလည်း အာရုံပြုသော၊ အကျိုးဖြစ်သော မနောဝိညာဏဓာတ်ခေါ် မဟာဝိပါက်စိတ်သည် ဖြစ်ဆဲဖြစ်၏။

(၁) ထိုအခါ၌ ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၂) သိမှု 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏။

(၃) နာမ်ကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၄) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၅) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၆) ခံစားမှု 'ဝေဒနာ' ကြောင့် ကြည်လင်မှု 'သဒ္ဓါ' သည် ဖြစ်၏။

(၇) ကြည်လင်မှု 'သဒ္ဓါ' ကြောင့် ဆုံးဖြတ်မှု 'အဓိမောက္ခ' သည် ဖြစ်၏။

(၈) ဆုံးဖြတ်မှု 'အဓိမောက္ခ' ကြောင့် ဘဝသည် ဖြစ်၏။

(၉) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၁၀) ဇာတိကြောင့်-

(၁၁) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

------

# ပဋိစ္စသမုပ္ပါဒ၀ိဘင်္ဂ

## အင်္ဂါ ၁၁-ပါး အကျယ်

၃၂၀။ **(၁) သင်္ခါရ**

ထိုအင်္ဂါ ၁၁-ပါးတို့တွင် အဘယ်သည် ပြုစီရင်မှု 'သင်္ခါရ' မည်သနည်း။

အကြင် စေ့ဆော်မှု 'စေတနာ'၊ ကောင်းစွာ စေ့ဆော်ခြင်း 'သဉ္စေတနာ'၊ ကောင်းစွာ စေ့ဆော်တတ်သည်၏ အဖြစ် 'သဉ္စေတယိတတ္တ' သည် ရှိ၏။ ဤသဘောကို ပြုစီရင်မှု 'သင်္ခါရ'ဟု ဆိုအပ်၏။

**(၂) ၀ိညာဏ်**

ထိုအင်္ဂါ ၁၁-ပါးတို့တွင် အဘယ်သည် ပြုစီရင်မှု 'သင်္ခါရ' ကြောင့်ဖြစ်သောသိမှု '၀ိညာဏ်' မည်သနည်း။

အကြင် ဆန်းကြယ်သောသဘော 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ်အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကိုပြုစီရင်မှု 'သင်္ခါရ' ကြောင့် ဖြစ်သော သိမှု '၀ိညာဏ်' ဟု ဆိုအပ်၏။ပ။ ဤသဘောကို တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' ဟု ဆိုအပ်၏။

**(၃) သဒ္ဓါ**

ထိုအင်္ဂါ ၁၁-ပါးတို့တွင် အဘယ်သည် ခံစားမှု 'ဝေဒနာ' ကြောင့်ဖြစ်သောကြည်လင်မှု 'သဒ္ဓါ' မည်သနည်း။

အကြင်ယုံကြည်မှု 'သဒ္ဓါ'၊ ယုံကြည်သောအခြင်းအရာ 'သဒ္ဒဟနာ'၊ သက်ဝင်မှု 'ဩကပ္ပနာ'၊ အလွန်ကြည်လင်မှု 'အဘိပ္ပသာဒ' သည် ရှိ၏။ ဤသဘောကို ခံစားမှု 'ဝေဒနာ'ကြောင့်ဖြစ်သော ကြည်လင်မှု 'သဒ္ဓါ'ဟု ဆိုအပ်၏။

**(၈) အဓိမောက္ခ**

ထိုအင်္ဂါ ၁၁-ပါးတို့တွင် အဘယ်သည် ကြည်လင်မှု 'သဒ္ဓါ'ကြောင့်ဖြစ်သောဆုံးဖြတ်မှု 'အဓိမောက္ခ' မည် သနည်း။

အကြင်စိတ်၏ (အာရုံကို) ဆုံးဖြတ်မှု 'အဓိမောက္ခ'၊ ဆုံးဖြတ်သောအခြင်းအရာ 'အဓိမုစ္စနာ'၊ ထို (အာရုံကို) ဆုံးဖြတ်တတ်သည်၏ အဖြစ် 'တဒဓိမုတ္တတာ' သည် ရှိ၏။ ဤသဘောကို ကြည်လင်မှု 'သဒ္ဓါ' ကြောင့်ဖြစ်သော ဆုံးဖြတ်မှု 'အဓိမောက္ခ' ဟု ဆိုအပ်၏။

**(၉) ဘ၀**

ထိုအင်္ဂါ ၁၁-ပါးတို့တွင် အဘယ်သည် ဆုံးဖြတ်မှု 'အဓိမောက္ခ'ကြောင့်ဖြစ်သောဘ၀ မည်သနည်း။

ဆုံးဖြတ်မှု 'အဓိမောက္ခ'ကို ထား၍ ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရက္ခန္ဓာ'၊ သိမှု အစု '၀ိညာဏက္ခန္ဓာ' သည် ရှိ၏။ ဤသဘောကို ဆုံးဖြတ်မှု 'အဓိမောက္ခ' ကြောင့် ဖြစ်သော ဘ၀ဟု ဆိုအပ်၏။ပ။

ထို့ကြောင့် "ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည်ဖြစ်၏" ဟု ဆိုအပ်၏။

------

# ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ

## ရူပါဝစရဝိပါက်စိတ်၌ ပဋိစ္စသမုပ္ပါဒ် လှည့်နည်း

### ၁ - ပစ္စယစတုက္ကနည်း

၃၂၁။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။

အကြင်အခါ၌ ရူပဘုံ၌ ဖြစ်ရန် ရောက်ကြောင်း (ဈာန်) ကို ပွါးများအားထုတ်၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ပထဝီကသိုဏ်းကို အာရုံပြုသော ပထမဈာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။ မပျံ့လွင့်ခြင်း 'အဝိက္ခေပ' သည် ဖြစ်၏။ ဤတရားတို့သည် ကုသိုလ်တရားတို့ မည်ကုန်၏။ ထိုရူပါဝစရကုသိုလ်ကံကိုသာလျှင် ပြုခဲ့ဆည်းပူးခဲ့၍ ကာမဂုဏ်တို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ပထဝီကသိုဏ်းကို အာရုံပြုသော အကျိုးဖြစ်သော ပထမဈာန်ကို ပြည့်စုံစေ၍ နေ၏။

(၁) ထိုအခါ၌ ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၂) သိမှု 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏။

(၃) နာမ်ကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၄) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၅) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၆) ခံစားမှု 'ဝေဒနာ' ကြောင့် ကြည်လင်မှု 'သဒ္ဓါ' သည် ဖြစ်၏။

(၇) ကြည်လင်မှု 'သဒ္ဓါ' ကြောင့် ဆုံးဖြတ်မှု (အဓိမောက္ခ) သည် ဖြစ်၏။

(၈) ဆုံးဖြတ်မှု (အဓိမောက္ခ) ကြောင့် ဘဝသည် ဖြစ်၏။

(၉) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၁၀) ဇာတိကြောင့်-

(၁၁) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

------

# ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ

## အရူပါဝစရဝိပါက်စိတ်၌ ပဋိစ္စသမုပ္ပါဒ် လှည့်နည်း

## ၁ - ပစ္စယစတုက္ကနည်း

၃၂၂။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။

အကြင်အခါ၌ အရူပဘုံ၌ ဖြစ်ရန် ရောက်ကြောင်းဈာန်ကို ပွါးများအားထုတ်၏၊ အာကိဉ္စညာယတနဈာန်ကို လုံးဝ လွန်မြောက်၍ နေဝသညာနာသညာယတန သညာနှင့် တကွသော၊ ချမ်းသာခြင်း 'သုခ' ကိုလည်း ပယ်ခြင်းကြောင့်။ပ။ စတုတ္ထဈာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်ခြင်း 'အဝိက္ခေပ' သည် ဖြစ်၏။ ဤတရားတို့သည် ကုသိုလ်တရားတို့ မည်ကုန်၏။ ထိုအရူပါဝစရ ကုသိုလ်ကံကိုသာလျှင် ပြုခဲ့ဆည်းပူးခဲ့၍ အာကိဉ္စညာယတနဈာန်ကို လုံးဝ လွန်မြောက်၍ နေဝသညာနာသညာယတန သညာနှင့်တကွသော၊ ချမ်းသာမှု 'သုခ'ကိုလည်း ပယ်ခြင်းကြောင့်။ပ။ အကျိုးဖြစ်သော စတုတ္ထဈာန်ကို ပြည့်စုံစေ၍ နေ၏။

(၁) ထိုအခါ၌ ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၂) သိမှု 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏။

(၃) နာမ်ကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၄) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၅) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၆) ခံစားမှု 'ဝေဒနာ' ကြောင့် ကြည်လင်မှု 'သဒ္ဓါ' သည် ဖြစ်၏။

(၇) ကြည်လင်မှု 'သဒ္ဓါ' ကြောင့် ဆုံးဖြတ်မှု (အဓိမောက္ခ) သည် ဖြစ်၏။

(၈) ဆုံးဖြတ်မှု (အဓိမောက္ခ) ကြောင့် ဘဝသည် ဖြစ်၏။

(၉) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၁၀) ဇာတိကြောင့်-

(၁၁) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

------

# ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ

## လောကုတ္တရာဝိပါက်စိတ်၌ ပဋိစ္စသမုပ္ပါဒ် လှည့်နည်း

### ၁ - ပစ္စယစတုက္ကနည်း

၃၂၃။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။

အကြင်အခါ၌ ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော၊ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော သက္ကာယဒိဋ္ဌိ စသော တရားတို့ကို ပယ်ရန်၊ ပဌမဘုံ (သောတာပန်အဆင့်) သို့ ရောက်ရန် လောကုတ္တရာစျာန် တရားကို ပွါးများ အားထုတ်၏။ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲသော အကျင့် ရှိသော, နှံ့နှေးသော အသိဉာဏ်ရှိသော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏၊ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။

မပျံ့လွင့်ခြင်း 'အဝိက္ခေပ' သည် ဖြစ်၏။ ဤတရားတို့သည် ကုသိုလ်တရားတို့ မည်ကုန်၏။ ထိုလောကုတ္တရာ ကုသိုလ်စျာန်ကိုသာလျှင် ဆည်းပူးပြုလုပ် အားထုတ်ခဲ့၍ ကာမတို့မှ ကင်းဆိတ်၍ သာလျှင်။ပ။ ဆင်းရဲသော အကျင့်ရှိသော, နှံ့နှေးသော အသိဉာဏ်ရှိသော ပဌမစျာန်ဝိပါတ်ကို ပြည့်စုံ၍ နေ၏။

(၁) ထိုအခါ၌ ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်'သည် ဖြစ်၏။

(၂) သိမှု 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏။

(၃) နာမ်ကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၄) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၅) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၆) ခံစားမှု 'ဝေဒနာ' ကြောင့် ကြည်လင်မှု 'သဒ္ဓါ' သည် ဖြစ်၏။

(၇) ကြည်လင်မှု 'သဒ္ဓါ' ကြောင့် ဆုံးဖြတ်မှု 'အဓိမောက္ခ'သည် ဖြစ်၏။

(၈) ဆုံးဖြတ်မှု (အဓိမောက္ခ) ကြောင့် ဘဝသည် ဖြစ်၏။

(၉) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၁၀) ဇာတိကြောင့်-

(၁၁) အိုခြင်း သေခြင်း 'ဇရာမရဏ'သည် ဖြစ်၏။

ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ဤတရားတို့ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။ (*)

------

# ပဋိစ္စသမုပ္ပါဒ၀ိဘင်္ဂ

## အကုသလ၀ိပါက်စိတ်ငါးခု၌ ပဋိစ္စသမုပ္ပါဒ် လှည့်နည်း

### ၁ - ပစ္စယစတုက္ကနည်း

၃၂၄။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။

အကြင်အခါ၌ အကုသိုလ်ကံကို ပြုခဲ့ဆည်းပူးခဲ့၍ ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော၊ ရူပါရုံကိုလည်း အာရုံပြုသော၊ အကျိုးဖြစ်သော စက္ခုဝိညာဏ်စိတ်သည် ဖြစ်ဆဲဖြစ်၏။ပ။ (*) ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော၊ သဒ္ဒါရုံကိုလည်းအာရုံပြုသော၊ အကျိုးဖြစ်သော သောတဝိညာဏ်စိတ်သည် ဖြစ်ဆဲဖြစ်၏။ပ။ (*) ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော၊ ဂန္ဓာရုံကိုလည်းအာရုံပြုသော၊ အကျိုးဖြစ်သော ဃာနဝိညာဏ်စိတ်သည် ဖြစ်ဆဲဖြစ်၏။ပ။ (*) ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော၊ ရသာရုံကိုလည်း အာရုံပြုသော၊ အကျိုးဖြစ်သော ဇိဝှာဝိညာဏ်စိတ်သည် ဖြစ်ဆဲဖြစ်၏။ပ။ (*) ဒုက္ခဝေဒနာနှင့် တကွဖြစ်သော၊ ဖောဋ္ဌဗ္ဗာရုံကိုလည်းအာရုံပြုသော၊ အကျိုးဖြစ်သော ကာယဝိညာဏ်စိတ်သည် ဖြစ်ဆဲဖြစ်၏။

(၁) ထိုအခါ၌ ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၂) သိမှု 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏။

(၃) နာမ်ကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၄) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၅) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၆) ခံစားမှု 'ဝေဒနာ' ကြောင့် ဘဝသည် ဖြစ်၏။

(၇) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၈) ဇာတိကြောင့်-

(၉) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

------

# ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ

## အင်္ဂါ ၉-ပါး အကျယ်

၃၂၅။ **(၁) သင်္ခါရ**

ထိုအင်္ဂါ ၉-ပါးတို့တွင် အဘယ်သည် ပြုစီရင်မှု 'သင်္ခါရ' မည်သနည်း။

အကြင်စေ့ဆော်မှု 'စေတနာ'၊ ကောင်းစွာစေ့ဆော်ခြင်း 'သဉ္စေတနာ'၊ ကောင်းစွာ စေ့ဆော်တတ်သည်၏ အဖြစ် 'သဉ္စေတယိတတ္တ' သည် ရှိ၏။ ဤသဘောကို ပြုစီရင်မှု 'သင်္ခါရ' ဟု ဆိုအပ်၏။

**(၂) ဝိညာဏ်**

ထိုအင်္ဂါ ၉-ပါးတို့တွင် အဘယ်သည် ပြုစီရင်မှု 'သင်္ခါရ' ကြောင့်ဖြစ်သောသိမှု 'ဝိညာဏ်' မည်သနည်း။

အကြင်ဆန်းကြယ်သောသဘော 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ်အားလျော်သော ကိုယ်၌ သိမှု သဘော 'တဇ္ဇာကာယဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကို ပြုစီရင်မှု 'သင်္ခါရ' ကြောင့် ဖြစ်သော သိမှု 'ဝိညာဏ်' ဟု ဆိုအပ်၏။ပ။ ဤသဘောကို ခြောက်ခုမြောက် 'မနာယတန' ကြောင့်ဖြစ်သော တွေ့ထိမှု 'ဖဿ' ဟု ဆိုအပ်၏။

**(၆) ဝေဒနာ**

ထိုအင်္ဂါ ၉-ပါးတို့တွင် အဘယ်သည် တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' မည်သနည်း။

အကြင်ကိုယ်၌ ဖြစ်သော မသာယာမှု ၊ ကိုယ်၌ ဖြစ်သော ဆင်းရဲမှု ၊ ကိုယ်အတွေ့ကြောင့် ဖြစ်သော မသာယာမှု, ဆင်းရဲမှုကို ခံစားခြင်း၊ ကိုယ်အတွေ့ကြောင့်ဖြစ်သော မသာယာမှု, ဆင်းရဲမှုကို ခံစားသော သဘောသည် ရှိ၏။ ဤသဘောကို တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' ဟု ဆိုအပ်၏။

**(၇) ဘဝ**

ထိုအင်္ဂါ ၉-ပါးတို့တွင် အဘယ်သည် ခံစားမှု 'ဝေဒနာ' ကြောင့်ဖြစ်သော ဘဝ မည်သနည်း။

ခံစားမှု 'ဝေဒနာ'ကို ထား၍ မှတ်သားမှု 'သညာက္ခန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရက္ခန္ဓာ'၊ သိမှု အစု 'ဝိညာဏက္ခန္ဓာ' သည် ရှိ၏။ ဤသဘောကို ခံစားမှု 'ဝေဒနာ' ကြောင့်ဖြစ်သော ဘဝဟု ဆိုအပ်၏။ပ။ (*) ထို့ကြောင့် "ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏"ဟု ဆိုအပ်၏။ (*)

------

# ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ

## အကုသလဝိပါက် သမ္ပဋိစ္ဆိုန်းစိတ်၌ ပဋိစ္စသမုပ္ပါဒ် လှည့်နည်း

### ၁ - ပစ္စယစတုက္ကနည်း

၃၂၆။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။

အကြင်အခါ၌ အကုသိုလ်ကံကို ပြုခဲ့ဆည်းပူးခဲ့၍ ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော ရူပါရုံကိုလည်း အာရုံပြုသော၊ သဒ္ဒါရုံကိုလည်း အာရုံပြုသော၊ ဂန္ဓာရုံကိုလည်း အာရုံပြုသော၊ ရသာရုံကိုလည်း အာရုံပြုသော၊ ဖောဋ္ဌဗ္ဗာရုံကိုလည်း အာရုံပြုသော၊ အမှတ်မရှိသော အာရုံကိုလည်း အာရုံပြု၍ဖြစ်သော အကျိုးဖြစ်သော သမ္ပဋိစ္ဆိုန်း ခေါ် မနောဓာတ်သည် ဖြစ်ဆဲဖြစ်၏။

(၁) ထိုအခါ၌ ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၂) သိမှု 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏။

(၃) နာမ်ကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၄) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၅) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၆) ခံစားမှု 'ဝေဒနာ' ကြောင့် ဆုံးဖြတ်မှု 'အဓိမောက္ခ' သည် ဖြစ်၏။

(၇) ဆုံးဖြတ်မှု 'အဓိမောက္ခ' ကြောင့် ဘဝသည် ဖြစ်၏။

(၈) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၉) ဇာတိကြောင့်-

(၁၀) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

------

# ပဋိစ္စသမုပ္ပါဒဝိဘင်

## အင်္ဂါ ၁၀-ပါး အကျယ်

၃၂၇။ **(၁) သင်္ခါရ**

ထိုအင်္ဂါ ၁၀-ပါးတို့တွင် အဘယ်သည် ပြုစီရင်မှု 'သင်္ခါရ' မည်သနည်း။

အကြင် စေ့ဆော်မှု 'စေတနာ'၊ ကောင်းစွာစေ့ဆော်မှု 'သဉ္စေတနာ'၊ ကောင်းစွာ စေ့ဆော်တတ်သည်၏ အဖြစ် 'သဉ္စေတယိတတ္တ' သည် ရှိ၏။ ဤသဘောကို ပြုစီရင်မှု 'သင်္ခါရ'ဟု ဆိုအပ်၏။

**(၂) ဝိညာဏ်**

ထိုအင်္ဂါ ၁၀-ပါးတို့တွင် အဘယ်သည် ပြုစီရင်မှု 'သင်္ခါရ' ကြောင့်ဖြစ်သောသိမှု 'ဝိညာဏ်' မည်သနည်း။

အကြင် ဆန်းကြယ်သောသဘော 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ်အားလျော်သော သိကာမျှသဘော 'တဇ္ဇာမနောဓာတ်' သည် ရှိ၏။ ဤသဘောကို ပြုစီရင်မှု 'သင်္ခါရ' ကြောင့်ဖြစ်သော သိမှု 'ဝိညာဏ်' ဟု ဆိုအပ်၏။ပ။ ဤသဘောကို ခြောက်ခုမြောက် 'မနာယတန' ကြောင့်ဖြစ်သော တွေ့ထိမှု 'ဖဿ'ဟု ဆိုအပ်၏။

**(၆) ဝေဒနာ**

ထိုအင်္ဂါ ၁၀-ပါးတို့တွင် အဘယ်သည် တွေ့ထိမှု 'ဖဿ'ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' မည်သနည်း။

အကြင် စိတ်၌ ဖြစ်သော သာယာဖွယ်လည်း မဟုတ်, မသာယာဖွယ်လည်း မဟုတ်သော သဘောသည်၊ စိတ်အတွေ့ကြောင့်ဖြစ်သော ဆင်းရဲ, ချမ်းသာမဟုတ်သော ခံစားခြင်းသည်၊ စိတ်အတွေ့ကြောင့်ဖြစ်သောဆင်းရဲ, ချမ်းသာမဟုတ်သော ခံစားမှု သဘောသည် ရှိ၏။ ဤသဘောကို တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ'ဟု ဆိုအပ်၏။

**(၇) အဓိမောက္ခ**

ထိုအင်္ဂါ ၁၀-ပါးတို့တွင် အဘယ်သည် ခံစားမှု 'ဝေဒနာ' ကြောင့်ဖြစ်သောဆုံးဖြတ်မှု 'အဓိမောက္ခ' မည် သနည်း။

အကြင်စိတ်၏ (အာရုံကို) ဆုံးဖြတ်မှု 'အဓိမောက္ခ'၊ ဆုံးဖြတ်သောအခြင်းအရာ 'အဓိမုစ္စနာ'၊ ထို (အာရုံ) ကို ဆုံးဖြတ်တတ်သည်၏ အဖြစ် 'တဒဓိမုတ္တတာ' သည် ရှိ၏။ ဤသဘောကို ခံစားမှု 'ဝေဒနာ' ကြောင့်ဖြစ်သော ဆုံးဖြတ်မှု 'အဓိမောက္ခ' ဟု ဆိုအပ်၏။

**(၈) ဘဝ**

ထိုအင်္ဂါ ၁၀-ပါးတို့တွင် အဘယ်သည် ဆုံးဖြတ်မှု 'အဓိမောက္ခ' ကြောင့်ဖြစ်သောဘဝ မည်သနည်း။

ဆုံးဖြတ်မှု 'အဓိမောက္ခ'ကိုထား၍ ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရက္ခန္ဓာ'၊ သိမှု အစု 'ဝိညာဏက္ခန္ဓာ' သည် ရှိ၏။ ဤသဘောကို ဆုံးဖြတ်မှု 'အဓိမောက္ခ' ကြောင့်ဖြစ်သော ဘဝဟု ဆိုအပ်၏။ပ။ (*) ထို့ကြောင့် 'ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည်ဖြစ်၏'ဟု ဆိုအပ်၏။

------

## ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ

### အကုသလဝိပါက် သန္တီရဏစိတ်၌ ပဋိစ္စသမုပ္ပါဒ် လှည့်နည်း

### ၁ - ပစ္စယစတုက္ကနည်း

၃၂၈။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။

အကြင်အခါ၌ အကုသိုလ်ကံကို ပြုခဲ့ဆည်းပူးခဲ့၍ ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော ရူပါရုံကိုလည်း အာရုံပြုသော။ပ။ ဓမ္မာရုံကိုလည်း အာရုံပြုသော၊ အမှတ်မရှိသောအာရုံကိုလည်း အာရုံပြုသော၊ အကျိုးဖြစ်သော သန္တီရဏခေါ် မနောဝိညာဏဓာတ်သည် ဖြစ်ဆဲဖြစ်၏။

(၁) ထိုအခါ၌ ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၂) သိမှု 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏။

(၃) နာမ်ကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၄) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၅) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၆) ခံစားမှု 'ဝေဒနာ' ကြောင့် ဆုံးဖြတ်မှု 'အဓိမောက္ခ' သည် ဖြစ်၏။

(၇) ဆုံးဖြတ်မှု 'အဓိမောက္ခ' ကြောင့် ဘဝသည် ဖြစ်၏။

(၈) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၉) ဇာတိကြောင့်-

(၁၀) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

------

# ပဋိစ္စသမုပ္ပါဒဝိဘင်

## အင်္ဂါ ၁၀-ပါး အကျယ်

၃၂၉။ **(၁) သင်္ခါရ**

ထိုအင်္ဂါ ၁၀-ပါးတို့တွင် အဘယ်သည် ပြုစီရင်မှု 'သင်္ခါရ' မည်သနည်း။

အကြင်စေ့ဆော်မှု 'စေတနာ'၊ ကောင်းစွာစေ့ဆော်မှု 'သဉ္စေတနာ'၊ ကောင်းစွာ စေ့ဆော်တတ်သည်၏ အဖြစ် 'သဉ္စေတယိတတ္တ' သည် ရှိ၏။ ဤသဘောကို ပြုစီရင်မှု 'သင်္ခါရ' ဟု ဆိုအပ်၏။

**(၂) ဝိညာဏ်**

ထိုအင်္ဂါ ၁၀-ပါးတို့တွင် အဘယ်သည် ပြုစီရင်မှု 'သင်္ခါရ' ကြောင့်ဖြစ်သောသိမှု 'ဝိညာဏ်' မည်သနည်း။

အကြင်ဆန်းကြယ်သောသဘော 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ်အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကိုပြုစီရင်မှု 'သင်္ခါရ'ကြောင့် ဖြစ်သော သိမှု 'ဝိညာဏ်' ဟု ဆိုအပ်၏။ပ။ (*) ထို့ကြောင့် "ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည်ဖြစ်၏"ဟု ဆိုအပ်၏။

------

# ပဋိစ္စသမုပ္ပါဒဝိဘင်

## အဟိတ်ကြိယာပဉ္စဒွါရာဝဇ္ဇန်းစိတ်၌ ပဋိစ္စသမုပ္ပါဒ် လှည့်နည်း

### ၁ - ပစ္စယစတုက္ကနည်း

၃၃၀။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။

အကြင်အခါ၌ ကုသိုလ်လည်း မဟုတ် အကုသိုလ်လည်း မဟုတ်သော ကံ၏အကျိုးလည်း မဟုတ်သော ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော ရူပါရုံကိုလည်း အာရုံပြုသော။ပ။ ဖောဋ္ဌဗ္ဗာရုံကိုလည်း အာရုံ ပြုသော ပြုကာမျှသဘော 'ကြိယာ' ဖြစ်သော ပဉ္စဒွါရာဝဇ္ဇန်းခေါ် မနောဓာတ်သည် ဖြစ်ဆဲဖြစ်၏။ပ။ (*)

------

# ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ

## အဟိတ်ကြိယာဟသိတုပ္ပါဒ်စိတ်၌ ပဋိစ္စသမုပ္ပါဒ် လှည့်နည်း

### ၁ - ပစ္စယစတုက္ကနည်း

(အကြင်အခါ၌) ကုသိုလ်လည်းမဟုတ် အကုသိုလ်လည်းမဟုတ်သော၊ ကံ၏ အကျိုးလည်း မဟုတ်သော၊ သောမနဿဝေဒနာနှင့် တကွဖြစ်သော၊ ရူပါရုံကိုလည်း အာရုံပြုသော။ပ။ ဓမ္မာရုံကိုလည်း အာရုံပြုသော ပြကာမျှ သဘော 'ကြိယာ' ဖြစ်သော ဟသိတုပ္ပါဒ်ခေါ် မနောဝိညာဏဓာတ်သည် ဖြစ်ဆဲ ဖြစ်၏။ပ။ (*)

------

# ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ

## အဟိတ်ကြိယာမနောဒွါရာဝဇ္ဇာန်းစိတ်၌ ပဋိစ္စသမုပ္ပါဒ်လှည့်နည်း

### ၁ - ပစ္စယစတုက္ကနည်း

(အကြင်အခါ၌) ကုသိုလ်လည်း မဟုတ် အကုသိုလ်လည်း မဟုတ်သော ကံ၏အကျိုးလည်း မဟုတ်သော ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော ရူပါရုံကိုလည်း အာရုံပြုသော။ပ။ ဓမ္မာရုံကိုလည်း အာရုံပြုသော၊ အမှတ်မရှိသော အာရုံကိုလည်း အာရုံပြု၍ဖြစ်သော ပြကာမျှသဘော 'ကြိယာ' ဖြစ်သော မနောဒွါရာဝဇ္ဇာန်း ခေါ်မနောဝိညာဏဓာတ်သည် ဖြစ်ဆဲဖြစ်၏။ပ။ (*)

(၁) ထိုအခါ၌ ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၂) သိမှု 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏။

(၃) နာမ်ကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၄) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၅) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၆) ခံစားမှု 'ဝေဒနာ' ကြောင့် ဆုံးဖြတ်မှု 'အဓိမောက္ခ' သည် ဖြစ်၏။

(၇) ဆုံးဖြတ်မှု 'အဓိမောက္ခ' ကြောင့် ဘဝသည် ဖြစ်၏။

(၈) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၉) ဇာတိကြောင့်-

(၁၀) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည်ဖြစ်၏။

------

# ပဋ္ဌာနသမုပ္ပါဒဝိဘင်္ဂ

## မဟာကြိယာစိတ် ၈-ခုတို့၌ ပဋိစ္စသမုပ္ပါဒ် လှည့်နည်း

### ၁ - ပစ္စယစတုက္ကနည်း

၃၃၁။ အဗျာကတ တရားတို့သည် အဗျာကတ မည်ကုန်သနည်း။

အကြင်အခါ၌ ကုသိုလ်လည်းမဟုတ် အကုသိုလ်လည်း မဟုတ်သော၊ ကံ၏ အကျိုးလည်း မဟုတ်သော၊ သောမနဿဝေဒနာနှင့် တကွဖြစ်သော၊ ဉာဏ်နှင့်ယှဉ်သော၊ (တိုက်တွန်းခြင်း မရှိသော) ကြိယာမနောဝိညာဏဓာတ်သည် ဖြစ်ဆဲဖြစ်၏။ပ။

သောမနဿဝေဒနာနှင့်တကွဖြစ်သော၊ ဉာဏ်နှင့်ယှဉ်သော၊ တိုက်တွန်းခြင်းနှင့် တကွဖြစ်သော။ပ။

သောမနဿဝေဒနာနှင့်တကွဖြစ်သော၊ ဉာဏ်နှင့်မယှဉ်သော။ပ။

သောမနဿဝေဒနာနှင့်တကွဖြစ်သော၊ ဉာဏ်နှင့်မယှဉ်သော၊ တိုက်တွန်းခြင်းနှင့် တကွဖြစ်သော။ပ။

ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော၊ ဉာဏ်နှင့်ယှဉ်သော။ပ။

ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော၊ ဉာဏ်နှင့်ယှဉ်သော၊ တိုက်တွန်းခြင်းနှင့် တကွဖြစ်သော။ပ။

ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော၊ ဉာဏ်နှင့်မယှဉ်သော။ပ။

ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော၊ ဉာဏ်နှင့်မယှဉ်သော၊ တိုက်တွန်းခြင်းနှင့် တကွဖြစ်သော၊ ရူပါရုံကိုလည်း အာရုံပြုသော။ပ။ ဓမ္မာရုံကိုလည်း အာရုံပြုသော၊ အမှတ်မရှိသော အာရုံကိုလည်း အာရုံပြု၍ဖြစ်သော ကြိယာမနောဝိညာဏဓာတ်သည် ဖြစ်ဆဲဖြစ်၏။

(၁) ထိုအခါ၌ ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၂) သိမှု 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏။

(၃) နာမ်ကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၄) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၅) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၆) ခံစားမှု 'ဝေဒနာ' ကြောင့် ကြည်လင်မှု 'သဒ္ဓါ' သည် ဖြစ်၏။

(၇) ကြည်လင်မှု 'သဒ္ဓါ' ကြောင့် ဆုံးဖြတ်မှု 'အဓိမောက္ခ' သည် ဖြစ်၏။

(၈) ဆုံးဖြတ်မှု 'အဓိမောက္ခ' ကြောင့် ဘဝသည် ဖြစ်၏။

(၉) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၁၀) ဇာတိကြောင့်-

(၁၁) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

------

# ပဋ္ဌာနသမုပ္ပါဒဝိဘင်

## ရူပါဝစရကြိယာစိတ်ငါးခု၌ ပဋိစ္စသမုပ္ပါဒ် လှည့်နည်း

### ၁ - ပစ္စယစတုက္ကနည်း

၃၃၂။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။

အကြင်အခါ၌ ကုသိုလ်လည်း မဟုတ် အကုသိုလ်လည်း မဟုတ်သော၊ ကံ၏အကျိုးလည်း မဟုတ်သော၊ မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေရကြောင်းဖြစ်သော၊ ကြိယာဖြစ်သော ရူပါဝစရဈာန်ကို ပွါးများ အားထုတ်၏။ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ပထဝီကသိုဏ်းကို အာရုံပြုသော ပဉ္စမဈာန် ကို ပြည့်စုံစေ၍ နေ၏။

(၁) ထိုအခါ၌ ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၂) သိမှု 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏။

(၃) နာမ်ကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၄) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၅) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၆) ခံစားမှု 'ဝေဒနာ' ကြောင့် ကြည်လင်မှု 'သဒ္ဓါ' သည် ဖြစ်၏။

(၇) ကြည်လင်မှု 'သဒ္ဓါ' ကြောင့် ဆုံးဖြတ်မှု 'အဓိမောက္ခ' သည် ဖြစ်၏။

(၈) ဆုံးဖြတ်မှု 'အဓိမောက္ခ' ကြောင့် ဘဝသည် ဖြစ်၏။

(၉) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၁၀) ဇာတိကြောင့်-

(၁၁) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

------

# ပဋ္ဌာနပါဠိ ပဋိစ္စသမုပ္ပါဒဝိဘင်

## အရူပါဝစရစိတ်လေးခု၌ ပဋိစ္စသမုပ္ပါဒ် လှည့်နည်း

## (၁) ပစ္စယစတုက္ကနည်း

၃၃၃။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။

အကြင်အခါ၌ ကုသိုလ်လည်း မဟုတ် အကုသိုလ်လည်း မဟုတ်သော၊ ကံ၏အကျိုးလည်း မဟုတ်သော၊ မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေရကြောင်းဖြစ်သော၊ ကြိယာဖြစ်သော အရူပါဝစရဈာန်ကို ပွါးများ အားထုတ်၏။ အာကိဉ္စညာယတနဈာန်ကို လုံးဝလွန်မြောက်၍ နေဝသညာနာသညာ ယတနသညာနှင့် တကွဖြစ်သော ချမ်းသာခြင်း 'သုခ' ကိုလည်း ပယ်ခြင်းကြောင့်။ပ။ စတုတ္ထဈာန်ကို ပြည့်စုံစေ၍ နေ၏။

(၁) ထိုအခါ၌ ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၂) သိမှု 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏။

(၃) နာမ်ကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၄) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၅) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၆) ခံစားမှု 'ဝေဒနာ' ကြောင့် ကြည်လင်မှု 'သဒ္ဓါ' သည် ဖြစ်၏။

(၇) ကြည်လင်မှု 'သဒ္ဓါ' ကြောင့် ဆုံးဖြတ်မှု 'အဓိမောက္ခ' သည် ဖြစ်၏။

(၈) ဆုံးဖြတ်မှု 'အဓိမောက္ခ' ကြောင့် ဘဝသည် ဖြစ်၏။

(၉) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၁၀) ဇာတိကြောင့်-

(၁၁) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

**အဗျာကတတရားတို့၌ ပဋိစ္စသမုပ္ပါဒ်လှည့်နည်း ပြီး၏**

------

# ပဋ္ဌာန်းစ္စသမုပ္ပါဒဝိဘင်

## ၁၂ - အဝိဇ္ဇာမူလက ကုသလနိဒ္ဒေသ

## နည်းတစ်မျိုးဖြင့် ကုသိုလ်တရားတို့၌ ပဋိစ္စသမုပ္ပါဒ် လှည့်နည်း

## ၁ - မဟာကုသိုလ် ပဌမစိတ်၌ ပဋိစ္စသမုပ္ပါဒ် လှည့်နည်း

### ပဌမပစ္စယဝါရ

၃၃၄။ အဘယ်တရားတို့သည် ကုသိုလ် မည်ကုန်သနည်း။

အကြင်အခါ၌ သောမနဿဝေဒနာနှင့် တကွဖြစ်သော၊ ဉာဏ်နှင့်ယှဉ်သော၊ ရူပါရုံကိုလည်း အာရုံပြုသော။ပ။ ဓမ္မာရုံကိုလည်း အာရုံပြုသော၊ အမှတ်မရှိသော အာရုံကိုလည်း အာရုံပြု၍ ဖြစ်သော ကာမာဝစရကုသိုလ်စိတ်သည် ဖြစ်ဆဲဖြစ်၏။

(၁) ထိုအခါ၌ မသိမှု 'အဝိဇ္ဇာ' ကြောင့် ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည်ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏။

(၄) နာမ်ကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၅) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့် ကြည်လင်မှု 'သဒ္ဓါ' သည် ဖြစ်၏။

(၈) ကြည်လင်မှု 'သဒ္ဓါ' ကြောင့် ဆုံးဖြတ်မှု 'အဓိမောက္ခ' သည် ဖြစ်၏။

(၉) ဆုံးဖြတ်မှု 'အဓိမောက္ခ' ကြောင့် ဘဝသည် ဖြစ်၏။

(၁၀) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၁၁) ဇာတိကြောင့်-

(၁၂) အိုခြင်း၊ သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။

ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှား ဖြစ်ပေါ်မှုသည် ဖြစ်၏။

------

# ပဋ္ဌာန်းစွ္သမုပ္ပါဒဝိဘင်္ဂ

## အင်္ဂါ ၁၂-ပါး အကျယ်

၃၃၅။ **(၁) သင်္ခါရ**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် မသိမှု 'အဝိဇ္ဇာ' ကြောင့်ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ' မည် သနည်း။

အကြင် စေ့ဆော်ခြင်း 'စေတနာ'၊ ကောင်းစွာစေ့ဆော်ခြင်း 'သဉ္စေတနာ'၊ ကောင်းစွာ စေ့ဆော် တတ်သည်၏ အဖြစ် 'သဉ္စေတယိတတ္တ' သည် ရှိ၏။ ဤသဘောကို မသိမှု 'အဝိဇ္ဇာ' ကြောင့်ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ' ဟု ဆိုအပ်၏။ပ။ ဤသဘောကို ခြောက်ခုမြောက် 'မနာယတန' ကြောင့်ဖြစ်သော တွေ့ထိမှု 'ဖဿ' ဟု ဆိုအပ်၏။

**(၆) ဝေဒနာ**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သောခံစားမှု 'ဝေဒနာ' မည် သနည်း။

အကြင် စိတ်၌ ဖြစ်သော သာယာမှု ၊ စိတ်၌ ဖြစ်သော ချမ်းသာမှု ၊ စိတ်အတွေ့ကြောင့် ဖြစ်သော သာယာဖွယ် ကောင်းသော ချမ်းသာသော ခံစားခြင်း၊ စိတ်အတွေ့ကြောင့် ဖြစ်သော သာယာဖွယ် ကောင်းသော ချမ်းသာသော ခံစားမှု သဘောသည် ရှိ၏။ ဤသဘောကို တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' ဟု ဆိုအပ်၏။

**(၇) သဒ္ဓါ**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် ခံစားမှု 'ဝေဒနာ' ကြောင့်ဖြစ်သောကြည်လင်မှု 'သဒ္ဓါ' မည် သနည်း။

အကြင် ယုံကြည်မှု 'သဒ္ဓါ'၊ ယုံကြည်သောအခြင်းအရာ 'သဒ္ဒဟနာ'၊ သက်ဝင်ခြင်း 'ဩကပ္ပနာ'၊ အလွန် ကြည်လင်မှု 'အဘိပ္ပသာဒ' သည် ရှိ၏။ ဤသဘောကို ခံစားမှု 'ဝေဒနာ'ကြောင့် ဖြစ်သော ကြည်လင်မှု 'သဒ္ဓါ' ဟု ဆိုအပ်၏။

**(၈) အဓိမောက္ခ**

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် ယုံကြည်မှု 'သဒ္ဓါ' ကြောင့်ဖြစ်သောဆုံးဖြတ်မှု 'အဓိမောက္ခ' မည် သနည်း။

အကြင် စိတ်၏ အာရုံကိုဆုံးဖြတ်မှု 'အဓိမောက္ခ'၊ ဆုံးဖြတ်သောအခြင်းအရာ 'အဓိမုစ္စနာ'၊ ထို (အာရုံ) ကို ဆုံးဖြတ်တတ်သည်၏အဖြစ် 'တဒဓိမုတ္တတာ' သည် ရှိ၏။ ဤသဘောကို ကြည်လင်မှု 'သဒ္ဓါ' ကြောင့်ဖြစ်သော ဆုံးဖြတ်မှု 'အဓိမောက္ခ' ဟု ဆိုအပ်၏၊

(၉) ဘဝ

ထိုအင်္ဂါ ၁၂-ပါးတို့တွင် အဘယ်သည် ဆုံးဖြတ်မှု 'အဓိမောက္ခ'ကြောင့်ဖြစ်သောဘဝ မည်သနည်း။

ဆုံးဖြတ်မှု 'အဓိမောက္ခ' ကို ထား၍ ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရက္ခန္ဓာ'၊ သိမှု အစု 'ဝိညာဏက္ခန္ဓာ' သည် ရှိ၏။ ဤသဘောကို ဆုံးဖြတ်မှု 'အဓိမောက္ခ' ကြောင့်ဖြစ်သော ဘဝဟု ဆိုအပ်၏။ပ။

ထို့ကြောင့် "ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည်ဖြစ်၏"ဟု ဆိုအပ်၏။

------

# ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ

## ဒုတိယပစ္စယဝါရ

၃၃၆။ (၁) ထိုအခါ၌ မသိမှု 'အဝိဇ္ဇာ' ကြောင့် ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည်ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏။

(၄) နာမ်ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၅) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၆) ခံစားမှု 'ဝေဒနာ' ကြောင့် ယုံကြည်မှု 'သဒ္ဓါ' သည် ဖြစ်၏။

(၇) ယုံကြည်မှု 'သဒ္ဓါ' ကြောင့် ဆုံးဖြတ်မှု 'အဓိမောက္ခ' သည် ဖြစ်၏။

(၈) ဆုံးဖြတ်မှု 'အဓိမောက္ခ' ကြောင့် ဘဝသည် ဖြစ်၏။

(၉) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၁၀) ဇာတိကြောင့်-

(၁၁) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

------

# ပဋိစ္စသမုပ္ပါဒ၀ိဘင်္ဂ

## တတိယပစ္စယ၀ါရ

၃၃၇။ (၁) ထိုအခါ၌ မသိမှု 'အဝိဇ္ဇာ' ကြောင့် ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့် နာမ်ရုပ်သည် ဖြစ်၏။

(၄) နာမ်ရုပ်ကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၅) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့် ကြည်လင်မှု 'သဒ္ဓါ' သည် ဖြစ်၏။

(၈) ကြည်လင်မှု 'သဒ္ဓါ' ကြောင့် ဆုံးဖြတ်မှု 'အဓိမောက္ခ' သည် ဖြစ်၏။

(၉) ဆုံးဖြတ်မှု 'အဓိမောက္ခ' ကြောင့် ဘဝသည် ဖြစ်၏။

(၁၀) ဘဝကြောင့် ဇာတိသည်ဖြစ်သည်။

(၁၁) ဇာတိကြောင့်-

(၁၂) အိုခြင်း၊ သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

------

# ပဋ္ဌာန်းစသမုပ္ပါဒဝိဘင်္ဂ

## စတုတ္ထပစ္စယဝါရ

၃၃၈။ (၁) ထိုအခါ၌ မသိမှု 'အဝိဇ္ဇာ' ကြောင့် ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည်ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့် နာမ်ရုပ်သည် ဖြစ်၏။

(၄) နာမ်ရုပ်ကြောင့် အာယတနခြောက်ပါးသည် ဖြစ်၏။

(၅) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့် ကြည်လင်မှု 'သဒ္ဓါ' သည် ဖြစ်၏။

(၈) ကြည်လင်မှု 'သဒ္ဓါ' ကြောင့် ဆုံးဖြတ်မှု 'အဓိမောက္ခ' သည် ဖြစ်၏။

(၉) ဆုံးဖြတ်မှု 'အဓိမောက္ခ' ကြောင့် ဘဝသည် ဖြစ်၏။

(၁၀) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၁၁) ဇာတိကြောင့်-

(၁၂) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။

ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

------

# ပဋ္ဌာန်းသမုပ္ပါဒဝိဘင်္ဂ

## (၂-၈) မဟာကုသိုလ်ဒုတိယစိတ်စသည်တို့၌ ပဋိစ္စသမုပ္ပါဒ် လှည့်နည်း

၃၃၉။ အဘယ်တရားတို့သည် ကုသိုလ် မည်ကုန်သနည်း။

အကြင်အခါ၌ သောမနဿဝေဒနာနှင့် တကွဖြစ်သော၊ ဉာဏ်နှင့်ယှဉ်သော၊ တိုက်တွန်းခြင်းနှင့် တကွဖြစ်သော ကာမာဝစရကုသိုလ်စိတ်သည် ဖြစ်ဆဲဖြစ်၏။ပ။

သောမနဿဝေဒနာနှင့် တကွဖြစ်သော၊ ဉာဏ်နှင့်မယှဉ်သော။ပ။

သောမနဿဝေဒနာနှင့်တကွဖြစ်သော၊ ဉာဏ်နှင့်မယှဉ်သော၊ တိုက်တွန်းခြင်းနှင့် တကွဖြစ်သော။ပ။

ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော၊ ဉာဏ်နှင့်ယှဉ်သော။ပ။

ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော၊ ဉာဏ်နှင့်ယှဉ်သော၊ တိုက်တွန်းခြင်းနှင့် တကွဖြစ်သော။ပ။

ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော၊ ဉာဏ်နှင့်မယှဉ်သော။ပ။

ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော၊ ဉာဏ်နှင့်မယှဉ်သော၊ တိုက်တွန်းခြင်းနှင့်တကွဖြစ်သော၊ ရူပါရုံကိုလည်း အာရုံပြုသော။ပ။ ဓမ္မာရုံကိုလည်း အာရုံပြုသော၊ အမှတ်မရှိသော အာရုံကိုလည်း အာရုံပြု၍ ဖြစ်သော ကာမာဝစရကုသိုလ်စိတ်သည် ဖြစ်ဆဲဖြစ်၏။

(၁) ထိုအခါ၌ မသိမှု 'အဝိဇ္ဇာ' ကြောင့် ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏။

(၄) နာမ်ကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၅) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့် ကြည်လင်မှု 'သဒ္ဓါ' သည် ဖြစ်၏။

(၈) ကြည်လင်မှု 'သဒ္ဓါ' ကြောင့် ဆုံးဖြတ်မှု 'အဓိမောက္ခ' သည် ဖြစ်၏။

(၉) ဆုံးဖြတ်မှု 'အဓိမောက္ခ' ကြောင့် ဘဝသည် ဖြစ်၏။

(၁၀) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၁၁) ဇာတိကြောင့်-

(၁၂) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည်ဖြစ်၏။

------

# ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ

## ရူပါဝစရကုသိုလ်စိတ်၌ ပဋိစ္စသမုပ္ပါဒ် လှည့်နည်း

၃၄၀။ အဘယ်တရားတို့သည် ကုသိုလ် မည်ကုန်သနည်း။

အကြင်အခါ၌ ရူပဘုံ၌ ဖြစ်ရန် ရောက်ကြောင်း (ဈာန်) ကို ပွါးများအားထုတ်၏၊ ကာမတို့မှ ကင်းဆိတ်၍ သာလျှင်။ပ။ ပထဝီကသိုဏ်းကို အာရုံပြုသော ပဌမဈာန်ကို ပြည့်စုံစေ၍ နေ၏။

(၁) ထိုအခါ၌ မသိမှု 'အဝိဇ္ဇာ' ကြောင့် ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏။

(၄) နာမ်ကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၅) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့် ကြည်လင်မှု 'သဒ္ဓါ' သည် ဖြစ်၏။

(၈) ကြည်လင်မှု 'သဒ္ဓါ' ကြောင့် ဆုံးဖြတ်မှု 'အဓိမောက္ခ' သည် ဖြစ်၏။

(၉) ဆုံးဖြတ်မှု 'အဓိမောက္ခ' ကြောင့် ဘဝသည် ဖြစ်၏။

(၁၀) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၁၁) ဇာတိကြောင့်-

(၁၂) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

------

# ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ

## အရူပါဝစရကုသိုလ်စိတ်၌ ပဋိစ္စသမုပ္ပါဒ် လှည့်နည်း

၃၄၁။ အဘယ်တရားတို့သည် ကုသိုလ် မည်ကုန်သနည်း။

အကြင် အခါ၌ အရူပဘုံ၌ ဖြစ်ရန် ရောက်ကြောင်း ဈာန်ကို ပွါးများ အားထုတ်၏၊ အာကိဉ္စညာယတနဈာန်ကို လုံးဝ လွန်မြောက်၍ နေဝသညာနာသညာယတန သညာနှင့် တကွဖြစ်သော၊ ချမ်းသာခြင်း 'သုခ'ကို လည်း ပယ်ခြင်းကြောင့်။ပ။ စတုတ္ထဈာန်ကို ပြည့်စုံစေ၍ နေ၏။

(၁) ထိုအခါ၌ မသိမှု 'အဝိဇ္ဇာ' ကြောင့် ပြုစီရင်မှု, သင်္ခါရ' သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏။

(၄) နာမ်ကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၅) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့် ကြည်လင်မှု 'သဒ္ဓါ' သည် ဖြစ်၏။

(၈) ကြည်လင်မှု 'သဒ္ဓါ' ကြောင့် ဆုံးဖြတ်မှု 'အဓိမောက္ခ' သည် ဖြစ်၏။

(၉) ဆုံးဖြတ်မှု 'အဓိမောက္ခ' ကြောင့် ဘဝသည် ဖြစ်၏။

(၁၀) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၁၁) ဇာတိကြောင့်-

(၁၂) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

------

# ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ

## လောကုတ္တရာကုသိုလ်စိတ်၌ ပဋိစ္စသမုပ္ပါဒ် လှည့်နည်း

၃၄၂။ အဘယ်တရားတို့သည် ကုသိုလ် မည်ကုန်သနည်း။

အကြင်အခါ၌ သက္ကာယဒိဋ္ဌိစသော မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဘုံ (သောတာပန်အဆင့်) သို့ရောက်ရန် ဝဋ်ဆင်းရဲမှ လွတ်မြောက် တတ်သော၊ နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်သော လောကုတ္တရာစျာန်တရားကို ပွါးများ အားထုတ်၏။ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲသော အကျင့်ရှိသော, နှံ့နှေးသော အသိဉာဏ်ရှိသော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။

(၁) ထိုအခါ၌ မသိမှု 'အဝိဇ္ဇာ' ကြောင့် ပြုစီရင်မှု, သင်္ခါရ' သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏။

(၄) နာမ်ကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၅) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့် ကြည်လင်မှု 'သဒ္ဓါ' သည် ဖြစ်၏။

(၈) ကြည်လင်မှု 'သဒ္ဓါ' ကြောင့် ဆုံးဖြတ်မှု 'အဓိမောက္ခ' သည် ဖြစ်၏။

(၉) ဆုံးဖြတ်မှု 'အဓိမောက္ခ' ကြောင့် ဘဝသည် ဖြစ်၏။

(၁၀) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၁၁) ဇာတိကြောင့်-

(၁၂) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။

ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ဤတရားတို့၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

**အဝိဇ္ဇာမူလကကုသလနိဒ္ဒေသ ပြီး၏**

------

# ပဋ္ဌာန်းစွာသမုပ္ပါဒဝိဘင်

## (၁၃) ကုသလမူလကဝိပါကနိဒ္ဒေသ

## ကုသလဝိပါက်စိတ်တို့၌ ပဋိစ္စသမုပ္ပါဒ် လှည့်နည်း

## အဟိတ်ကုသလဝိပါက် စက္ခုဝိညာဏ်စိတ်၌ ပဋိစ္စသမုပ္ပါဒ် လှည့်နည်း

၃၄၃။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။

အကြင်အခါ၌ ကာမာဝစရကုသိုလ်ကံကို ပြုခဲ့ဆည်းပူးခဲ့၍ ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော၊ ရူပါရုံကိုအာရုံပြုသော အကျိုးဖြစ်သော စက္ခုဝိညာဏ်စိတ်သည် ဖြစ်ဆဲဖြစ်၏။

(၁) ထိုအခါ၌ ကုသိုလ်မူလကြောင့် ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏။

(၄) နာမ်ကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၅) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့် ဘဝသည် ဖြစ်၏။

(၈) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၉) ဇာတိကြောင့်-

(၁၀) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

------

## အင်္ဂါ ၁၀-ပါး အကျယ်

၃၄၄။ ထိုအင်္ဂါ၁၀-ပါးတို့တွင် အဘယ်သည် ကုသိုလ်မူလကြောင့်ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ' မည်သနည်း။

အကြင် စေ့ဆော်မှု 'စေတနာ'၊ ကောင်းစွာစေ့ဆော်မှု 'သဉ္စေတနာ'၊ ကောင်းစွာ စေ့ဆော်တတ်သည်၏ အဖြစ် 'သဉ္စေတယိတတ္တ' သည် ရှိ၏။ ဤသဘောကို ကုသိုလ်မူလကြောင့်ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ' ဟု ဆိုအပ်၏။ပ။

ထို့ကြောင့် "ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏" ဟု ဆိုအပ်၏။

------

# ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ

## အဟိတ်ကုသလဝိပါက် သောတဝိညာဏ်စိတ် စသည်တို့၌ ပဋိစ္စသမုပ္ပါဒ် လှည့်နည်း

၃၄၅။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။

အကြင်အခါ၌ ကာမာဝစရကုသိုလ်ကံကို ပြုခဲ့ ဆည်းပူးခဲ့၍ ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော၊ သဒ္ဒါရုံကိုလည်း အာရုံပြုသော၊ အကျိုးဖြစ်သော သောတဝိညာဏ်စိတ်သည် ဖြစ်ဆဲဖြစ်၏။ပ။

ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော၊ ဂန္ဓာရုံကိုလည်း အာရုံပြုသော၊ ဃာနဝိညာဏ်စိတ်သည် ဖြစ်ဆဲဖြစ်၏။ပ။

ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော၊ ရသာရုံကိုလည်း အာရုံပြုသော ဇိဝှာဝိညာဏ်စိတ်သည် ဖြစ်ဆဲဖြစ်၏။ပ။

သုခဝေဒနာနှင့် တကွဖြစ်သော၊ ဖောဋ္ဌဗ္ဗာရုံကိုလည်း အာရုံပြုသော၊ ကာယဝိညာဏ်စိတ်သည် ဖြစ်ဆဲ ဖြစ်၏။ပ။

ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော၊ ရူပါရုံကိုလည်း အာရုံပြုသော။ပ။ ဖောဋ္ဌဗ္ဗာရုံကိုလည်း အာရုံပြုသော သမ္ပဋိစ္ဆိုန်းခေါ် မနောဓာတ်သည် ဖြစ်ဆဲဖြစ်၏။ပ။

သောမနဿဝေဒနာနှင့် တကွဖြစ်သော၊ ရူပါရုံကိုလည်း အာရုံပြုသော။ပ။ ဓမ္မာရုံကိုလည်း အာရုံပြုသော သန္တီရဏခေါ် မနောဝိညာဏဓာတ်သည် ဖြစ်ဆဲဖြစ်၏။ပ။

ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော၊ ရူပါရုံကိုလည်း အာရုံပြုသော။ပ။ ဓမ္မာရုံကိုလည်း အာရုံပြုသော၊ အမှတ်မရှိသော အာရုံကိုလည်း အာရုံပြု၍ဖြစ်သော သန္တီရဏခေါ် မနောဝိညာဏဓာတ်သည် ဖြစ်ဆဲဖြစ်၏။

(၁) ထိုအခါ၌ ကုသိုလ်မူလကြောင့် ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏။

(၄) နာမ်ကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၅) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့် ဆုံးဖြတ်မှု 'အဓိမောက္ခ' သည် ဖြစ်၏။

(၈) ဆုံးဖြတ်မှု 'အဓိမောက္ခ' ကြောင့် ဘဝသည် ဖြစ်၏။

(၉) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၁၀) ဇာတိကြောင့်-

(၁၁) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

------

# ပဋိစ္စသမုပ္ပါဒဝိဘင်

## မဟာဝိပါက်စိတ် ၈-ခုတို့၌ ပဋိစ္စသမုပ္ပါဒ် လှည့်နည်း

၃၄၆။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။

အကြင်အခါ၌ ကာမာဝစရကုသိုလ်ကံကို ပြုခဲ့ ဆည်းပူးခဲ့၍ သောမနဿဝေဒနာနှင့် တကွဖြစ်သော၊ ဉာဏ်နှင့် ယှဉ်သော၊ (တိုက်တွန်းခြင်းမရှိသော)၊ အကျိုးဖြစ်သော မနောဝိညာဏဓာတ်သည် ဖြစ်ဆဲဖြစ်၏။ပ။

သောမနဿဝေဒနာနှင့် တကွဖြစ်သော၊ ဉာဏ်နှင့်ယှဉ်သော၊ တိုက်တွန်းခြင်းနှင့် တကွဖြစ်သော။ပ။

သောမနဿဝေဒနာနှင့် တကွဖြစ်သော၊ ဉာဏ်နှင့်မယှဉ်သော၊ (တိုက်တွန်းခြင်းမရှိသော)။ပ။

သောမနဿဝေဒနာနှင့်တကွဖြစ်သော၊ ဉာဏ်နှင့်မယှဉ်သော၊ တိုက်တွန်းခြင်းနှင့် တကွဖြစ်သော။ပ။

ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော၊ ဉာဏ်နှင့်ယှဉ်သော၊ (တိုက်တွန်းခြင်းမရှိသော)။ပ။

ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော၊ ဉာဏ်နှင့်ယှဉ်သော၊ တိုက်တွန်းခြင်းနှင့် တကွဖြစ်သော။ပ။

ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော၊ ဉာဏ်နှင့်မယှဉ်သော၊ (တိုက်တွန်းခြင်းမရှိသော)။ပ။

ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော၊ ဉာဏ်နှင့်မယှဉ်သော၊ တိုက်တွန်းခြင်းနှင့် တကွဖြစ်သော ရူပါရုံကိုလည်း အာရုံပြုသော။ပ။ ဓမ္မာရုံကိုလည်း အာရုံပြုသော၊ အမှတ်မရှိသော အာရုံကိုလည်း အာရုံပြု၍ဖြစ်သော၊ အကျိုးဖြစ်သော မနောဝိညာဏဓာတ်သည် ဖြစ်ဆဲဖြစ်၏။

(၁) ထိုအခါ၌ ကုသိုလ်မူလကြောင့် ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏။

(၄) နာမ်ကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၅) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့် ကြည်လင်မှု 'သဒ္ဓါ' သည် ဖြစ်၏။

(၈) ကြည်လင်မှု 'သဒ္ဓါ' ကြောင့် ဆုံးဖြတ်မှု 'အဓိမောက္ခ' သည် ဖြစ်၏။

(၉) ဆုံးဖြတ်မှု 'အဓိမောက္ခ' ကြောင့် ဘဝသည် ဖြစ်၏။

(၁၀) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၁၁) ဇာတိကြောင့်-

(၁၂) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

------

# ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ

## ရူပါဝစရဝိပါက်စိတ်တို့၌ ပဋိစ္စသမုပ္ပါဒ် လှည့်နည်း

၃၄၇။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။

အကြင်အခါ၌ ရူပဘုံ၌ ဖြစ်ရန် ရောက်ကြောင်း ဈာန်ကို ပွါးများအားထုတ်၏။ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ပထဝီကသိုဏ်းကို အာရုံပြုသော ပဥ္စမဈာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ ဤတရားတို့သည် ကုသိုလ်တရားတို့ မည်ကုန်၏။ ထိုရူပါဝစရကုသိုလ်ကံကိုသာလျှင် ပြုခဲ့ ဆည်းပူးခဲ့၍ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ပထဝီကသိုဏ်းကို အာရုံပြုသော၊ အကျိုးဝိပါက်ဖြစ်သော ပဥ္စမဈာန်ကို ပြည့်စုံစေ၍ နေ၏။

(၁) ထိုအခါ၌ ကုသိုလ်မူလကြောင့် ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏။

(၄) နာမ်ကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၅) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့် ကြည်လင်မှု 'သဒ္ဓါ' သည် ဖြစ်၏။

(၈) ကြည်လင်မှု 'သဒ္ဓါ' ကြောင့် ဆုံးဖြတ်မှု 'အဓိမောက္ခ' သည် ဖြစ်၏။

(၉) ဆုံးဖြတ်မှု 'အဓိမောက္ခ' ကြောင့် ဘဝသည် ဖြစ်၏။

(၁၀) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၁၁) ဇာတိကြောင့်-

(၁၂) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည်ဖြစ်၏။

------

# ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ

## အရူပါဝစရဝိပါက်စိတ်တို့၌ ပဋိစ္စသမုပ္ပါဒ်လှည့်နည်း

၃၄၈။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။

အကြင်အခါ၌ အရူပဘုံ၌ ဖြစ်ရန် ရောက်ကြောင်းစျာန်ကို ပွါးများအားထုတ်၏၊ အာကိဉ္စညာယတန စျာန်ကို လုံးဝလွန်မြောက်၍ နေဝသညာနာသညာယတန သညာနှင့် တကွဖြစ်သော၊ ချမ်းသာခြင်း 'သုခ'ကို လည်း ပယ်ခြင်းကြောင့်။ပ။ စတုတ္ထစျာန်ကို ပြည့်စုံစေ၍ နေ၏၊ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည်ဖြစ်၏။ပ။ မပျံ့လွင့်ခြင်း 'အဝိက္ခေပ' သည် ဖြစ်၏။ ဤတရားတို့သည် ကုသိုလ်တရားတို့ မည်ကုန်၏။ ထိုအရူပါဝစရကုသိုလ်ကံကို သာလျှင် ပြုခဲ့ ဆည်းပူးခဲ့၍၊ အာကိဉ္စညာယတနစျာန်ကို လုံးဝလွန်မြောက်၍ နေဝသညာနာသညာယတန သညာနှင့် တကွဖြစ်သော၊ ချမ်းသာခြင်း 'သုခ'ကိုလည်း ပယ်ခြင်းကြောင့်။ပ။

အကျိုး ဝိပါက်ဖြစ်သော စတုတ္ထစျာန်ကို ပြည့်စုံစေ၍ နေ၏၊

(၁) ထိုအခါ၌ ကုသိုလ်မူလကြောင့် ပြုစီရင်မှု 'သင်္ခါရ'သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်'သည် ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏။

(၄) နာမ်ကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၅) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့် ကြည်လင်မှု 'သဒ္ဓါ' သည် ဖြစ်၏။

(၈) ကြည်လင်မှု 'သဒ္ဓါ' ကြောင့် ဆုံးဖြတ်မှု 'အဓိမောက္ခ' သည် ဖြစ်၏။

(၉) ဆုံးဖြတ်မှု 'အဓိမောက္ခ' ကြောင့် ဘဝသည် ဖြစ်၏။

(၁၀) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၁၁) ဇာတိကြောင့်-

(၁၂) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

------

# ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ

## လောကုတ္တရာဝိပါက်စိတ်တို့၌ ပဋိစ္စသမုပ္ပါဒ် လှည့်နည်း

၃၄၉။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။

အကြင်အခါ၌ သက္ကာယဒိဋ္ဌိစသော မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဘုံ (သောတာပန်အဆင့်) သို့ရောက်ရန် ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော၊ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော လောကုတ္တရာ ဈာန်တရားကို ပွါးများ အားထုတ်၏။ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲသော အကျင့်ရှိသော, နှံ့နှေးသော အသိဉာဏ်ရှိသော ပဌမဈာန်ကို ပြည့်စုံစေ၍ နေ၏၊ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်ခြင်း 'အဝိက္ခေပ' သည် ဖြစ်၏၊ ဤတရားတို့သည် ကုသိုလ်တရားတို့ မည်ကုန်၏။ ထိုလောကုတ္တရာကုသိုလ်ဈာန်ကိုသာလျှင် ပြုခဲ့ ပွါးများအားထုတ်ခဲ့၍ ကာမတို့မှ ကင်းဆိတ်၍ သာလျှင် ။ပ။ ဆင်းရဲသော အကျင့်ရှိသော၊ နှံ့နှေးသော အသိဉာဏ်ရှိသော၊ အတ္တမှဆိတ်သော၊ အကျိုး ဝိပါက် ဖြစ်သော ပဌမဈာန်ကို ပြည့်စုံစေ၍ နေ၏။

(၁) ထိုအခါ၌ ကုသိုလ်မူလကြောင့် ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏။

(၄) နာမ်ကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၅) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့် ကြည်လင်မှု 'သဒ္ဓါ' သည် ဖြစ်၏။

(၈) ကြည်လင်မှု 'သဒ္ဓါ' ကြောင့် ဆုံးဖြတ်မှု 'အဓိမောက္ခ' သည် ဖြစ်၏။

(၉) ဆုံးဖြတ်မှု 'အဓိမောက္ခ' ကြောင့် ဘဝသည် ဖြစ်၏။

(၁၀) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၁၁) ဇာတိကြောင့်-

(၁၂) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။

ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ဤတရားတို့၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

**ကုသိုလ်ဝိပါက်စိတ်တို့၌ ပဋိစ္စသမုပ္ပါဒ်လှည့်နည်း ပြီး၏**

------

# ပဋ္ဌာန်းစတုသမုပ္ပါဒဝိဘင်္ဂ

## ၁၄ - အကုသလမူလကဝိပါကနိဒ္ဒေသ

## အကုသိုလ်ဝိပါက်စိတ်တို့၌ ပဋိစ္စသမုပ္ပါဒ် လှည့်နည်း

## စက္ခုဝိညာဏ်စိတ်၌ ပဋိစ္စသမုပ္ပါဒ် လှည့်နည်း

၃၅၀။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။

အကြင်အခါ၌ အကုသိုလ်ကံကို ပြုခဲ့ဆည်းပူးခဲ့၍ ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော၊ ရူပါရုံကို အာရုံပြုသော၊ အကျိုးဝိပါက်ဖြစ်သော စက္ခုဝိညာဏ်စိတ်သည် ဖြစ်ဆဲဖြစ်၏။

(၁) ထိုအခါ၌ အကုသိုလ်မူလကြောင့် ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏။

(၄) နာမ်ကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၅) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့် ဘဝသည် ဖြစ်၏။

(၈) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၉) ဇာတိကြောင့်-

(၁၀) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည်ဖြစ်၏။

------

## အင်္ဂါ ၁၀-ပါး အကျယ်

၃၅၁။ ထိုအင်္ဂါ၁၀-ပါးတို့တွင် အဘယ်သည် အကုသိုလ်မူလကြောင့်ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ' မည် သနည်း။

အကြင်စေ့ဆော်မှု 'စေတနာ'၊ ကောင်းစွာစေ့ဆော်မှု 'သဉ္စေတနာ'၊ ကောင်းစွာ စေ့ဆော် တတ်သည်၏ အဖြစ် 'သဉ္စေတယိတတ္တ' သည် ရှိ၏။ ဤသဘောကို အကုသိုလ်မူလကြောင့်ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ' ဟု ဆိုအပ်၏။ပ။

ထို့ကြောင့် "ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှား ဖြစ်ပေါ်မှုသည် ဖြစ်၏" ဟု ဆိုအပ်၏။

------

# ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ

## သောတဝိညာဏ်စသည်တို့၌ ပဋိစ္စသမုပ္ပါဒ် လှည့်နည်း

၃၅၂။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။

အကြင်အခါ၌ အကုသိုလ်ကံကို ပြုခဲ့ဆည်းပူးခဲ့၍ ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော၊ သဒ္ဒါရုံကို အာရုံပြုသော အကျိုးဝိပါက်ဖြစ်သော သောတဝိညာဏ်စိတ်သည် ဖြစ်ဆဲဖြစ်၏။ပ။

ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော၊ ဂန္ဓာရုံကို အာရုံပြုသော၊ အကျိုးဝိပါက် ဖြစ်သော ဃာနဝိညာဏ်စိတ်သည် ဖြစ်ဆဲဖြစ်၏။ပ။

ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော၊ ရသာရုံကို အာရုံပြုသော၊ အကျိုးဝိပါက် ဖြစ်သော ဇိဝှါဝိညာဏ်စိတ်သည် ဖြစ်ဆဲဖြစ်၏။ပ။

ဒုက္ခဝေဒနာနှင့် တကွဖြစ်သော၊ ဖောဋ္ဌဗ္ဗာရုံကို အာရုံပြုသော၊ အကျိုးဝိပါက် ဖြစ်သော ကာယဝိညာဏ်စိတ်သည် ဖြစ်ဆဲဖြစ်၏။ပ။

ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော၊ ရူပါရုံကိုလည်း အာရုံပြုသော။ပ။ ဖောဋ္ဌဗ္ဗာရုံကိုလည်း အာရုံပြုသော၊ အမှတ်မရှိသော အာရုံကိုလည်း အာရုံပြုသော သမ္ပဋိစ္ဆိုန်းခေါ် မနောဓာတ်သည် ဖြစ်ဆဲဖြစ်၏။

(၁) ထိုအခါ၌ အကုသိုလ်မူလကြောင့် ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏။

(၄) နာမ်ကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၅) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့် ဆုံးဖြတ်မှု 'အဓိမောက္ခ' သည် ဖြစ်၏။

(၈) ဆုံးဖြတ်မှု 'အဓိမောက္ခ' ကြောင့် ဘဝသည် ဖြစ်၏။

(၉) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၁၀) ဇာတိကြောင့်-

(၁၁) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

------

# ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ

## ဥပေက္ခာသန္တီရဏစိတ်တို့၌ ပဋိစ္စသမုပ္ပါဒ် လှည့်နည်း

၃၅၃။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။

အကြင်အခါ၌ အကုသိုလ်ကံကို ပြုခဲ့ဆည်းပူးခဲ့၍ ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော ရူပါရုံကိုလည်း အာရုံပြုသော။ပ။ ဓမ္မာရုံကိုလည်း အာရုံပြုသော၊ အမှတ်မရှိသော အာရုံကိုလည်း အာရုံပြု၍ ဖြစ်သော၊ အကျိုးဝိပါက်ဖြစ်သော သန္တီရဏခေါ် မနောဝိညာဏဓာတ်သည် ဖြစ်ဆဲဖြစ်၏။

(၁) ထိုအခါ၌ အကုသိုလ်မူလကြောင့် ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏။

(၄) နာမ်ကြောင့် ခြောက်ခုမြောက် (မနာယတန) သည် ဖြစ်၏။

(၅) ခြောက်ခုမြောက် (မနာယတန) ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့် ဆုံးဖြတ်မှု 'အဓိမောက္ခ' သည် ဖြစ်၏။

(၈) ဆုံးဖြတ်မှု 'အဓိမောက္ခ' ကြောင့် ဘဝသည် ဖြစ်၏။

(၉) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၁၀) ဇာတိကြောင့်-

(၁၁) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည်ဖြစ်၏။

------

# ပဋ္ဌာန်းစွဲသမုပ္ပါဒ်ဝိဘင်္ဂ

## အင်္ဂါ ၁၁-ပါး အကျယ်

၃၅၄။ **(၁) သင်္ခါရ**

ထိုအင်္ဂါ ၁၁-ပါးတို့တွင် အဘယ်သည် အကုသိုလ်မူလကြောင့်ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ' မည်သနည်း။

အကြင်စေ့ဆော်မှု 'စေတနာ'၊ ကောင်းစွာစေ့ဆော်မှု 'သဉ္စေတနာ'၊ ကောင်းစွာ စေ့ဆော်တတ်သည်၏ အဖြစ် 'သဉ္စေတယိတတ္တ' သည် ရှိ၏။ ဤသဘောကို အကုသိုလ်မူလကြောင့်ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ'ဟု ဆိုအပ်၏။

**(၂) ဝိညာဏ်**

ထိုအင်္ဂါ ၁၁-ပါးတို့တွင် အဘယ်သည် ပြုစီရင်မှု 'သင်္ခါရ' ကြောင့်ဖြစ်သောသိမှု 'ဝိညာဏ်' မည်သနည်း။

အကြင်ဆန်းကြယ်သောသဘော 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ်အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကို ပြုစီရင်မှု 'သင်္ခါရ'ကြောင့် ဖြစ်သော သိမှု 'ဝိညာဏ်' ဟု ဆိုအပ်၏။

**(၃) နာမ်**

ထိုအင်္ဂါ ၁၁-ပါးတို့တွင် အဘယ်သည် သိမှု 'ဝိညာဏ်' ကြောင့်ဖြစ်သော 'နာမ်' မည်သနည်း။

ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုစီရင်မှု အစု 'သင်္ခါရက္ခန္ဓာ' သည် ရှိ၏။ ဤသဘောကို သိမှု 'ဝိညာဏ်' ကြောင့်ဖြစ်သော နာမ်ဟု ဆိုအပ်၏။

**(၄) မနာယတန**

ထိုအင်္ဂါ ၁၁-ပါးတို့တွင် အဘယ်တရားသည် နာမ်ကြောင့်ဖြစ်သောခြောက်ခုမြောက် 'မနာယတန' မည်သနည်း။

အကြင်ဆန်းကြယ်သောသဘော 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ်အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကို နာမ်ကြောင့်ဖြစ်သော ခြောက်ခုမြောက် 'မနာယတန' ဟု ဆိုအပ်၏။

**(၅) ဖဿ**

ထိုအင်္ဂါ ၁၁-ပါးတို့တွင် အဘယ်သည် ခြောက်ခုမြောက် 'မနာယတန'ကြောင့် ဖြစ်သော တွေ့ထိမှု 'ဖဿ' မည်သနည်း။

အကြင်တွေ့ထိမှု သဘော 'ဖဿ'၊ တွေ့ထိသောအခြင်းအရာ 'ဖုသနာ'၊ ကောင်းစွာ တွေ့ထိသော အခြင်းအရာ 'သမ္ဖုသနာ'၊ ကောင်းစွာတွေ့ထိတတ်သည်၏ အဖြစ် 'သမ္ဖုသိတတ္တ' သည် ရှိ၏။ ဤသဘောကို ခြောက်ခုမြောက် 'မနာယတန' ကြောင့်ဖြစ်သော တွေ့ထိမှု 'ဖဿ' ဟု ဆိုအပ်၏။

## (၆) ဝေဒနာ

ထိုအင်္ဂါ ၁၁-ပါးတို့တွင် အဘယ်သည် တွေ့ထိမှု 'ဖဿ'ကြောင့်ဖြစ်သောခံစားမှု 'ဝေဒနာ' မည်သနည်း။

အကြင်စိတ်၌ ဖြစ်သော သာယာဖွယ်လည်းမဟုတ်, မသာယာဖွယ်လည်းမဟုတ်သော သဘောသည်၊ စိတ်အတွေ့ကြောင့်ဖြစ်သော ဆင်းရဲ, ချမ်းသာမဟုတ်သော ခံစားခြင်းသည်၊ စိတ်အတွေ့ကြောင့်ဖြစ်သော ဆင်းရဲ, ချမ်းသာမဟုတ်သော ခံစားမှု သဘောသည် ရှိ၏။ ဤသဘောကို တွေ့ထိမှု 'ဖဿ' ကြောင့် ဖြစ်သော ခံစားမှု 'ဝေဒနာ' ဟု ဆိုအပ်၏။

## (၇) အဓိမောက္ခ

ထိုအင်္ဂါ ၁၁-ပါးတို့တွင် အဘယ်သည် ခံစားမှု 'ဝေဒနာ' ကြောင့်ဖြစ်သောဆုံးဖြတ်မှု 'အဓိမောက္ခ' မည်သနည်း။

အကြင်စိတ်၏ (အာရုံကို) ဆုံးဖြတ်မှု 'အဓိမောက္ခ'၊ ဆုံးဖြတ်သောအခြင်းအရာ 'အဓိမုစ္စနာ'၊ ထို(အာရုံ) ကို ဆုံးဖြတ်တတ်သည်၏အဖြစ် 'တဒဓိမုတ္တတာ' သည် ရှိ၏။ ဤသဘောကို ခံစားမှု 'ဝေဒနာ' ကြောင့်ဖြစ်သော ဆုံးဖြတ်မှု 'အဓိမောက္ခ'ဟု ဆိုအပ်၏။

## (၈) ဘဝ

ထိုအင်္ဂါ ၁၁-ပါးတို့တွင် အဘယ်သည် ဆုံးဖြတ်မှု 'အဓိမောက္ခ' ကြောင့်ဖြစ်သောဘဝ မည်သနည်း။

ဆုံးဖြတ်မှု 'အဓိမောက္ခ' ကို ထား၍ ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရက္ခန္ဓာ'၊ သိမှု အစု 'ဝိညာဏက္ခန္ဓာ' သည် ရှိ၏။ ဤသဘောကို ဆုံးဖြတ်မှု 'အဓိမောက္ခ'ကြောင့် ဖြစ်သော ဘဝဟု ဆိုအပ်၏။

## (၉) ဇာတိ

ထိုအင်္ဂါ ၁၁-ပါးတို့တွင် အဘယ်သည် ဘဝကြောင့်ဖြစ်သော ဇာတိ မည်သနည်း။

အကြင် ထိုထိုတရားတို့၏ ဖြစ်ပေါ်မှု 'ဇာတိ'၊ ကောင်းစွာဖြစ်ပေါ်မှု 'သဉ္ဇာတိ'၊ အသစ်ဖြစ်ပေါ်မှု 'နိဗ္ဗတ္တိ'၊ တစ်ဖန်အသစ်ဖြစ်ပေါ်မှု 'အဘိနိဗ္ဗတ္တိ'၊ ထင်ရှားဖြစ်ပေါ်မှု 'ပါတုဘာဝ' သည် ရှိ၏။ ဤသဘောကို ဘဝကြောင့်ဖြစ်သော ဇာတိဟု ဆိုအပ်၏။

## (၁၀) ဇရာမရဏ

ထိုအင်္ဂါ ၁၁-ပါးတို့တွင် အဘယ်သည် အိုခြင်း သေခြင်း 'ဇရာမရဏ' မည်သနည်း။

အိုခြင်း 'ဇရာ' သည် ရှိ၏၊ သေခြင်း 'မရဏ' သည် ရှိ၏။ ထိုနှစ်ပါးတို့တွင် အဘယ်သည် အိုခြင်း 'ဇရာ' မည်သနည်း။

အကြင် ထိုထိုတရားတို့၏ အိုခြင်း 'ဇရာ'၊ ရင့်ရော်ခြင်း 'ဇီရဏတာ'၊ အသက်ဆုတ်ယုတ်ခြင်း 'အာယုသံဟာနိ' သည် ရှိ၏။ ဤသဘောကို အိုခြင်း 'ဇရာ' ဟု ဆိုအပ်၏။

ထိုနှစ်ပါးတို့တွင် အဘယ်သည် သေခြင်း 'မရဏ' မည်သနည်း။

အကြင် ထိုထိုတရားတို့၏ ကုန်ခြင်း 'ခယ'၊ ပျက်ခြင်း 'ဝယ'၊ ပြိုကွဲခြင်း 'ဘေဒ'၊ ထက်ဝန်းကျင်ပြိုကွဲခြင်း 'ပရိဘေဒ'၊ မမြဲခြင်း 'အနိစ္စတာ'၊ ကွယ်ပျောက်ခြင်း 'အန္တရဓာန' သည် ရှိ၏။ ဤသဘောကို သေခြင်း 'မရဏ'ဟု ဆိုအပ်၏။ ဤဆိုခဲ့ပြီးသော အိုခြင်း 'ဇရာ', သေခြင်း 'မရဏ' ကိုဇာတိကြောင့်ဖြစ်သော ဇရာမရဏဟု ဆိုအပ်၏။

“ဤဆိုခဲ့ပြီးသော နည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှား ဖြစ်ပေါ်မှု သည်ဖြစ်၏” ဟု ဆိုရာ၌ ဤသို့အလုံးစုံသော ဤဆင်းရဲအစု၏ ရုံးစုခြင်းသည် ဖြစ်၏၊ အညီအညွတ် ရောက်ခြင်းသည် ဖြစ်၏၊ ပေါင်းရုံးခြင်းသည် ဖြစ်၏၊ ထင်ရှား ဖြစ်ခြင်းသည် ဖြစ်၏၊ ထို့ကြောင့် “ဤဆိုအပ်ခဲ့ ပြီးသောနည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှု သည်ဖြစ်၏” ဟု ဆိုအပ်၏။

**အကုသလဝိပါက်စိတ်တို့၌ ပဋိစ္စသမုပ္ပါဒ်လှည့်နည်းပြီးပြီ။**

**အဘိဓမ္မာနည်းဖြင့်ဝေဖန်ဟောကြားသော အဘိဓမ္မာဘာဇနီယနည်း ပြီး၏။**

# ရုပ်နာမ်တရားတို့ကို ပဋိစ္စသမုပ္ပါဒ်နည်းဖြင့် ဝေဖန်ဟောကြားသော

# ပဋိစ္စသမုပ္ပါဒ်ဝိဘင်း ပြီးပြီ။

------